၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

# TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၁၇)

၂၀၁၈ခုနှစ်၊ စက်တင်ဘာ (၅)ရက်

## (၇) နှစ်ပြည့် အထူးထုတ်




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏
ပြည်သူ့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍအား
ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်မှုဖြင့်
ဖြည့်ဆည်းဖော်ဆောင်လျက်ရှိကြသည့် ဦးစီး လုပ်ငန်းဌာနများ၏
တစ်နှစ်တာဆောင်ရွက်ချက်များအား ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်
(၇) နှစ်ပြည့် အထူးထုတ်တွင် ဂုဏ်ပြုတင်ပြအပ်ပါသည်။
အပေါင်းလက္ခဏာဆောင်သော ဌာန၊ ဝန်ထမ်း၊ ပြည်သူတို့အကြား
နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုကို တည်ဆောက်နိုင်သော
စာပေစင်မြင့်တစ်ခုအဖြစ် နာခံကြိုးစားလျက် ...





# စီစဉ်သူ၏ အမှာစကား

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၅)ရက်သည် ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ် သက်တမ်း (၇) နှစ်တင်းတင်း ပြည့်ပြီဖြစ်သည်။ ၂၀၁၁ခုနှစ်က စတင်ခဲ့သည့် "ပို့ဆောင်ရေးသတင်းဂျာနယ်" သည် ၂၀၁၆ခုနှစ်မှာတော့ "ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်"အဖြစ် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခင်က မိသားစုဝင်ဌာန (၁၀)ခုရှိနေရာမှ ယနေ့တွင် (၁၈) ဌာနရှိလာသည်။

ဝန်ကြီးဌာန၏အတွင်းရှိ ဌာနအချင်းချင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အပြန်အလှန်နားလည် စာနာသဘော ပေါက်စေလိုသည်။ မိသားစုဌာနများ၏ ကျရာတာဝန်ကို ကြိုးစားပုံဖော်တာဝန်ကျေစွာထမ်း ရွက်နေကြသည်များ သိစေချင်သည်။ သုတ၊ ရသစာပေများ၊ ဝန်ထမ်းများ၏ လုပ်ငန်းဘဝအတွေ့အကြုံများ၊ သမိုင်းမှတ်တမ်းများကို ရေးစေချင်သည်။ ဖော်ပြစေချင်သည်။ ဤသည်မှာ ပြည်ထောင်စုဝန်ကြီး၏ပြင်းပြလှသည့် ရင်တွင်းဆန္ဒဖြစ်သည်။

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်၏ (၇)နှစ်ပြည့် အထူးထုတ်အား ယခင်နှစ်များကဲ့သို့ ဂျာနယ်စာမျက်နှာ (၃၂)မျက်နှာစလုံးအား ရောင်စုံစာမျက်နှာ အပြည့် ခင်းကျင်းနေရာချထားပေးပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်နေသော်လည်း မူလဈေးအတိုင်း ထားရှိဖြန့်ချိမည်ဖြစ်ပါသည်။

(၇)နှစ်ပြည့်အထိမ်းအမှတ် ပြည်ထောင်စုဝန်ကြီး၏ ဥယျောဖဉ်အားကောက်နှုတ်တင်ပြရပါလျှင်–

- ဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူလူထုထံသို့သတင်းပေးတင်ပြအစီရင်ခံသည့်အဆင့်ထက် ကျော်လွန်စေချင်သည်။ဂျာနယ်တစ်စောင်၏ အရည်အသွေးပြည့်မီစေချင်သည်။
- ဝန်ကြီးဌာန၏လုပ်ဆောင်ချက်များအပြင် ဝန်ထမ်းများ၏ ဘဝခံစားချက်များ၊ ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် ပြည်သူတို့နှင့် အတူရုန်းကန်နေရသည်ကို သိစေချင်သည်။
- ဝန်ထမ်းများသည် ပြည်သူတို့သားသမီးဖြစ်သကဲ့သို့ အစိုးရ၏ လက်ကသုံးတောင်ဝေး၊ ပြည်သူတို့၏ ဝေဒနာကို ပြည်သူတို့နှင့် တစ်သားတည်းမျှဝေခံစားသူဖြစ်စေချင်သည်။ ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ခံစားချက် သဘောထားကိုလည်းတင်ပြနိုင်ရမည်။
- သို့သော် . . . သို့သော်ဆိုရှယ်မီဒီယာတို့၌ တစ်ဖွဲ့နှင့်တစ်ဖွဲ့ပြစ်တင်၊ ငြူစူ၊ စောင်းမြောင်း၊တိုက်ခိုက်နေကြသကဲ့သို့မဖြစ်ချင်ပါ။ တင်ပြသူ ဘက်ကသေချာစေ့ငု၊ လေ့လာအကြံပြုတင်ပြ၊ ရှင်းလင်းသူဘက်က အဖြစ်အပျက်အမှန်ကိုတင်ပြ၊ အကြံပြုချက်ပါသော၊ အပေါင်းလက္ခဏာဆောင်သောဌာန၊ ဝန်ထမ်းပြည် သူတို့အကြားနားလည်ယုံကြည်ရင်းနှီးမှုတည်ဆောက်နိုင်သော စာပေစင်မြင့်တစ်ခုဖြစ်စေချင်ပါသည်။

ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ဖြစ်သည့် ဌာန၊ ဝန်ထမ်း၊ ပြည်သူတို့အားနားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုကို တည်ဆောက်နိုင်သော စာပေစင်မြင့် တည်ဆောက်ကြရာတွင်ပြည်သူများနှင့်တစ်သားတည်း ထိတွေ့နေကြသည့် မိသားစုဝင်ဌာန (၁၈)ခု၏ ထက်မြက်အောင်မြင်သည့် လုပ်ငန်းဆောင်ရွက်မှု အစုစုတို့အား ပန်းနုယ်သီ၊ ပန်းချီချယ်ရေးနှစ်သက်ဖွယ်တေးများကို မော်ကွန်းတင်နိုင်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပြည့်ဖြင့် အသင့်ရှိနေပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

**နီအောင်**
**ဥက္ကဋ္ဌ**
**ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်**
**ထုတ်ဝေရေးကြီးကြပ်မှုကော်မတီ**
**၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ( ၁ )ရက်**

# ပို့ ဆက် သား ကောင်း

## (၇)နှစ်ပြည့် ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်သို့ ဂုဏ်ပြုလျက် . . .



ဇော်မင်းမင်းဦး
(၂၅. ၈. ၂၀၁၈)

- ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး
  အသက်သွေးတမျှ အရေးပါ။
- တိုင်းမြန်မာ စည်ပင်တိုး
  ဖွံ့ဖြိုးဖို့ရာ။
- ထက်အောက်ဝဲယာ တစ်နံတစ်လျား
  ကူးသန်းသွားလာ ချောမွေ့စွာ
  ဆက်သွယ်ရာမှာ လျင်မြန်ခြင်း။
- မိနစ် စက္ကန့်မလပ်အောင်
  ပေးဆပ်ကျေပွန် တာဝန်ထမ်း
  လမ်းသစ်ကိုခင်း။

- ဌာနကြီး ဆယ့်ရှစ်ခု
  စွမ်းဆောင်မှု ကိုယ်စီ။
- ကုန်းလမ်း၊ ရထား၊ လေကြောင်းနဲ့
  ရေကြောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း
  လက်ချင်းယှက်ညီ။
- သတင်းအချက်အလက် နည်းပညာနဲ့
  စာတိုက်၊ ဆက်သွယ်ရေး ရှေ့သို့ချီ
  တို့မြန်ပြည်ရဲ့သားကောင်းများ။
- ဖွံ့ဖြိုးမှု အခြေခံ
  အသွေးအမှန် ပို့ ဆက် ကောင်းပါမှ
  ကျန်ကဏ္ဍတွေ တိုးတက်ပြောင်းနိုင်လိမ့်
  ပေါင်းစည်းဆပွား။

- ကမ္ဘာနဲ့ ရင်ပေါင်တန်း
  တက်လှမ်းရင်း ရှေ့သို့ချီ။
- မရှိသေးရင် ထပ်ဖြည့်ဆောင်း
  မကောင်းသေးရင် ကောင်းအောင်လုပ်
  အားထုတ်ကြမည်။
- ကိုယ့်ဝန်တာ ကိုယ့်အခန်း
  ကိုယ့်လုပ်ငန်း ကိုယ့်စွမ်းရည်
  အဆင့်မီအောင် ကိုယ်တိုင်မြှင့်။
- ဝန်ထမ်းကောင်းတွေနဲ့
  နိုင်ငံကောင်းကို ထုဆစ်သွန်း
  ညွှန်းဖွဲ့ဂုဏ်ဝင့်။

- ပို့ဆောင်ဆက်သွယ် ကိုယ်စားပြု
  ပြည်သူ့အတွက် သတင်းဂျာနယ်။
- ပကာတိ အရှိတရားကို
  ပြည်သူ့ထံ အမှန်ပြောကြား
  နားမျက်စေ့ သဖွယ်။



ကာလောင်အမည် – ဇော်မင်းမင်းဦး၊ အမည် – ဦးဇော်မင်းဦး (ညွှန်ကြားရေးမှူးချုပ်)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိ ။

- ဘယ်သို့ဘယ့်နယ် ပြောင်းလို့
  ဘယ်နည်းဘယ်ပုံကောင်းထက်ကောင်းအောင်
  ထပ်လောင်းကြိုးပမ်း ပုံများရယ်
  ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနင်း။
- ခုနစ်နှစ် ပြည့်မှသည်
  ဆယ်ရာချီ နှစ်များတိုင်သို့
  နိုင်ငံ့ဝန် ကျေစွာထမ်း
  စွမ်းမြောက် စေမင်း ။ ။


SPECIAL OFFER
သင့်အတွက်သာ
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
TOP-UP BONUS
*555#
ကို ဖုန်းခေါ်ဆိုပြီး
သင့်အတွက် Special Offer များကို
ရှာဖွေလိုက်ပါ . . .
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline
24 hours everyday

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်အကျဉ်း



မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကြီးမားသည့် ဈေးကွက်ရှိသည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဆီယံနိုင်ငံတို့၏ အလယ်တွင်ရှိခြင်းကြောင့် စီးပွားရေးမဟာဗျူဟာအရ အရေးပါလျက်ရှိသည်။ အာဆီယံနိုင်ငံများအတွင်း ပိုမိုရှည်လျားသည့် တောင်နှင့်မြောက်သို့ ဆက်သွယ်သွားလာနိုင်သည့် ပြည်တွင်းရေလမ်းကြောင်းနှင့် မီးရထားလမ်းတို့ကို အဆင့်မြှင့်တင်၍ ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် စရိတ်သက်သာပြီး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် Transport Logistics စနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ၎င်းလမ်းကြောင်းတစ်လျှောက် စိုက်ပျိုးရေး၊ စက်မှုနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါရည်မှန်းချက်များ ပြည့်မီစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်–

(က) ၂၀၂၀ ခုနှစ်တွင် မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ ၉၀%ကျော်ထိ တိုးတက်လာစေရေး။
(ခ) အင်တာနက်အသုံးပြုသူဦးရေ ၈၅%ကျော်ထိ တိုးတက်လာစေရေး။
(ဂ) Broadband ဆက်သွယ်ရေးအသုံးပြုသူဦးရေ ၅၀%ကျော်ထိ တိုးတက်လာစေရေး။

## ပင်မစီမံကိန်း (Master Plan) များ

မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ရေးဆွဲထားရှိသည့် အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan - MYT Plan) တွင် ပို့ဆောင်ရေးစင်္ကြံ (၁၀)ခုသတ်မှတ်ထားရှိပြီး၊ လေကြောင်း၊ ရေကြောင်း၊ ရထား၊ ကုန်းလမ်းပို့ဆောင်ရေး စီမံကိန်းစုစုပေါင်း (၁၄၂) ခုပါရှိပါသည်။ အဆိုပါစီမံကိန်းများအား ဦးစားပေးအလိုက် ၂၀၁၅ ခုနှစ်မှ ၂၀၄၀ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

ထို့အပြင် စွမ်းဆောင်ရည်ပြည့်ဝပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် Logistics ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားထောက်ပံ့ပို့ဆောင်ရေးပင်မစီမံကိန်း (National Logistics Master Plan) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင်အပြီးသတ်ညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့နည်းစေမည်ဖြစ်သည့်အပြင်၊ ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## လေကြောင်းပို့ဆောင်ရေးကဏ္ဍ

လေကြောင်းကဏ္ဍအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အား Regional Cargo Hub အဖြစ် ရည်ရွယ်ထားရှိ ဆောင်ရွက်လျက်ရှိရာတွင် (၁)နှစ်လျှင် 4000 Tons အထိ ဝန်ဆောင်မှုပေးနိုင်သော International Export/Import Cargo Terminal (48 m× 20m× 11m) ကို ၂၀၁၈ ခုနှစ်၊ မတ်လတွင် စတင်တည်ဆောက်ပြီး ၂၀၁၉ ခုနှစ်၊ မတ်လ (၁)ရက်နေ့မှစတင်၍ Air Cargo ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပုဂံ–ညောင်ဦးလေဆိပ်အား ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မထိခိုက်စေပဲ Eco Friendly Green Airport အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံ Nippon Koei Co., Ltd မှ ကနဦးဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Study) အား ဆောင်ရွက်ပြီးဖြစ်ပါသည်။

ချင်းပြည်နယ်၊ ဖလမ်းလေဆိပ်သစ် တည်ဆောက်ရေးလုပ်ငန်း၊ ဟဲဟိုး၊ ကော့သောင်း၊ မော်လမြိုင်လေဆိပ်တို့အား အစိုးရ–ပုဂ္ဂလိက ပူးပေါင်းပါဝင်သည့် (Public Private Partnership - PPP) ဖြင့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရှမ်းပြည်နယ် မူဆယ်နှင့် ရခိုင်ပြည်နယ် မြောက်ဦးတို့တွင် PPP ဖြင့်လေဆိပ်အသစ်များ တည်ဆောက်ရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ မတူပီခရိုင်၊ လိုင်းလင်းပီမြို့တွင် လေယာဉ်ငယ်များဆင်းသက်နိုင်သည့် လေယာဉ်ကွင်းငယ်(၁)ကွင်း တည်ဆောက်ရေးလုပ်ငန်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

ရေကြောင်းကဏ္ဍအနေဖြင့် ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ကမ္ဘာ့ဘဏ်အကူအညီ အမေရိကန်ဒေါ်လာသန်း (၁၀၀)ဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး၊ မန္တလေးမြို့မှ ညောင်ဦးမြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကုန်စည်နှင့် ကွန်တိန်နာတို့ကိုကိုင်တွယ်မည့် မန္တလေးခေတ်မီဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၊ JICA၏အထောက်အပံ့ အမေရိကန်ဒေါ်လာ (၅၅.၄၂) သန်းဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလအထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရန်ကုန်ဧရိယာနှင့် သီလဝါဧရိယာတို့တွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား (၃၉)စင်းရှိပြီး၊ အစိုးရသစ် (၂)နှစ်တာကာလအတွင်း၌ Green Asia ဆိပ်ခံတံတား၊ Puma Energy Asia Sun ဆိပ်ခံတံတား၊ Wilmar International ဆိပ်ခံတံတား၊ သီလဝါမြေကွက်အမှတ် (၂၅/၂၆)ရှိ ဂျပန် ODA Loan ဖြင့် တည်ဆောက်သည့်ဆိပ်ခံတံတား (၂)စင်း၊ Kyimyindaing International Port Terminal ဆိပ်ခံတံတား၊ စုစုပေါင်း ဆိပ်ခံတံတား (၆) စင်းတို့ကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ တွံ့တေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်လျက်ရှိပါသည်။

## ရထားပို့ဆောင်ရေးကဏ္ဍ

ယခုအခါ ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိလည်းကောင်း၊ ရန်ကုန်–ပြည် ရထားလမ်းပိုင်း (၁၆၆ မိုင်)အဆင့်မြှင့်တင်ရေးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိလည်းကောင်း၊ ပဲခူး–မော်လမြိုင်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ နိုင်ငံတော်ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိလည်း ကောင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါ သည်။ မန္တလေး– မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ကိုရီးယားနိုင်ငံအကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းလျက်ရှိပါသည်။

ထိုနည်းတူစွာ ရထားတွဲသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (မြစ်ငယ်)နှင့် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တို့၏ တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အကြား ခေတ်မီကုန်သေတ္တာရထားတွဲများ ပြေးဆွဲနိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးရှိ (၈၀)ဧကနှင့် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်ရှိ (၇၅.၁)ဧကတို့၌ ကုန်းတွင်းဆိပ်လုပ်ငန်းတည်ဆောက်နိုင်ရေးတို့အတွက် KM Terminal and Logistics Co., Ltd နှင့် Rescoures Group Logistics Co., Ltd ကုမ္ပဏီ (၂)ခုသို့ (၃.၄.၂၀၁၇)ရက်နေ့တွင်စာချုပ်ချုပ်ဆို ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။

## ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ

မော်တော်ယာဉ်များကို စစ်ဆေးမှတ်ပုံတင်ခြင်း၊ အငှားယာဉ်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးတို့အား ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ မော်တော်ယာဉ်များ၏ မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်အတွက် Radio Frequency Identification Device (RFID) စနစ်အား အကောင်အထည်ဖော်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်များပြားလာသည့် ယာဉ်စီးရေကြောင့် ဖြစ်ပေါ်လာသည့် မတော်တဆမှုများ လျှော့ချနိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council) ကို ဖွဲ့စည်း၍ Action Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

## ဆက်သွယ်ရေးကဏ္ဍ

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆ၏ (၁၂၀)ရာခိုင်နှုန်းကျော် ရရှိစေရန်နှင့် မိုဘိုင်းဝန်ဆောင်မှု (အသံနှင့် အချက်အလက်ဝန်ဆောင်မှု) ပေးနိုင်ရန် ရည်မှန်းချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် ဥပဒေနှင့်အညီ အပြိုင်အဆိုင်လုပ်ပိုင်ခွင့်ပေးခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပမှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှစ၍ ယနေ့အထိ ပြည်တွင်းကုမ္ပဏီ (၁၀၄)ခု၊ ပြည်ပကုမ္ပဏီ (၄၉)ခုသို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် စုစုပေါင်း (၁၅၃)ခုအထိ ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။

ပြည်သူများ ဆက်သွယ်ရေးဝန်ဆောင်မှုများအား သင့်လျော်သောဈေးနှုန်းဖြင့် လွယ်လင့်တကူ ရယူအသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းမှ အော်ပရေတာ (၂)ဦးနှင့် ပြည်ပမှ အော်ပရေတာ (၂) ဦးတို့အား ယှဉ်ပြိုင်လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတော်၏တယ်လီကွန်းနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်မူဝါဒချမှတ်ကာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ အဆိုပါအော်ပရေတာ (၄)ဦးသည် ပြည်သူလူထုထံသို့ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ အပြိုင်အဆိုင် ဆောင်ရွက်ပေးလျက်ရှိရာ အများပြည်သူအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်ဝယ်ယူသုံးစွဲလာနိုင်သည့် အခွင့်အရေးများ ရရှိလာပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် ဖိုင်ဘာကေဘယ်ကွန်ရက်များကို နိုင်ငံတစ်ဝှမ်းတည်ဆောက်ပေးနိုင်ရန် ကြီးကြပ်ဆောင်ရွက်ခဲ့ရာတစ်နိုင်ငံလုံးအနေဖြင့် ပင်မဖိုင်ဘာကေဘယ်ဆက်ကြောင်း ကီလိုမီတာ (၄၃,၀၀၀)ကျော်ရှိပြီး၊ ဆောင်ရွက်ဆဲ ဖိုင်ဘာ ကီလိုမီတာ (၂၂,၀၀၀) ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ချိတ်ဆက်မှုများအနေဖြင့်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ရေအောက်ကေဘယ်ဆက်ကြောင်း (၁)ခုနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဆက်ကြောင်း (၃)ခုထပ်မံချိတ်ဆက်နိုင်ခဲ့သဖြင့် Bandwidth စုစုပေါင်း (440 Gbps) ကျော်အထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဂြိုလ်တုဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု

နိုင်ငံတော်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဂြိုလ်တုစနစ်ဖြင့် အသုံးချနိုင်ရန်နှင့် နေရာဒေသမရွေး အချိန်တိုအတွင်း ဆက်သွယ်မှုရရှိစေရန် မူဝါဒနှင့်အညီ Myanmar Sat-2 ကိုမြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ခုနှစ်၊ ဖွန်လ ၁ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန နှင့် Intelset Global Sales and Marketing Ltd တို့အကြား "Satellite Payload IRU Agreement for Myanmar Sat-2" စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Myanmar Sat-2 ကို မြန်မာနိုင်ငံပိုင်ဂြိုလ်တုစနစ်ဖြင့် ဆောင်ရွက်ရန် IRU ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၁၅၅.၇) သန်းကို (၃)လတစ်ကြိမ်ဖြင့် (၈) ကြိမ်ပေးသွင်းရပါမည်။ စာချုပ်အရ ဂြိုလ်တုချန်နယ် 864 MHz ကိုသက်တမ်း ကုန်သည်အထိ (၁၅)နှစ်ကြာ Myanmar Sat-2 အ မည်ခံယူသုံးစွဲပိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

ကမ္ဘာ့ပထမဆုံး Satellite Operator ဖြစ်ပြီး၊ ဂြိုလ်တုအများဆုံးပိုင်ဆိုင်သည့် Intelsat ၏ ခေတ်မီဆန်းသစ်သည့် နည်းပညာများဖြင့် ဆောင်ရွက်ထားပါသဖြင့် ဂြိုလ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများအတွက် အရည်အသွေးကောင်းကောင်းနှင့် ဈေးနှုန်းသင့်တင့်စွာနစ်ရှည်အသုံးပြုနိုင်မည်ဖြစ်ပြီး၊ တစ်ဆင့်ပြန်လည်ငှားရမ်းခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေပြန်လည်ရရှိစေကာ ပိုလျှံသောဂြိုလ်တုချန်နယ်များကို ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဖြည့်ဆည်းပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ အချိန်နှင့်တစ်ပြေးညီဆက်သွယ်မှုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။

## E-Government ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ

မြန်မာနိုင်ငံ e-Government Master Plan တွင်ပါရှိသော လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်တည်ဆောက်



# ဥယျောဇဉ်

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ် (၇)နှစ်သက်တမ်းရှိသွားပြီ။ ဤဂျာနယ်ကိုပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူလူထုထံသို့ သတင်းပေး၊ တင်ပြအစီရင်ခံသည့် အဆင့်ထက်ကျော်လွန်စေချင်သည်။ ဂျာနယ်တစ်စောင်၏ အရည်အသွေးပြည့်မီစေချင်သည်။ ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များအပြင် ဝန်ထမ်းများ၏ ဘဝခံစားချက်များရေးသား ပါဝင်စေချင်ပါသည်။ ခေတ်ပြောင်း စနစ်ပြောင်းကာလတွင် ပြည်သူတို့နှင့်အတူ လှုပ်ရှားရုန်းကန်နေရသည်ကို သိစေချင်ပါသည်။ ဝန်ထမ်းများသည် ပြည်သူတို့၏သားသမီးများဖြစ်သကဲ့သို့ အစိုးရ၏ လက်ကသုံးတောင်ဝှေး၊ ပြည်သူတို့၏ ဝေဒနာကို ပြည်သူတို့နှင့် တသားတည်းဝေမျှခံစားသူဖြစ်စေချင်ပါသည်။ ဖြစ်လည်း ဖြစ်ရပါမည်။ ထိုအခါ ပြည်သူတို့၏ အသံ၊ ပြည်သူတို့၏ခံစားချက်၊ သဘောထားတို့ကိုလည်း တင်ပြနိုင်ရမည်။

သို့သော်... သို့သော် ဆိုရှယ်မီဒီယာတို့၌တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြစ်တင်၊ ပြောစု၊ စောင်းမြောင်း၊ တိုက်ခိုက်နေကြသကဲ့သို့ မဖြစ်ချင်ပါ။ တင်ပြသူဖက်ကလည်း သေချာစေ့ငုစွာ လေ့လာ၊ အကြံပြုတင်ပြ၊ ရှင်းလင်းဆွေးနွေးသူကလည်း အဖြစ်အပျက်အမှန်ကို ရှင်းလင်းတင်ပြ၍ အကြံပြုချက်ပါသော အပေါင်းလက္ခဏာဆောင်သော ဌာန၊ ဝန်ထမ်း၊ ပြည်သူတို့အကြား နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုတည် ဆောက်နိုင်သောစာပေစင်မြင့်တစ်ခု ဖြစ်စေချင်ပါသည်။ ကြိုးစားကြပါစို့။

**သန့်စင်မောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**











နင်းပုလဲနှင့် ဒုံဝန်းဘူတာအကြားရှိ
တံတားအမှတ် (၇၄)ပျက်စီးမှုအား ကြည့်ရှုစစ်ဆေး



ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြား ရထားလမ်းရေကြီးနစ်မြုပ်မှု ကြည့်ရှုစစ်ဆေး










ခြင်း မူဝါဒအရ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးသင်တန်းကျောင်းအမည်ဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်းကျောင်း အသစ်တစ်ခုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါသည်။

ICT Infrastructure: e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ICT Infrastructure များကိုတည်ဆောက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်-

(က) e-Government Wide Area Fiber Network (e-GWAN)
(ခ) Government Video Conferencing System/Network
(ဂ) Data Center
(ဃ) Information Access Center (IAC)

Common Application အစိုးရအဖွဲ့အစည်းများအကြား သဘောသဘာဝတူညီသည့် လုပ်ငန်းများအား စုစည်းပေါင်းစပ်၍ မျှဝေအသုံးပြုနိုင်ရန် အောက်ပါ Common Application များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

(က) Government Personnel Management System (GPMS)
(ခ) Electronic Document Management System (EDMS)
(ဂ) e-mail
(ဃ) e-Meeting
(င) Ministry Website
(စ) Civil Service ID Management System (CSMS)
(ဆ) e-Government Service Delivery Unit ဖွဲ့စည်းတည်ဆောက်ခြင်းစီမံကိန်း
(ဇ) Myanmar e-Government National Portal တည်ဆောက်ခြင်းစီမံကိန်း

ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Cyber Legal Framework ရေးဆွဲခြင်းစီမံကိန်း။
(ခ) Government Integrated Data Center (e-GIDC) တည်ဆောက်ခြင်းစီမံကိန်း။

## သဘာဝဘေးအန္တရာယ်လျော့ပါးရေးကဏ္ဍ

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆိုးဝါးသည့်မိုးလေဝသဖြစ်စဉ်များ စောင့်ကြည့်နိုင်ရန် ကျောက်ဖြူမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မိုးလေဝသရေဒါ (၃)လုံးတပ်ဆင်ခဲ့ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စခန်း (၃၀)တွင် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများ တပ်ဆင်ခဲ့ပါသည်။

ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ မိုးလေဝသခန့်မှန်းချက်နှင့် သဘာဝဘေးအတွက် ကြိုတင်သတိပေးစနစ် ခေတ်မီတိုးတက်စေရန် မိုးလေဝသစခန်း (၄၀)တွင် အလိုအလျောက် မြေပြင်မိုးလေဝသတိုင်းထွာရေး ကိရိယာများကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တပ်ဆင်လျက်ရှိပါသည်။

မြန်မာနိုင်ငံ သဘာဝဘေးကျရောက်လွယ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်(၆)ခုရှိ စခန်း (၉၀)တွင်အလိုအလျောက် မိုးလေဝသတိုင်းတာရေး ကိရိယာများကို ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်းအစီအစဉ် (IRM) ဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တပ်ဆင်ပြီး၊ မြန်နှုန်းမြင့် အင်တာနက်စနစ်တပ်ဆင်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် နိုင်ငံအဝှမ်းတွင် ဇလဗေဒစခန်းများတည်ထောင်၍ နေ့စဉ်မြစ်ရေခန့်မှန်းချက်များ၊ ထူးခြားမြစ်ရေအခြေအနေသတင်း (ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်)၊ (၁၀)ရက်ပတ်မြစ်ရေခန့်မှန်းချက်၊ လပတ်မြစ်ရေခန့်မှန်းချက်၊ ယေဘုယျမြစ်ရေ အခြေအနေခန့်မှန်းချက်၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းခန့်မှန်းချက်များ၊ ရေနည်းမည့် သတိပေးချက်နှင့် ရေနည်းမည့် အခြေအနေသတင်း၊ မြစ်ရေကြီးခြင်းသတိပေးချက်နှင့် မြစ်ရေကြီးမှုအခြေအနေသတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

# “ဓိတောင်ကို ဖောင်ဖြိုဖို့မယ်... မြင်းမိုရ်မို့လား...”

## လျှံပုန်းမို

ရေးချင်သည်က “တောင်” အကြောင်းနှင့်မပတ်သက်ပါ။ “ရေ” အကြောင်းဖြစ်ပါသည်။ ဤဆယ်စုနှစ်အတွင်းနိုင်ငံတဝှမ်းမှာ ခပ်စိပ်စိပ်ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများကို မည်သို့ကာကွယ်ကြမည်နည်းဟူသော စိန်ခေါ်မှုကို ရေးသားလိုခြင်းဖြစ်ပါသည်။

လွန်ခဲ့သောအပတ်က နယ်သာလန်က ရေပညာရှင် Mr.Henk Ovink နှင့် Mr. Jelte Boeijenga တို့ ရေးသားသော "Too Big" ဟူသော စာအုပ်ကိုဖတ်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလက အမေရိကန် အရှေ့မြောက်ကမ်းရိုးတန်းကို ဟာရီကိန်း“စင်ဒီ” ဝင်ရောက်တိုက်ခတ်ပြီးနောက် အမေရိကန် အစိုးရနှင့် အဖွဲ့အစည်းအေဂျင်စီများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခုခံကာကွယ်ရေး ချဉ်းကပ်မှု အပြောင်းအလဲများအကြောင်း ရေးသားထားခြင်းဖြစ်ပါသည်။

“စင်ဒီ” ဟာရီကိန်းကြောင့် လူ (၁၈၆)ဦး သေဆုံးပြီး၊ လူနေအိမ် (၆၅,၀၀၀)နှင့် တန်ဖိုးစုစုပေါင်း ဒေါ်လာ (၆၅) ဘီလျံ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ မုန်တိုင်းကျပြီးနောက် တစ်နေ့မှာပင် အမေရိကန်သမ္မတ အိုဘားမားမျက်မြင်ကိုယ်တွေ့ရောက်ရှိလေ့လာစစ်ဆေးခဲ့ပြီး၊ (၆၀) ဘီလျံဘတ်ဂျက်သုံးစွဲခွင့်ပြုကာ ပြန်လည်ထူထောင်ရေးအဖွဲ့ Task Force ကို ဖွဲ့စည်းပေးခဲ့ပါသည်။

“ကျွန်တော်တို့မှာ အချိန်မရှိဘူး။ ဆုံးဖြတ်ချက်မချနိုင်ဘဲ စဉ်းစားတွေဝေနေတဲ့ ရက်တိုင်းမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေကြရဦးမှာဘဲ၊ စိတ်ပျက်စရာတွေပိုများလာမယ်၊ ဘေးအန္တရာယ်တွေ ပိုများလာမယ်၊ ဘေးဒဏ်တွေ လျှော့နိုင်ဖို့၊ အလိုက်သင့်နေတတ်ဖို့ဆိုတာတွေ ပိုခက်လာမယ်။ ကုန်ကျစရိတ်တွေလည်း ပိုများလာမယ်။ ကျွန်တော်တို့ဟာ ရာသီဥတုဒဏ်ကို အခံရဆုံးသောပထမမျိုးဆက်ဖြစ်သလို ဒီဘေးအန္တရာယ်ကို ကာကွယ်ဖို့ တစ်စုံတစ်ရာ လုပ်နိုင်စွမ်းရှိတဲ့ နောက်ဆုံးမျိုးဆက်လည်း ဖြစ်တယ်” စသည်ဖြင့် ပြောဆိုခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော အန္တရာယ်သည် သတိမထား၍မရအောင် အလွန်ကြီးမားပါသည်။ ရိုးရိုးနည်းနှင့် ဖြေရှင်းမရအောင်လည်း ကြီးမားပါသည်။ ကျွန်တော်တို့၏ လက်ရှိစနစ်နှင့် အုပ်ချုပ်ရေးယန္တရားများအတွက် အလွန်ကြီးမားပါသည်။ တစ်ဦးတစ်ယောက်တစ်ဖွဲ့တစ်သင်းတည်း ဆောင်ရွက်၍ မရအောင် အလွန်ကြီးမားပါသည်။ ပိုင်းခြားခွဲထုတ်၍မရအောင်လည်း အလွန်ကြီးမားပါသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေမှာ ပိုမိုသိသာထင်ရှားနေပါပြီ၊ ပြန်လည်တွန်းလှန်ဖို့ ပိုမိုခက်ခဲလာပါပြီ၊ ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အန္တရာယ်မှာ သိသာထင်ရှားစွာ များပြားလာပါပြီ။ မုန်တိုင်းများ၏ ပြင်းအားပိုမိုလာပြီး ကြိမ်ရေစိပ်လာပါသည်။ မိုးခေါင်ရေရှားသောကာလများ ပိုမိုရှည်လျားလာပါသည်။ သန်းပေါင်းများစွာသော ဥစ္စာပစ္စည်း ပျက်စီးဆုံးရှုံးမှု၊ အလုပ်အကိုင်များ လျော့နည်းရှားပါးမှု၊ မိတ်ဆွေများနှင့် မိသားစုများဆုံးရှုံးမှုတို့ကြောင့် လူတို့၏ စိတ်ပျက်ဝမ်းနည်းစရာများ ပိုမိုများပြားလာပါသည်။ ဤပြောင်းလဲမှုအရ ကောက်ပဲသီးနှံဆုံးရှုံးမှုနှင့် မြေဆီခန်းခြောက်မှုများကြောင့် လူ့အဖွဲ့အစည်းများ၊ ဒေသများ၊ နိုင်ငံများကို မငြိမ်မသက်ဖြစ်စေပါသည်။ ဆင်းရဲနွမ်းပါးခြင်း၊ ဆူပူမငြိမ်မသက်ဖြစ်ခြင်း၊ အချို့ဒေသများ၌ စစ်မက်ဖြစ်ပွားခြင်းတို့၏ အခြေခံအကြောင်းအရင်းမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့်ဖြစ်ရသည်ကို ကျွန်တော်တို့မြင်နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုသည် လူ့အဖွဲ့အစည်းအတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်ပါသည်။



> “အုပ်ချုပ်သူအစိုးရ မင်းအဆက်ဆက်၏ မဆင်မခြင် သစ်တောများ ခုတ်ထွင်ပြုန်းတီးမှု၊ မြစ်ချောင်းများနှင့် မြစ်လက်တက်များ၌ ရွှေ၊ ကျောက်စိမ်း၊ သတ္တုများ မဆင်မခြင်တူးဖော်မှု၊ မြစ်အတွင်းမှ မြစ်သဲနှင့် ကျောက်စရစ်များစည်းကမ်းမဲ့ထုတ်ယူမှု၊ မြစ်/ချောင်းများ၌ အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်မှု၊ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်တို့ကို ချစ်ခင်တတ်၊ မြတ်နိုးတတ်၊ တန်ဘိုးထား စောင့်ရှောက်တတ်သော အလေ့အထ မရှိမှုတို့ကြောင့် . . .”

အလားတူစွာ မြန်မာနိုင်ငံတစ်ဝှမ်း၌ ရေကြီးရေလျှံမှုများမှာလည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်ပါသည်။ ထို့ပြင် အုပ်ချုပ်သူအစိုးရ မင်းအဆက်ဆက်၏ မဆင်မခြင် သစ်တောများ ခုတ်ထွင်ပြုန်းတီးမှု၊ မြစ်ချောင်းများနှင့် မြစ်လက်တက်များ၌ ရွှေ၊ ကျောက်စိမ်း၊ သတ္တုများ မဆင်မခြင်တူးဖော်မှု၊ မြစ်အတွင်းမှ မြစ်သဲနှင့် ကျောက်စရစ်များစည်းကမ်းမဲ့ထုတ်ယူမှု၊ မြစ်/ချောင်းများ၌ အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်မှု၊ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်တို့ကို ချစ်ခင်တတ်၊ မြတ်နိုးတတ်၊ တန်ဘိုးထား စောင့်ရှောက်တတ်သော အလေ့အထ မရှိမှုတို့ကြောင့် မိုးအခါ ရေကြီးရေလျှံ၊ နွေအခါ ခြောက်သွေ့၊ တိမ်ကော၊ ရေရှား၊ သွားရေးလာရေးခက်စသော အခြေအနေများ ဖြစ်ပေါ်နေပါသည်။

ဧရာဝတီမြစ်သည် မူလက ကမ္ဘာပေါ်၌ အနည်ကျမှုအများဆုံး အမှတ်စဉ် (၅) ဖြစ်ခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် နံပါတ် (၃) အဆိုးဆုံး မြစ်ဖြစ်လာပါသည်။ မြစ်အလျား (၁၄၂၀) ကီလိုမီတာ၌ ကမ်းပါးပြိုကျသော အလျားမှာ ကီလိုမီတာ (၇၀၀) ရှိနေပါသည်။ ရေလမ်းကြောင်းမမှန်သောကြောင့် စီးချင်သလိုစီးပါသည်။ မြစ်ပြင်ကျယ်သင့်သည်ထက် ကျယ်သွားပါသည်။ မြစ်ကြမ်းပြင်များကို တူးဖော်ရန်ဆိုသည်ကလည်း၊ ကီလိုမီတာထောင်ချီ၍ တူးဖော်ရမည်ဖြစ်ရာ အလွန်တရာခက်ခဲလှပါသည်။ မြန်မာနိုင်ငံရေပညာရှင်တစ်ဦးက ပြောသည်မှာ ဆန္ဒမစောပါနှင့်၊ မြစ်ကြောင်း (Channel) မှန်အောင် အရင်လုပ်ပါဟုဆိုပါသည်။

စိတ်ကူးကြည့်ပါမည်။ ရေလမ်းကြောင်းလည်းမှန်၊ ကမ်းများကိုလည်းမတိုက်စား၊ နက်သင့်သလောက်နက်၊ ကျယ်သင့်သလောက်ကျယ်၊ စီးသင့်သောအလျင်ဖြင့် စီး၊ ရေထုထည်ပမာဏနှင့် အနည်ကျမှုကိုလည်း ထိန်းနိုင်မှ မြစ်ကိုလိုသလို စေစားအသုံးချနိုင်ပါလိမ့်မည်။ မြစ်ဖျားပိုင်းရေဝေရေလဲဒေသများ၌ သစ်တောတွေပြန်စိုက်၊ မြေဆီမြေလွှာများ မပါသွားအောင် ထိန်းသိမ်း၊ မြစ်သဲနှင့် ကျောက်စရစ် တို့ကို စနစ်တကျ မြစ်ကြောင်းမပျက်အောင် ထိန်းထိန်းသိမ်းသိမ်းသုံး၊ ရွှေမတူး၊ အမှိုက်မပစ်၊ အညစ်အကြေးမစွန့်၊ မြစ်ကြောင်းထိန်းသိမ်းရေး ဥပဒေကို လိုက်နာကြ။ သောက်သုံးရေ၊ စိုက်ပျိုးရေး ရရှိစေဖို့ လိုအပ်သောနေရာမှာ ရေစုနိုင်အောင်လုပ်။ ရန်ကုန်မှ မြစ်ကြီးနား၊ ဗန်းမော်၊ မုံရွာ၊ မော်လိုက် ကုန်သင်္ဘော၊ ခရီးသည်သင်္ဘောများ ပြေးဆွဲကြ။ “စိမ်းလန်း သာယာ ပြည်မြန်မာ”။ အလွန်ကြီးမားသော တောင်ကြီးပမာ မဟာစီမံကိန်း။

ဤစိမ်းလမ်းသာယာ ပြည်မြန်မာစီမံကိန်းကြီးကို ဝန်ကြီးဌာနတစ်ခုတည်း အကောင်အထည်ဖော်၍မရပါ။ နိုင်ငံတော်၏ တာဝန်ရှိသူများက ဦးဆောင်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများအားလုံး စုပေါင်းဆောင်ရွက်ကြရပါမည်။ လူမှုရေးအသင်းအဖွဲ့ (NGO) များ၊ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ကြရပါမည်။ လွယ်ကူရိုးစင်းလှသည်မဟုတ်ပါ။ အလွန်ကြီးမား၊ ကျယ် ပြန့် ရှုပ်ထွေးလှပါသည်။ စီမံကိန်းကြီးအတွင်း စီမံချက်အသေး၊ အလတ်၊ အကြီး၊ ရေတို၊ ရေရှည်၊ ရှေ့နောက် အစီအစဉ် အချိတ်အဆက်များစွာ လိုအပ်ပါသည်။ အမှားတွေလုပ်မိနိုင်ပါသည်။ မှားပြီးသောအမှားထပ်မမှားဖို့လိုပါသည်။ ရောမ မဟာစီမံကိန်းကြီး ပြီးမြောက်ဖို့ ဆယ်စုနှစ်တစ်ခုနှင့်တော့ မပြီးမြောက်နိုင်ပါ။ တစ်နှစ်ပြီး တစ်နှစ်၊ တစ်ထစ်ပြီး တစ်ထစ်၊ စိတ်ရှည်လက်ရှည် အားမလျှော့စတမ်း စိတ်အားသတ္တိအပြည့်ဖြင့် ဆောင်ရွက်ကြရပါမည်။ အလွန်ကြီးမားလှသော ဒီတောင်ကို ပြည်သူအားလုံး စုပေါင်းအင်အား ဖြင့်ဖြိုနိုင်ပါသည်။


ပို့ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ငွေစာရင်းအရာရှိ
ကျော်သူရ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဇင်ဘိုထွန်း

သတင်း (ရထား)
အောင်ဆန်းဦး

စာတည်း
တင်မောင်

သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

ကာတွန်းသရုပ်ဖော်
မောင်တင်ယု

သတင်းထောက်
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

ကွန်ပျူတာ
ခိုင်ယုသွယ်
မင်းခန့်ဇော်
အောင်ကောင်းဆက်
မေသန္တာဋ္ဌေး

ထုတ်ဝေသူ
နီအောင်
၀၀၄၉၆

ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ- ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်) ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃၊

email-thetransportnews@gmail.com


ကြော်ငြာများထည့်သွင်းလိုပါက- ဖုန်း၊ ၀၁-၈၆၁၀၁၉၁၊ ၀၉-၄၂၀၁၃၆၆၇

# ဒုတိယဝန်ကြီး ဦးကျော်မျိုး (ပို့ဆောင်ရေး)



ဦးကျော်မျိုး
ဒုတိယဝန်ကြီး (ပို့ဆောင်ရေး)

ပို့ဆောင်ရေးကဏ္ဍရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နိုင်ငံတော်၏စီးပွားရေးဖြစ်ထွန်းမှု၊ ဒေသခံပြည်သူတို့၏ လူမှုအကျိုးစီးပွားကိုပံ့ပိုးပေးနိုင်မှု၊ ပြည်ပနိုင်ငံများနှင့် ပို့ဆောင်မှုကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်မှု စသည့်အခြေအနေများအပေါ် သုံးသပ်၍ ဦးစားပေးအကောင်အထည်ဖော်ရန်လိုအပ်သည့် စီမံကိန်းများကို အမျိုးသားသယ်ယူပို့ဆောင်မှု ပင်မစီမံကိန်း (National Transport Master Plan) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့်ကြီးကြပ်လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏စီးပွားရေးမျှော်မှန်းချက်များ ပြည့်မီစေရေးအတွက် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) တွင် မိမိဝန်ကြီးဌာနမှ ဦးစားပေးအကောင်အထည်ဖော်ရန်လိုအပ်သည့် စီမံကိန်းများကို ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ညီညွတ်သည့် သယ်ယူပို့ဆောင်မှုစနစ်ဖြစ်ထွန်းရေး၊ ဘက်စုံပို့ဆောင်မှုစနစ် တိုးတက်ကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေသည့် ပို့ဆောင်မှုစနစ်ဖြစ်ထွန်းပေါ်ပေါက်ရေးတို့ကို ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ယှဉ်ပြိုင်နိုင်မှုကိုအထောက်အကူဖြစ်စေပြီး၊ ပြည်သူတို့၏အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ပေါင်းစည်းညီညွတ်သည့်ပို့ဆောင်မှုစနစ် (Integrated Transport System) ကိုဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအခါ အမျိုးသားထောက်ပံ့ပို့ဆောင်မှု ပင်မစီမံကိန်း (National Logistics Master Plan) ကို ဂျပန်နိုင်ငံ၊ JICA အကူအညီဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်သဖြင့် ယင်း Master Plan ပါ စီမံကိန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်ပအကူအညီ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ကို ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်များနှင့်အညီ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိနိုင်ငံ၏ ပထဝီအနေအထားအရ တောင်နှင့်မြောက်ဆက်သွယ်သွားလာနိုင်သည့် မော်တော်ကားလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေလမ်းကြောင်းတို့ကို အဓိကအဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအများအဆင်ပြေမြန်ဆန်ချောမွေ့စွာ နိုင်ငံတစ်ဝှမ်းဆက်သွယ်သွားလာနိုင်ပြီး၊ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်သဖြင့် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်နှင့် ပဲခူး-မော်လမြိုင်ရထားလမ်းဖွံ့ဖြိုးရေး၊ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှုနှင့်အညီ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်မြောက်ရေး ဦးစီးကော်မတီ၊ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (YUMRT) အကောင်အထည်ဖော်ရေးဦးစီးကော်မတီ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို PPP ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် EOI စိစစ်ရေးကော်မတီစသည်တို့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျက်ရှိပါသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း လေကြောင်းဖြင့်ကုန်စည်များမြန်ဆန်ချောမွေ့စွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် လေကြောင်းကုန်စည်ပို့ဆောင်မှု အထောက်အကူပြုမှုများ(Cargo Handling Facilities) ကိုအဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများ မြန်ဆန်ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြည်တွင်းလေဆိပ်များ အဆင့်မြှင့်တင်ခြင်းတို့ကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိဝန်ကြီးဌာန၏ အရာထမ်းနှင့် အမှုထမ်းများ၏အရည်အသွေးကို မြှင့်တင်ပေးနိုင်ရေးနှင့် ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ၎င်းတို့၏ရာထူးအဆင့်နှင့် သက်ဆိုင်သည့်လုပ်ငန်းကဏ္ဍအလိုက်ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ အခါအားလျော်စွာ စေလွှတ်တက်ရောက်စေလျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မိုးရာသီကာလတွင် ကြုံတွေ့နေရသော မြစ်ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဘေးသင့်ပြည်သူများမူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရန်အတွက်ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပါဝင်သော "ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့" တွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။




















# အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် (ပို့ဆောင်ရေး)



**ဦးဝင်းခန့်**
**အမြဲတမ်းအတွင်းဝန် (ပို့ဆောင်ရေး)**

ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အမျိုးသားသယ်ယူပို့ဆောင်မှုပင်မစီမံကိန်း (National Transport Master Plan) နှင့်အညီ ဦးစားပေးစီမံကိန်းများကို ဖော်ဆောင်နိုင်ရန်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်မှုခံယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အဓိကတောင်နှင့်မြောက် ဆက်သွယ်မှုကွန်ရက်ကောင်းမွန်ပြီး ပြည်သူအများ အဆင်ပြေမြန်ဆန်ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်မှစတင်ခဲ့ပြီး၊ ၂၀၂၃ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပါသည်။ ရန်ကုန်-ပြည်ရထားလမ်းပိုင်း (၁၆၆မိုင်) အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိလည်းကောင်း၊ ပဲခူး-မော်လမြိုင်ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ကိုရီးယားနိုင်ငံအကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းလျက်ရှိပါသည်။

ထို့အပြင် ရထားတွဲသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (မြစ်ငယ်)နှင့် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တို့၏ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တွင်းခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ စံညွှန်းသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဘေးအန္တရာယ်ကင်းစွာပျံသန်းနိုင်ရေး (Safety)၊ လုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေး (Security)၊ စွမ်းအားပြည့်ပျံသန်းနိုင်ရေး (Efficiency)၊ စဉ်ဆက်မပြတ် တိုးတက်ရေး (Sustainable)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ချင်းပြည်နယ်၊ ဖလမ်းလေဆိပ်သစ်တည်ဆောက်ရေးလုပ်ငန်း၊ ဟဲဟိုး၊ ကော့သောင်း၊ မော်လမြိုင်လေဆိပ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရှမ်းပြည်နယ် မူဆယ်နှင့် ရခိုင်ပြည်နယ် မြောက်ဦးတို့တွင် လေယာဉ်ကွင်းသစ် (၁)ကွင်းစီ တည်ဆောက်ရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ မတူပီခရိုင်၊ လိုင်းလင်းပီမြို့တွင်လေယာဉ်ငယ်များ ဆင်းသက်နိုင်သည့်လေယာဉ်ကွင်းငယ် (၁)ကွင်းတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် တွံ့တေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်စည်နှင့် ကွန်တိန်နာများကို ပြည်တွင်းရေလမ်းကြောင်းဖြင့် အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မန္တလေးခေတ်မီဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဂျပန်နိုင်ငံJICA အကူအညီဖြင့်လည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကမ္ဘာ့ဘဏ်အကူအညီဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သင်္ဘောများ၏ ရေကြောင်းအန္တရာယ်လုံခြုံရေး၊ မြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုအဆင့်အတန်းများကို အပြည်ပြည်ဆိုင်ရာအဆင့်အတန်းမီစေရေးနှင့် ပင်လယ်ပြင်ရေထုညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် မော်တော်ယာဉ်များကို စစ်ဆေးမှတ်ပုံတင်ခြင်း၊ အငှားယာဉ်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးတို့အား ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ မော်တော်ယာဉ်များ၏ မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်အတွက် Radio Frequency Identification Device (RFID) စနစ်အားအကောင်အထည်ဖော်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

စွမ်းဆောင်ရည်ပြည့်ဝပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသောသဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ထောက်ပံ့ပို့ဆောင်မှုကဏ္ဍ ဖြစ်ထွန်းလာစေရန် အမျိုးသားထောက်ပံ့ပို့ဆောင်မှုပင်မစီမံကိန်း (National Logistics Master Plan) အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ၊ JICA အကူအညီဖြင့် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်း Master Plan ပါစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် သယ်ယူပို့ဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုစရိတ်များ လျော့နည်းစေပြီး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကို လျော့နည်းစေမည်ဖြစ်သည့်အပြင်၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ရာ ဦးစားပေးအလိုက်စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍ၏ပူးပေါင်းပါဝင်မှုကို ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၏ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ ဦးဆောင်တက်ရောက်၍ ဒေသတွင်း ပို့ဆောင်ရေးဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ဆောင်ရေးကဏ္ဍသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပြင် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးအစရှိသည့် နယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်ဖြစ်ပေရာ အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး (တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ (လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ) ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ) ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားဆက်စပ်ကော်မတီများတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။


















# အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေ (ဆက်သွယ်ရေး)



ဦးချစ်ဝေ
အမြဲတမ်းအတွင်းဝန် (ဆက်သွယ်ရေး)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်ဝကောင်းမွန်သော၊ ဈေးနှုန်းချိုသာသော၊ လုံခြုံလျှင်မြန်ယုံကြည်စိတ်ချရသော၊ စိတ်ကြိုက်ရွေးချယ် သုံးစွဲခွင့်ရှိသောဆက်သွယ်ရေးဝန်ဆောင်မှုမျိုးပေးနိုင်ရေးကို ဦးတည်၍ စီမံချက်များရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်ပဆက်သွယ်ရေးအော်ပရေတာ (၂)ဦးနှင့် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ(၂) ဦးကိုဆက်သွယ်ရေးအော်ပရေတာလိုင်စင်များ ချထားပေးခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ်၊ ဇူလိုင်လကုန်အထိ Active Mobile တယ်လီဖုန်းစုစုပေါင်း ၅၃ ဒသမ ၂ သန်းအထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပြီး သိပ်သည်းဆအနေဖြင့် မြန်မာနိုင်ငံရှိလူဦးရေ၏ ၁၀၃ ဒသမ ၃၃ ရာခိုင်နှုန်းသို့ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ အင်တာနက် အသုံးပြုမှုအနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လကုန်အထိအင်တာနက်သုံးစွဲသူပေါင်း ၄၇ ဒသမ ၈သန်းကျော်ရှိပြီးသိပ်သည်းဆအနေဖြင့် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၉၃ ရာခိုင်နှုန်းခန့် ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့ပါ၍ ဆက်သွယ်ရေးကောင်းမွန်စေရန် မြန်မာဂြိုလ်တုစနစ်စီမံကိန်းကိုလည်း Intelsat Global Sale and Marketing Ltd နှင့် (၂၇-၅-၂၀၁၆)ရက်နေ့တွင် (၅)နှစ်သက်တမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး မြန်မာဂြိုလ်တုစနစ်စီမံကိန်း MyanmarSat 1 ကိုတည်ထောင်ခဲ့ပါသည်။ ဂြိုလ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ သက်သာသောနှုန်းထားများဖြင့် တဆင့်ပြန်လည် ငှားရမ်းပေးခဲ့ပါသည်။ ထို့အတူ MyanmarSat 2 စီမံကိန်းကိုလည်း Intelsat Global Sale and Marketing Ltd နှင့် (၁-၆-၂၀၁၈) ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်မတ်လတွင် ဂြိုလ်တုလွှတ်တင်သွားမည်ဖြစ်ရာ ၂၀၁၉ ဇွန်လတွင် C Band 432 MHz နှင့် Ku Band 432 MHz ကို အသုံးပြုနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် အညီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် e-Government စနစ်အောင်မြင်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် e-Government ဦးဆောင်ကော်မတီနှင့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ရုံးလုပ်ငန်းဆိုင်ရာများကိုလည်း ဆောင်ရွက်လျက်ရှိပြီးနိုင်ငံတကာသုံးမြန်မာယူနီကုတ်စံစနစ်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ်တည်ထောင်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပိုင်ဂြိုလ်တု ထရန်စပွန်ဒါ ငှားရမ်းရေးဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် ကြီးကြပ်ကွပ်ကဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

တိုးတက်များပြားလာမည့် e-Government လုပ်ငန်းစဉ်များအား အမျိုးသားအဆင့်သို့ဟန်ချက်ညီစွာ ပေါင်းစပ် အဆင့်မြှင့်တင်ပြီးနိုင်ငံသားများအား ပိုမိုကောင်းမွန်သော Online ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အမျိုးသားအဆင့် သတင်းအချက်အလက်ဗဟိုဌာနကြီးဖြစ်သော e-Government Integrated Data Center (e-GIDC) အားနေပြည်တော်တွင် ကိုရီးယားနိုင်ငံ၊ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်းဖြင့် တည်ဆောက်သွားရန်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခဲ့ရာခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့်စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ နိုင်ငံတကာသုံးမြန်မာယူနီကုဒ်စံစနစ်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအနေဖြင့် e-Government စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့်ယူနီကုဒ်သုံးမြန်မာစာစံစနစ်ဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲများကို အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် ပြုလုပ်ခဲ့ပြီး သဘောတူဆုံးဖြတ်ချက်များအရ ဖောင့်ရေးသား၊ ထုတ်လုပ်၊ ဖြန့်ချီသူများသည် မိမိဖောင့်ကိုနိုင်ငံတကာ ISO10646 အသိအမှတ်ပြု မြန်မာယူနီကုဒ်စံစနစ်နှင့် ကိုက်ညီအောင် ရေးသားထုတ်လုပ်ရန်၊ မြန်မာယူနီကုဒ်စံစနစ်ကို ဆောလျှင်စွာစမ်းသပ်ကူးပြောင်းသုံးစွဲရန်၊ ဦးစားပေး ရေးဆွဲရန်လိုအပ်သော စံချိန်စံညွှန်းများကိုဆွေးနွေးဖော်ထုတ်သွားရန်၊ နည်းပညာဆပ်ကော်မတီအနေဖြင့် စတင်ရေးဆွဲရန်ဆုံးဖြတ်ထားသည့် စံချိန်စံညွှန်းများအတွက် အဆိုပြုလွှာပုံစံအား သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ပါသဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများကို အတတ်နိုင်ဆုံး မှီငြမ်းကိုးကားပြုစုရေးဆွဲနိုင်ရေးနှင့် စံချိန်စံညွှန်းတစ်ခု(မူကြမ်း) ပြုစုချိန်ကိုအကြမ်းအားဖြင့် (၆)လ သတ်မှတ်နိုင်ရေး အဆိုပြုလွှာပုံစံတွင် ရေးဆွဲမည့် စံချိန်စံညွှန်းတစ်ခုချင်းအတွက်လုပ်ငန်းအစီအစဉ်များနှင့်အတူ တင်ပြနိုင်ရေးတို့နှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အများပြည်သူအကျိုးငှာနေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေး အစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၄ နှင့်အညီအခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေတစ်ရပ်ထူထောင်၍ ယင်းရန်ပုံငွေကို၊ ကြီးကြပ်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းစည်းမျဉ်းကို အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာစေရေးကိုအထောက်အကူပြုနိုင်ရန် ကြိုးပမ်းလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေဘဲ ဆက်သွယ်မှုကောင်းမွန်စွာရရှိရေးအတွက် Universal Service Fund, USF ကိုလိုင်စင်ရဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများ၏ ထည့်ဝင်ငွေဖြင့် ထူထောင်ပြီးအဆိုပါ ရန်ပုံငွေဖြင့်ဆက်သွယ်ရေးအော်ပရေတာများမှ ဆောင်ရွက်နိုင်ခြင်းမရှိသည့်ဒေသများနှင့် ဝေးလံခေါင်ဖျားကျေးလက်ဒေသများတွင်အခြေခံဆက်သွယ်ရေး ဝန်ဆောင်မှုများရရှိစေရေးအပါအဝင် အခြားအခြေခံဆက်သွယ်ရေးဆိုင်ရာ အစီအစဉ်များအားအကောင်အထည်ဖော်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် (၁၀)ခုရှိမြို့နယ် (၂၃)မြို့နယ်တွင် Pilot Project ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။













# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း



**ဦးမင်းချစ်ဦး**
ကျောင်းအုပ်ကြီး

## နောက်ခံသမိုင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်အချိန်တွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ရေကြောင်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာန/သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန (၂)ခုခွဲ၍ ဖွဲ့စည်းခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ၎င်းဝန်ကြီးဌာန (၂)ခုကို သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲ၍ ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လတွင် ၎င်းဝန်ကြီးဌာနကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဟုပြင်ဆင်၍ လုပ်ငန်းဌာနပေါင်း (၁၇)ခုဖြင့် ဖွဲ့စည်းခဲ့ရာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အား ပေါင်းစည်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ကျောင်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၏လက်အောက်ခံဌာန/လုပ်ငန်း(၁၈)ခုအနက် (၁)ခုအပါအဝင်ဖြစ်ခဲ့သည်။ လက်ရှိအခြေအနေတွင် စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ ရထားဆိုင်ရာသင်တန်းများ၊ မော်တော်ယာဉ်သင်တန်းများ၊ စက်မှုလက်မှုဆိုင်ရာ သင်တန်းများနှင့် ဆက်သွယ်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

## မူဝါဒ

နိုင်ငံတော်၏ ပို့ဆောင်၊ ဆက်သွယ်ရေး ဝန်ဆောင်မှုကဏ္ဍများအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်။

## ရည်မှန်းချက်တာဝန်များ

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်း (၁၈)ခုမှ အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းလက်စွဲပါ လုပ်နည်းစနစ်များနှင့် တိုးတက်လာသောနည်းပညာများကို ကျွမ်းကျင်တတ်မြောက်စေရေး လေ့ကျင့်ပေးရန်။ လက်ဝယ်ရှိစွမ်းအားစုများကို ထိရောက်စွာပေါင်းစပ်သုံးစွဲစီမံခန့်ခွဲ၍ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင် နိုင်စေရန်၊ အမျိုးသားနိုင်ငံရေးဖြစ်စဉ်အား သိမြင်နားလည်ပြီး ပြည်သူနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ရည်မှန်းချက် တာဝန်များအတိုင်း လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

## လုပ်ငန်းစဉ်များ

မူဝါဒများနှင့် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် ကျောင်းရှိ နည်းပြများ၊ ဝန်ထမ်းများနှင့်သင် တန်းသား/သင်တန်းသူများကို နည်းပညာနှင့်လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေး၊ စိတ်ဓါတ်၊ စည်းကမ်း၊ ခံယူချက်တည့်မတ်မှန်ကန်စေရေးအတွက် ဦးတည်ရည်မှန်းလေ့ကျင့်ပျိုးထောင်ပေးရန်၊ စာတွေ့သာမက လက်တွေ့နယ်ပယ်၌ပါ နှံ့စပ်ကျွမ်းကျင်စေရေးအတွက် လုပ်ငန်းခွင်နှင့်ဆက်စပ်သော စက်ရုံ၊ အလုပ်ရုံ၊ သင်တန်းများသို့ သွားရောက်လေ့လာသင်ယူစေရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို အခြေခံ၊ မွမ်းမံနှင့် ဥက္ကာသစ်လောင်းဟူ၍ အဆင့်ဆင့် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးရန်၊ တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ပြည်ပသို့ပညာတော်သင်များ စေလွှတ်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းများတွင် ကျောင်းမှဝန်ထမ်းများ စဉ်ဆက်မပြတ် ပါဝင်တက်ရောက်စေရန်၊နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အထောက်အကူပြုနိုင်ရေးအတွက်နောက်တွဲပါ (၂၂ ဘီးယာဉ်)များ မောင်းနှင်နိုင်မည့် ကျွမ်းကျင်ယာဉ်မောင်းများမွေးထုတ်ပေးရန်၊ မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ရေးအတွက် ယာဉ်မောင်း၊ ယာဉ်ပြင်၊ ဂဟေ၊လျှပ်စစ်အခြေခံသင်တန်းများ Public သို့ဖွင့်လှစ်ပေးနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်၊ ဝန်ကြီးဌာန (၃)ခုအားပေါင်းစုလိုက်သည့်အတွက် တိုးလာသောဌာနများ၏ လိုအပ်ချက်များနှင့်အညီ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနိုင်ရန်၊ အရည်အချင်း မြင့်မားသော ဘွဲ့ရဝန်ထမ်းများ ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းတို့ဖြင့် ကျောင်း၏ Capacity ကို မြှင့်တင်တည်ဆောက်ရန်၊ လေ့ကျင့်ရေးကွင်းများကို အဆင့်မြှင့်တင်တည်ဆောက်ရန်နှင့် အရည်အသွေး၊ အရည်အချင်းရှိသော သင်ထောက်ကူပစ္စည်းများ စုဆောင်းဖြည့်တင်း၍ သင်ကြားပေးရန်၊ ကျောင်းနေပျော်စေရေးအတွက် ဝန်ထမ်းများနှင့် သင်တန်းသားများသက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးရန်စသည့် လုပ်ငန်းစဉ်များဖြင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

## ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ ဖွဲ့စည်းပုံကို အရာထမ်း (၃၅)နေရာ၊ အမှုထမ်း (၂၃၀) နေရာ၊ စုစုပေါင်း (၂၆၅) နေရာဖြင့် ဖွဲ့စည်းထားခဲ့ပြီး ၂/၃ အင်အားအရ (၁၇၇) ဦး၊ ခန့်ထားနိုင်သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် (၁၇၆)ဦး ခန့်ထားနိုင်သဖြင့် (၈၉)ဦးလစ်လပ်လျက်ရှိသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းကို ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့၏ ကွပ်ကဲမှုအောက်တွင် စီမံခန့်ခွဲရေးဌာနနှင့်သင်ကြားလေ့ကျင့်ရေးဌာနဟူ၍ ဌာနကြီး (၂)ခုဖြင့် ဖွဲ့စည်းထားရှိပြီး စီမံခန့်ခွဲရေးဌာနအောက်တွင် စီမံခန့်ခွဲရေး ဌာနခွဲ၊ ထောက်ပံ့ရေး ဌာနခွဲစသည့် ဌာနခွဲ (၂)ခုနှင့် သင်ကြားလေ့ကျင့်ရေးဌာနအောက်တွင် သင်ကြားလေ့ကျင့်ရေး (စာပေ)ဌာနခွဲ၊ သင်ကြားလေ့ကျင့်ရေး (ပစ္စည်း)ဌာနခွဲ၊ ရထားသင်တန်းဌာနခွဲ၊ စက်မှုလက် သင်တန်းဌာနခွဲ၊ မော်တော်ယာဉ်သင်တန်းဌာနခွဲ၊ ဆက်သွယ်ရေးသင်တန်းဌာနခွဲစသည့် ဌာနခွဲ (၆)ခု ရှိသည်။

## သင်တန်းအမျိုးအစားများ။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ သင်တန်းဌာနခွဲအလိုက် သင်ကြားလေ့ကျင့်ရေး (စာပေ) ဌာနခွဲမှ သင်တန်း (၅) မျိုး၊ သင်ကြားလေ့ကျင့်ရေး (ပစ္စည်း) ဌာနခွဲမှ သင်တန်း (၁)မျိုး၊ မော်တော်ယာဉ် သင်တန်းဌာနခွဲမှ သင်တန်း (၃)မျိုး၊ စက်မှုလက်မှုသင်တန်းဌာနခွဲမှ သင်တန်း (၂)မျိုး၊ ဆက်သွယ်ရေးသင်တန်းဌာနခွဲမှ သင်တန်း(၄)မျိုး၊ ရထားသင်တန်းဌာနခွဲမှ သင်တန်း(၂၇)မျိုး၊ လက်ရှိသင်ကြားပေးလျက်ရှိသည်။

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်ထိ သင်တန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၂၀၁၇-၂၀၁၈ ခုနှစ်၊ သင်ကြားလေ့ကျင့်ရေးနှစ်အတွက် သင်တန်းအမျိုးအစား (၃၈)မျိုး၊ (၄၈)ကြိမ်၊ သင်တန်းသားဦးရေ (၁၁၇၂)ဦး ဖြင့် သင်ကြားလေ့ကျင့်ပေးရန် စီမံလျာထားအကောင်အ ထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ သင်ကြားလေ့ကျင့်ရေးနှစ်အတွက် သင်တန်းအမျိုးအစား (၂၇) မျိုး၊ သင်တန်းအကြိမ် (၂၇) ကြိမ် သင်တန်းသားဦးရေ (၆၉၀)ဦးဖြင့် သင်ကြားပို့ချလေ့ကျင့်ပေးလျက်ရှိပါကြောင်းနှင့် အစီရင်ခံသည့်ကာလအတွင်း သင်တန်းအမျိုးအစား (၃၅) မျိုး၊ သင်တန်းအကြိမ် (၃၅) ကြိမ်၊ သင်တန်းသားဦးရေ (၉၈၁) ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

## ပြင်ပအခြေခံယာဉ်မောင်း/ယာဉ်ပြင်သင်တန်းဖွင့် လှစ်ခြင်း

ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ကျောင်း၌ပြင်ပအခြေခံယာဉ်မောင်း သင်တန်းအကြိမ် (၂၃၃)ကြိမ်ကို သင်တန်းသား (၂၆၁၄၀) ဦး ဖြင့်လည်းကောင်း၊ ပြင်ပအခြေခံယာဉ်ပြင်သင်တန်းအကြိမ် (၁၀၇) ကြိမ်ကို သင်တန်းသား (၂၃၂၄) ဦးဖြင့်လည်းကောင်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

## ယာဉ်ကြီးမောင်း (၁၈-ဘီး၊ ၂၂-ဘီး) သင်တန်းဖွင့်လှစ်ခြင်း

ပြည်ပယာဉ်ကြီးမောင်းသင်တန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်သင်ကြားလေ့ကျင့်ရေးနှစ်မှစ၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း (CBTA) အတွက် ယာဉ်ကြီးမောင်း (၁၈-ဘီး၊ ၂၂-ဘီး) သင်တန်းများဖွင့်လှစ်၍ ကျွမ်းကျင်ယာဉ်မောင်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ သင်တန်းအကြိမ် (၂၂) ကြိမ်ကို သင်တန်းသား (၁၄၀၆) ဦးဖြင့် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ် သည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် သင်တန်းသား/သူ များ သက်သာချောင်ချိရေးအတွက် အလေးထားဆောင်ရွက်ပေးထားခြင်း၊ သင်ကြားလေ့ကျင့်ရေးဆိုင်ရာကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ထားခြင်း၊ နည်းပြများနှင့် ဝန်ထမ်းများ အရည်အသွေး တိုးမြှင့်အောင် ပြည်တွင်းသင်တန်းစေလွှတ်ခြင်း၊ ပြည်ပ ဆွေးနွေးပွဲ သင်တန်းများသို့ စေလွှတ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းခြင်း၊ သရုပ်ပြ စက်ခေါင်းငယ် နှင့် ရထားတွဲများထားရှိခြင်း၊ Training Of Trainer သင်တန်းများ၊ IP Networking Laboratory သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှုဘောင်တစ်ရပ်ထူထောင်နိုင်ရေးအတွက် Myanmar HIDA (AOTS) Alumni Association (MHAA) အဖွဲ့နှင့် ကျောင်းသားဟောင်းတို့ပူးပေါင်းပြီး Employee Development Training Program သင်တန်းဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအဖြစ် ဝါးပင်များစိုက်ပျိုးထားရှိခြင်း၊ လျှော်ဖြူပင်များ စိုက်ပျိုးခြင်းတို့နှင့် အထွေထွေကိစ္စရပ်များဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များ ပင့်ဆောင် ပူဇော်ပွဲကျင်းပခြင်း၊ (၂၄) ကြိမ်မြောက် မိသားစုမဟာဘုံကထိန်ပွဲ ကျင်းပခြင်း၊ လွတ်လပ်ရေးနေ့ အားကစား ပြိုင်ပွဲကျင်းပခြင်း၊ မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲကျင်းပခြင်း၊ အသံမစဲ မဟာပဌာန်းပွဲ ကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျောင်းမွေးနေ့ (ပတ္တမြားရတု) ကျင်းပခြင်း၊ လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာများ ပတ်သက်သော အကြောင်းအရာများ၊ အသိပညာပေးဟောပြောပွဲများ၊ ကျင်းပပြုလုပ်ခဲ့သည်။






## နိဂုံး

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် လက်အောက်ခံဌာန (၁၈)ခုတို့မှ ဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို နာခံ၍ စိတ်ဓါတ်၊ စည်းကမ်း၊ စွမ်းရည်ပြည့်ဝပြီး အရည်အချင်းမြင့်မားသော ကျွမ်းကျင်သူများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး **"ကျောင်းနေပျော်၍ လေ့ကျင့်မှုတော်ရမည်"** ဟူသော ဆောင်ပုဒ်ကို ချမှတ်ကာ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်



ဦးခင်မောင်ထွန်း
ကျောင်းအုပ်ကြီး

## သမိုင်းကြောင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီးပေါ်တွင်တည်ရှိပြီး မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သည် မြန်မာပြည်တွင် ရေကြောင်းပညာရပ်နှင့် ရေကြောင်းအင်ဂျင်နီယာပညာရပ်များကို အနိမ့်ဆုံးသင်္ဘောသားများတတ်မြောက်ရန် လိုအပ်သည့်အခြေခံအဆင့်မှအမြင့်ဆုံးရေယာဉ်မှူးကြီး၊ အင်ဂျင်နီယာမှူးကြီးများ တတ်မြောက်ရန်လိုအပ်သည့် အထက်တန်းအဆင့်အထိသင်တန်းများ သင်ကြားပို့ချပေးနေသော ကောလိပ်တစ်ခုဖြစ်ပါသည်။

၁၉၆၃-ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနများပူးပေါင်းပြီး ဆိပ်ကြီးတပ်မတော်(ရေ) လေ့ကျင့်ရေးကျောင်းတွင် ကုန်သွယ်ရေကြောင်းသင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြင့်စတင်၍ သန္ဓေတည်ခဲ့ပါသည်။ ၁၉၇၁-ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ဆင်မလိုက်သို့ပြောင်းရွှေ့ပြီး ကုန်သွယ်ရေကြောင်းသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ၁၉၇၂-ခုနှစ်၊ မတ်လ (၁၅)ရက်နေ့တွင် ရေကြောင်းပညာသိပ္ပံကို မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။ ၂၀၀၉-ခုနှစ်၊ မတ်လ (၂၅)ရက်နေ့တွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အဆင့်မြှင့်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

## မူဝါဒ

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်အနေဖြင့် အောက်ပါမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်းအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက်အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏(International Convention on Standard of Training, Certification and Watchkeeping for Seafarer) (STCW) ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီအဆင့်မီသောကုန်သွယ်ရေကြောင်းအတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရန်။

(ခ) သင်ကြားမှု အရည်အသွေးမြင့်မားစေရေးအတွက်အရည်အသွေးအာမခံမှုစနစ် ထူထောင်ပြီးငင်းစနစ်အတိုင်းတိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

## ရည်မှန်းချက်

အောက်ပါရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ပါမည်-

(က) အမျိုးသားရေးစိတ်ဓါတ်မြင့်မားပြီး အရည်အသွေးပြည့်ဝကျွမ်းကျင်သည့် ရေယာဉ်ဝန်ထမ်းကောင်းများလေ့ကျင့်မွေးထုတ်ရန်။

(ခ) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် ရေကြောင်းဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများအားကြီးကြပ်ဆောင်ရွက်ရန်။

## လုပ်ငန်းစဉ်များ

အောက်ပါလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပါမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ အတွက် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ခြင်း။

(ခ) နိုင်ငံတကာသွားလာသည့် ကုန်သွယ်ရေကြောင်းရေယာဉ်များတွင် တာဝန်ထမ်းဆောင်ကြမည့်သူများအတွက်ကျွမ်းကျင်တတ်မြောက်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း။

## သင်တန်းများဖွင့်လှစ်ထားရှိမှု

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သည် အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်အောင် ရေကြောင်းမျိုးဆက်သစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျှက်ရှိပါသည်။ ဤကောလိပ်တွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာ(၂)နှစ် သင်တန်း (၂)မျိုးအပြင် ပင်လယ်ရေကြောင်းကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာသင်တန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေး အသက်အန္တရာယ်လုံခြုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ၊ အခြားလိုအပ်သောသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပါသည်။

## ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာ (၂) နှစ်သင်တန်းဖွင့်လှစ်သင်ကြားမှု

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်း ဒီပလိုမာ(၂)နှစ်သင်တန်းအတွက် ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း Diploma in Nautical Studies (Dip.N.S) နှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းဒီပလိုမာသင်တန်း Diploma in Maritime Technology (Dip.Mar. Tech) ဟူ၍ ဘာသာရပ် (၂)မျိုးဖြင့် ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပါသည်။

အဆိုပါ အရာရှိလောင်း၏ သင်ကြားရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ သက်ဆိုင်ရာဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရာတွင် I.M.O သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲထားသည့်အပြင် လေ့ကျင့်ရေးပိုင်းဆိုင်ရာတွင်လည်း အရာရှိငယ်တစ်ဦးတတ်ကျွမ်းသိထိုက်သည့် (Navigation) (Operation) (Watchkeeping) (Cargo Handing) ကုန်တင်ကုန်ချလုပ်ငန်းများစသည့် (၃)မျိုးလုံးကို ကျွမ်းကျင်တတ်မြောက်ထားစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။

အရာရှိလောင်းဒီပလိုမာ (၂)နှစ်သင်တန်းတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/Diploma in Maritime Technology) နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical Cadet/En- gineering Cadet Training Course Completion Certificate) များ အပ်နှင်းပေးပါသည်။ ယင်းအရာရှိ လောင်းဒီပလိုမာ (၂) နှစ်သင်တန်းသည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (International Maritime Organization-IMO) ၏ အသိအမှတ်ပြု ဒီပလိုမာသင်တန်းဖြစ်သည်နှင့်အညီ နိုင်ငံတကာရှိရေကြောင်းတက္ကသိုလ်၊ ကောလိပ်များတွင် ကျင့်သုံးသောစနစ်အတိုင်း လေ့ကျင့်သင်ကြားပို့ချပေးလျှက်ရှိပါသည်။ သင်တန်းပြီးဆုံးပါ က နိုင်ငံတကာရေကြောင်းလိုင်းများရှိ ရေယာဉ်များတွင် ပင်လယ်ပြင်လုပ်သက်ရယူပြီး တာဝန်ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။

## အလုပ်အကိုင်ရရှိမှုအခြေအနေ

၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဒီပလိုမာရရှိသော ကျောင်းသားများမှစ၍ Diploma in Nautical Studies ကျောင်းသားများအတွက် ရေယာဉ်ပေါ်လက်တွေ့တာဝန်ထမ်းဆောင်မှုနှင့်ဆိုင်သော ပင်လယ်ပြင်လုပ်သက်အားသတ်မှတ်ချက်များနှင့် ကိုက်ညီပါက မူလ (၂)နှစ်မှ (၁) နှစ် (၆)လသို့ လျော့ချပေးခြင်း၊ ယခင်ကဒီပလိုမာရရှိပြီးနောက် ပင်လယ်ပြင်လုပ်သက်ပြည့်ပါက ထပ်မံတက်ရောက်ရသော မွမ်းမံသင်တန်း (၆)လ အား တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပေးပြီး စာမေးပွဲသို့တိုက်ရိုက်ဖြေဆိုခွင့်ခြင်း၊ စာမေးပွဲတွင်လည်း ယခင်က (၆)ဘာသာအစားအဓိက ဘာသာကြီး (၂)ဘာသာကိုဖြေဆိုရခြင်း စသောဖြေလျှော့မှုများအား ဝန်ကြီးဌာန၏သဘောတူချက်ဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုပေးခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာခဲ့ပါသည်။ Diploma in Maritime Technology ကျောင်းသားများအတွက်လည်း ဖြေလျှော့မှုများဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်မှုများကြောင့် ကိုရီးယားနိုင်ငံ KLCSM ၊ JSM ၊ HUAYANG MARITIME CENTER ကုမ္ပဏီမှ ဒုတိယနှစ်ကျောင်းသားများအတွက် ပညာသင်ဆုချီးမြှင့်ပြီး အလုပ်အကိုင်အတွက်ပါ လျာထားသတ်မှတ်ပေးခြင်း၊ အခြားသောအလုပ်အကိုင်အာမခံချက်ကောင်းသည့် ရေယာဉ်ကုမ္ပဏီများကပါ နှစ်စဉ်လာရောက်ခေါ်ယူခြင်းတို့ ပြုလုပ်လာကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာခဲ့ပါသည်။ လက်ရှိစာရင်းများအရ ဒီပလိုမာရရှိပြီး (၁) နှစ်ကျော်ခန့်ကာလတွင် ကျောင်းသား (၉၀%)ကျော် အလုပ်အကိုင်ရရှိပြီးဖြစ်ကြောင်းတွေ့ရှိရပါသည်။

နိုင်ငံတကာ ကုန်သွယ်ရေကြောင်းလောကသည် ကျယ်ပြန့်လှပြီး လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများစွာ တည်ရှိနေသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ၎င်းအလုပ်အကိုင်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် အရည်အသွေးပြည့်ဝ၍ စွန့်စားလုပ်ကိုင်လိုသော စည်းကမ်းစိတ်ဓါတ်ကောင်းမွန်သော တက်ကြွနိုးကြားသော မြန်မာလူငယ်ရေကြောင်းအရာရှိလောင်းများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်းနှင့် ဤကောလိပ်၏ လေ့ကျင့်သင်ကြားမှုစွမ်းရည်သည်လည်း အရည်အသွေးပြည့်မီကောင်းမွန်ကြောင်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်အပါအဝင် တာဝန်ရှိအဖွဲ့အစည်းများ၏ အကြိမ်ကြိမ်သောအရည်အသွေးစစ်ဆေးမှုများကိုလည်း အောင်မြင်စွာဖြတ်ကျော်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် အနာဂတ်ကာလများတွင်လည်း ပိုမိုထိရောက်အရည်အသွေးမြင့်မားသော သင်ကြားမှုစနစ်များ ဆရာ/ဆရာမများ သင်ကြားမှုအထူးပြုပစ္စည်းများဖြင့် နိုင်ငံတကာမှ လူငယ်များနှင့် ယှဉ်ပြိုင်ရင်ဘောင်တန်းလုပ်ကိုင်ဆောင်ရွက်နိုင်သော စွမ်းရည်မြင့်မားသည်မျိုးဆက်သစ်မြန်မာလူငယ်များ၏ ရေကြောင်းကဏ္ဍစာမျက်နှာသစ်များ ဖွင့်လှစ်ဖော်ဆောင်သွားနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်အနေဖြင့်လည်း COC 3d COP သင်တန်းများပြန်လည်ဖွင့်လှစ်၍ ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်လျက်ရှိပါသည်။







# မြန်မာ့စာတိုက်လုပ်ငန်း



**ဦးခမ်းအောင်**
**ဦးဆောင်ညွှန်ကြားရေးမှူး**

မြန်မာ့စာတိုက်လုပ်ငန်းသည် ဝန်ကြီးဌာနမှချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်များအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စာပို့တိုက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်၍ ဆောင်ရွက်ခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ Vision ဖြစ်သော "လူတိုင်းအတွက်မြန်မာ့စာတိုက်" (Myanmar Post For Everyone) ဖြင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ ဖွဲ့စည်းပုံအသစ်ပါအရာထမ်း (၁၀၂) ဦး၊ အမှုထမ်း (၅,၈၁၈)ဦးတို့ကို ခွင့်ပြုပေးခဲ့ပြီး အရာထမ်း (၅၃)ဦး၊ အမှုထမ်း (၄,၆၄၄)ဦးတို့သည် စာတိုက်ရုံးပေါင်း (၁,၃၈၇)ဖြင့် ကျေးလက်ဒေသအရောက်စာပို့ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ချုပ်ဆိုခဲ့သောနည်းပညာနှင့် နည်းစနစ်ကူညီပံ့ပိုးရေးဆိုင်ရာသဘောတူစာချုပ် (Memorandum on Cooperation) အား (၄-၅-၂၀၁၈)ရက်နေ့တွင် သက်တမ်းတိုးချုပ်ဆိုခဲ့ပြီး ၎င်း၏ဆက်စပ်အစီအစဉ်အရ (JICA) ၏ စာတိုက်ဝန်ဆောင်မှုအရည်အသွေးမြှင့်မားရေးအတွက် ၂၀၁၆ ခုနှစ် ဖွန်လမှ ၂၀၁၉ ခုနှစ် ဖွန်လအထိ (၃)နှစ်တာစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း၏ မူလဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည့် ပြည်တွင်းပြည်ပစာ၊ ပါဆယ်ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ပြည်တွင်းပြည်ပအမြန်ချောပို့လုပ်ငန်းများ၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများနှင့် စာပို့တံဆိပ်ခေါင်းရောင်းချခြင်းလုပ်ငန်းများအပြင် ခေတ်စနစ်အလိုက်သုံးစွဲသူပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည့်အနေဖြင့် Online မှ ဈေးဝယ်ခြင်းများ မြင့်တက်လာနေသည့်အတွက် Online Shopping လုပ်ငန်းဆောင်ရွက်နေကြသော လုပ်ငန်းရှင်များနှင့် ဝယ်ယူသူများအကြား လိုအပ်နေသော အိမ်တိုင်ရာရောက်ပေးဝေမှုလုပ်ငန်းများ၊ Mobile Top-up ငွေဖြည့်ခြင်းလုပ်ငန်းများ၊ လေယာဉ်လက်မှတ်၊ ကား လက်မှတ်များကို Online မှ ရောင်းချပေးခြင်းလုပ်ငန်းများ စသည့်ဝန်ဆောင်မှုလုပ်ငန်းအသစ်များကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းတွင်IT နည်းပညာအားအသုံးပြု၍ သုံးစွဲသူမှမိမိ၏စာ၊ ပါဆယ်ရောက်ရှိခြင်းရှိ/ မရှိကို www.myanmarepost.com တွင် ဝင်ရောက်စစ်ဆေးနိုင်ခြင်း၊ စုံစမ်းမေးမြန်း အကြံပြုနိုင်ခြင်းနှင့် ပြည်တွင်းအမြန်ချောပို့လုပ်ငန်းတွင် Smart Phone ကိုအသုံးပြု၍ စာပေးဝေမှုအခြေအနေများကို စောင့်ကြည့် စစ်ဆေးသည့်စနစ် (Delivery Monitoring System) ဖြင့် ခေတ်မီစွာဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း၏ ဆဋ္ဌမအကြိမ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင် (၁၁-၆-၂၀၁၈)ရက်နေ့မှ (၁၃-၆-၂၀၁၈) ရက်နေ့ထိကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှတက်ရောက်၍ လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း၊ မန္တလေးစာတိုက်ကြီးတွင် Ministry Of Internal Affairs and Communications (MIC) မှ ခေတ်မီကောင်တာ၊ Japan Post မှ တိုကင်ထုတ်သည့်စက် (Queuing Machine) နှင့် Nagata Myanmar မှ Digital Signage Player အသီးသီးလှူဒါန်းခဲ့ကြပြီး ဖွင့်ပွဲအား (၂-၇-၂၀၁၈)ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းရှိ အရာထမ်းများ၏လုပ်ငန်းခွင်အတွင်း အုပ်ချုပ်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ Panellist Business Services မှ ဖွင့်လှစ်ထားသော Tanacity Academy မှ Shifting Mind Set & Transforming Organizational Needs အခမဲ့သင်တန်းအား Thinking I Can, Belief System, Transforming Leadership, Service Excellence, Effective Communication ခေါင်းစဉ် (၅)ခုဖြင့် မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင် (၉-၈-၂၀၁၈)ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ အရာထမ်း/ အမှုထမ်း (၃၉)ဦးတက်ရောက်သင်ကြားခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းသည် သုံးစွဲသူမိဘပြည်သူများအား ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် ပြောင်းလဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သုံးစွဲသူမိဘပြည်သူများသိရှိလိုသောအချက်အလက်များအား အလွယ်တကူစုံစမ်းမေးမြန်းနိုင်ရန်နှင့် ဝန်ဆောင်မှုများအားကျေနပ်မှုမရှိပါက **"သုံးစွဲသူဝန်ဆောင်မှုဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၂၀၈၈၈" နှင့် www.facebook.com/ MyanmarPostService/** Facebook Page သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

### မြန်မာ့စာတိုက်လုပ်ငန်းမှ အထူးဝန်ဆောင်မှုလုပ်ငန်းများ

| | | |
|---|---|---|
| ၁။ | လုပ်ငန်းပြည့်စာတိုက် | -၇၉၃ရုံး |
| ၂။ | ပြည်တွင်းအမြန်ချောပို့လုပ်ငန်း | -၃၀၇ရုံး |
| ၃။ | ပြည်တွင်းရိုးရိုးငွေပို့လွှာလုပ်ငန်း | -၇၉၃ရုံး |
| ၄။ | ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်း | -၄၁၈ရုံး |
| ၅။ | ပြည်ပချောထုပ်ထွက်ကောင်တာ | -၁၉၁ရုံး |
| ၆။ | EMS International | -၁၀၂နိုင်ငံ |
| ၇။ | @Post | -၄၂၂ရုံး |
| ၈။ | Online Shopping | -၅၂ရုံး |
| ၉။ | Online Shopper | -၂၄၇ရုံး |
| ၁၀။ | CB Bank | -၁၃၆ရုံး |
| ၁၁။ | My Kyat | -၆၄၀ရုံး |
| ၁၂။ | OK$ | -၁၄၀ရုံး |










# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်



**ဒေါက်တာ မြတ်လွင်**
ပါမောက္ခချုပ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား တည်ဆောက်ရာ၌ အရည်အချင်းပြည့်ဝသည့် လူသားစွမ်းရည်အရင်းအမြစ်များပြုစုပျိုးထောင်ရေးတွင် လိုအပ်နေသည့်ရေကြောင်းဘက်ဆိုင်ရာနည်းပညာရှင်များ၊ အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ပြီး ဤတက္ကသိုလ်အားတည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ရေကြောင်းဘက်ဆိုင်ရာနိုင်ငံတကာနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သင်္ဘောတည်ဆောက်ရေး၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ စီမံခန့်ခွဲရေး၊ ရေကြောင်းလမ်းများ ထိန်းသိမ်းဖော်ထုတ်ရေး၊ ရေယာဉ်နှင့် သင်္ဘောများ လုံခြုံချောမွေ့စွာ ခုတ်မောင်းသွားလာနိုင်ရေးနှင့် နိုင်ငံသားများအနေဖြင့် ပင်လယ်ကူးသင်္ဘောများ၌ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးစသည့် လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာရေကြောင်းနယ်ပယ်၌ မြန်မာနိုင်ငံအနေဖြင့် ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးများစွာ လိုအပ်လျက်ရှိပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဤတက္ကသိုလ်ကြီးအား တည်ထောင်ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ရည်မှန်းချက်နှင့် တာဝန်များမှာ-

(က) ရေကြောင်းပညာဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်။
(ခ) ကျင့်ဝတ်သိက္ခာနှင့် ပြည်စုံပြီး ကျွမ်းကျင်သောရေကြောင်းပညာရှင်များမွေးထုတ်နိုင်ရန်။
(ဂ) ရေကြောင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့်သိပ္ပံနှင့်နည်းပညာတို့ကိုသင်ကြားပေးနိုင်ရန်။
(ဃ) ရေကြောင်းပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်နိုင်စေရန်။
(င) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဌာန်းချက်များကို ရေကြောင်းပညာရှင်များ သိရှိနားလည်နိုင်စေရန်။
(စ) ရေကြောင်းပညာရပ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်၊ ဩဂုတ် (၁)ရက်နေ့တွင် ကမာရွတ်မြို့နယ်၊ ဆင်မလိုက်ရှိ ရေကြောင်းသိပ္ပံကျောင်းဝင်းအတွင်း၌ ပထမအပတ်စဉ်အား စတင်ဖွင့်လှစ်ခဲ့ပါသည်။ (၁-၁၂-၂၀၀၃) ရက်နေ့တွင် ဆင်မလိုက်ရှိ ရေကြောင်းသိပ္ပံကျောင်းဝင်းအတွင်းမှ သန်လျင်မြို့နယ်၊ သီလဝါဒေသသို့ ပြောင်းရွှေ့၍ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်အား ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တက္ကသိုလ်အနေဖြင့် သင်ကြားရေးဌာနနှင့် စီမံရေးဌာနအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာတွင် သင်ကြားရေးဌာနလက်အောက်ခံ ပညာရပ်ဌာနများအနေဖြင့် ဘွဲ့ပေးဌာန (၇)ခုနှင့်အထောက်အကူပြုဌာန (၈)ခု၊သင်တန်းဌာန (၃)ခုဖြင့်လည်းကောင်း၊ စီမံရေးဌာနလက်အောက်ခံဌာနများ အနေဖြင့် စီမံခန့်ခွဲရေးဌာန (၂)ခု၊ ဘဏ္ဍာရေးဌာနခွဲ (၃)ခု၊ စခန်းဌာနခွဲ (၂)ခုတို့ဖြင့်လည်းကောင်းဖွဲ့စည်း၍ တက္ကသိုလ်၏လုပ်ငန်းတာဝန်များအောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ပေးအပ်လျက်ရှိသောဘွဲ့၊ ဒီပလိုမာများ

(က) မဟာအင်ဂျင်နီယာဘွဲ့များ
M.E (Naval Architecture)
M.E (Port and Harbor Engineering)
M.E (River and Coastal Engineering)

(ခ) အင်ဂျင်နီယာဘွဲ့များ
B.E (Naval Architecture)
B.E (Marine Engineering)
B.E (Marine Mechanical Engineering)
B.E (Port and Harbor Engineering)
B.E (River and Coastal Engineering)
B.E (Marine Electrical Systems and Electronics)
B.Sc (Hons) (Nautical Science)

(ဂ) အင်ဂျင်နီယာဒီပလိုမာဘွဲ့များ
Dip Engg; (Naval Architecture)
Dip Engg; (Port and Harbor Engineering)

(ဃ) ဘွဲ့လွန်ဒီပလိုမာ
Dip S.M (Post Graduate Diploma in Shipping Management)
Dip P.M (Post Graduate Diploma in Port Management)
Dip TLM (Post Graduate Diploma in Transport and Logistics Management)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားအား ၂၀၀၇ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်အထိ (၁၂)ကြိမ်မြောက်တိုင် တစ်ဆက်တစ်စပ်တည်း ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပနိုင်ခဲ့ပါသည်။ ယခုအခါ ရေကြောင်းဘက်ဆိုင်ရာဘွဲ့များနှင့် ဒီပလိုမာဘွဲ့ရစုစုပေါင်း (၄၈၆၀)ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်ကြားရေးကဏ္ဍအနေဖြင့် လက်ရှိတက္ကသိုလ်တွင် ဘွဲ့ကြိုကျောင်းသား (၁၄၅၁)ဦးနှင့် ဘွဲ့လွန်ဒီပလိုမာကျောင်းသား (၂၀၇)ဦးဖြင့် စုစုပေါင်း (၁၆၅၈)ဦးတက်ရောက်သင်ကြားလျက်ရှိပါသည်။

### ပညာရေးကဏ္ဍတွင် ကျောင်းသားများအလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးမှု

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ကျောင်းသားကျောင်းသူများ အလုပ်အကိုင်များရရှိနိုင်ရေးအတွက် နိုင်ငံခြားသင်္ဘောကုမ္ပဏီ (၃၀)ခု၊ ပြည်ပကုမ္ပဏီ (၈)တို့နှင့် သဘောတူစာချုပ်ချုပ်ဆို၍ ပညာသင်ဆုပေးအပ်နိုင်ရေးဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ဌာနအဖွဲ့အစည်းများနှင့် တပ်မတော် (ရေ)တို့တွင်ဝင်ရောက်တာဝန်ထမ်းဆောင်နေကြပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့မှုကြောင့် ရေကြောင်းနယ်ပယ်အသီးသီးတွင် ကျောင်းသား ကျောင်းသူ (၁၅၀၀)ဦးခန့် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

### Quality Management System (QMS)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် (Quality Management System) အား (၁-၇-၂၀၀၆) ရက်နေ့မှစတင်ထူထောင်ခဲ့ပြီး (၁၃-၁-၂၀၀၇)ရက်နေ့တွင် ISO 9001-2000 လက်မှတ်ရရှိခဲ့ပါသည်။ အလားတူ (၆-၅-၂၀၁၀)ရက်နေ့တွင် ISO 9001-2008 နှင့် (၁. ၆. ၂၀၁၈) ရက်နေ့တွင် ISO 9001-2015 လက်မှတ်အားရရှိခဲ့ပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များအနက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ပထမဦးဆုံး (Quality Management System) အားအကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည့်တက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ယခုအခါ AUN-QA ၏ Association Member University တစ်ခုလည်းဖြစ်သည့်အပြင် International Association of Maritime Universities (IAMU) ၏ Member University အဖြစ်လည်းအသိအမှတ်ပြုခံထားရပါသည်။

### အနာဂတ်ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မည့်အစီအမံများ

ဤတက္ကသိုလ်တွင် ကျောင်းသား/ကျောင်းသူ ဒီပလိုမာအပါအဝင် (၁၆၅၈)ဦးသင်ကြားနိုင်ရန်အတွက် စာသင်ဆောင် (၅)ဆောင်၊ စာသင်ခန်းမ (၂)ခုတို့ဖြင့် သင်ကြားလျက်ရှိပြီး လက်တွေ့ဓာတ်ခွဲခန်းများအနေဖြင့် ဓာတုဗေဒ၊ ရူပဗေဒ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် အလုပ်ရုံတို့သာမက အင်ဂျင်နီယာဆိုင်ရာဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလုပ်ရုံ၌လည်း စက်ကိရိယာပစ္စည်းများထပ်မံတပ်ဆင်နိုင်ရေးနှင့် ကျောင်းသားများ လက်တွေ့လေ့ကျင့်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းကိရိယာများလည်း တပ်ဆင်ပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆရာ/ဆရာမများအား ကျွမ်းကျင်ပညာရှင်များဖြင့် သင်တန်းများပို့ချပေးသွားနိုင်ရေးနှင့် နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်များစေလွှတ်ပေးသွားနိုင်ရေးအတွက် နိုင်ငံတကာတက္ကသိုလ်များပြင်ပအဖွဲ့အစည်းများနှင့် သုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။









# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း



**ဦးခင်မောင်ထွန်း**
ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာပြည်၏ အကြီးမားဆုံး 3G/4G အင်တာနက်ကွန်ရက် ပိုင်ဆိုင်ထားပြီး မိုဘိုင်းလ်သုံးစွဲသူ အများဆုံး ပိုင်ဆိုင်ထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် မြန်မာပြည်သူပြည်သားသုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုင်းဖုန်းများနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးများကို ဝန်ဆောင်မှုပေးနေသောမြန်မာနိုင်ငံ၏ပထမဦးဆုံး ထိပ်တန်းမှဦးဆောင်လျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည်။

နှစ်ပေါင်း (၁၃၀)ကျော်ကြာ မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းလုပ်ဆောင်နေသောဆက်သွယ်ရေး အော်ပရေတာဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် မိုဘိုင်းလ်ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုဧရိယာမှာ မြန်မာ့လူဦးရေ၏ ၉၀%ကျော်ကို ဖြန့်ကျက်ထားနိုင်ပြီဖြစ်ပါသည်။ MPT သည်နိုင်ငံအနှံ့အရောင်းဆိုင်များကို ပိုမိုတိုးချဲ့ဖွင့်လှစ်ပြီး ဈေးကွက်အတွင်း၌ အရောင်းမြှင့်တင်နိုင်ရေးကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ 3G/4G ကွန်ရက်ချဲ့ထွင်မှုများကိုလည်း နိုင်ငံတစ်ဝှမ်းတွင်အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။

ကျယ်ပြန့်သော အရောင်းဈေးကွက်များကို အသုံးပြု၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်တစ်နိုင်ငံလုံးအနှံ့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုတိုးတက်များပြားလာစေရန် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ KDDI-Sumitomo တို့နှင့်ပူးပေါင်း၍ တိုင်းနှင့်ပြည်နယ်အနှံ့အပြားရှိ ဝန်ထမ်းပေါင်း(၈)ထောင်ကျော်နှင့်အတူ ဆက်သွယ်ရေးနည်းပညာကဏ္ဍကိုတိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံအားရှေ့သို့လှမ်းချီနိုင်စေရန်ကြိုးပမ်းဆောင်ရွက်နေပါသည်။ MPT ၏ဦးဆောင်မှုကဏ္ဍကို တွန်းအားပေးနိုင်စေဖို့အတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ MPT ရုံးပေါင်း(၃၀၀)ကျော်နှင့် ဝန်ထမ်းဦးရေ (၈၀၀၀)ကျော်ရှိသည့် နိုင်ငံပိုင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် "နလုံးသားထဲက မြန်မာ"အစီအစဉ်ကိုတစ်နိုင်ငံလုံးရှိဝန်ထမ်းများနှင့် အတူတကွပူးပေါင်းဖော်ဆောင်လျက်ရှိပြီး ၎င်းအစီအစဉ်သည်သုံးစွဲသူမိဘပြည်သူများအတွက် အကျိုးအမြတ်ကောင်းများ ရရှိစေရန်သာမက စီးပွားရေးလုပ်ငန်းများ၊ မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများအပါအဝင်တစ်နိုင်ငံလုံးအတိုင်းတာဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကို ပိုမိုနီးကပ်စွာချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

"**နလုံးသားထဲက မြန်မာ**"ပထမဆုံးလှုပ်ရှားမှုကို ယခုနှစ်သင်္ကြန်ကာလတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ ဆေးရုံများနှင့် အခြားသောလိုအပ်သည့်နေရာများအပါအဝင်တစ်နိုင်ငံလုံးရှိ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့အစည်းပေါင်း (၆၀)ကျော်အတွက် MPT အနေဖြင့် မြန်မာကျပ်ငွေသိန်း (၂,၀၀၀)ကို လှူဒါန်းခဲ့ပါသည်။ ရခိုင်ပြည်နယ်နှင့်ရေဘေး သင့်ဒေသများအတွက် SMS Donation နှင့် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့မှစ၍ ရေဘေးသင့်ဒေသများဖြစ်သောပဲခူးတိုင်းဒေသကြီး(အရှေ့)၊ မွန်ပြည်နယ်၊ ကရင် ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း(၁၈)ခုမှ ပြည်သူများအတွက်ရက်ပေါင်း (၃၀)အထိအသုံးပြုနိုင်မည့် MPT ဖုန်း အချင်းချင်းမိနစ် (၃၀)စာအခမဲ့ခေါ်ဆိုခွင့်ကို ဆောင်ရွက်ခဲ့ပါသည်။

ဒါ့အပြင် တစ်နိုင်ငံလုံးအနှံ့ပြုလုပ်သော စုပေါင်းသွေးလှူဒါန်းပွဲများ၊ စုပေါင်းသစ်ပင်စိုက်ပျိုးလှုပ်ရှားမှုများ၊ စုပေါင်းသန့်ရှင်းရေး လှုပ်ရှားမှုအစီအစဉ်များအပါအဝင် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စွန့်ဦးတီထွင်နှင့် စီးပွားရေးလုပ်ငန်းငယ်များစသည့် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း "**တူညီလှမ်းချီ မျိုးဆက်သစ်တို့အနာဂတ်ဆီ**"ဟူသည့်ဆောင်ပုဒ်အတိုင်း အနာဂတ်လူငယ်တွေအတွက်အကျိုးရှိစေမည့် ကဏ္ဍမျိုးစုံကိုကြိုးပမ်းအကောင်ထည်ဖော်ကာ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးကဏ္ဍတွင် MPT သည်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ဖြင့် ပူးပေါင်း၍ကလေးငယ်များအကြား တစ်ကိုယ်ရည်သန့်ရှင်းမှုတိုးတက်လာစေရန် "**လက်သန့်ရှင်းရေး ပညာပေးအစီအစဉ်**"ကိုယခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ခြင်းကို အလေးထားဆောင်ရွက်နေသည်နှင့်အညီ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍"First Aid For All" ရှေးဦးသူနာပြု အစီအစဉ်ကိုလည်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် MPT ကရေရှားပါးသည့်ဒေသများတွင် ရေရှည်တည်တံ့ပြီးသန့်ရှင်းသောရေအရင်းအမြစ်ကို ထောက်ပံ့ပေးနိုင်ရန်ရေတွင်း၊ ရေကန်များ၊ တူးဖော်ဆောင်ရွက်ပေးနေသည့်"**သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်**"ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍတွင်လည်း မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်မှုများ ပိုမိုတိုးတက်လာစေရန်အားတက်သရော ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီဂျစ်တယ်နည်းပညာများ ပိုမိုပျံ့နှံ့နားလည်စေရန်ရည်ရွယ်၍ သတင်းအချက်အလက်စင်တာ (MPT Telecenter)ကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ MPT Branded Store ဆိုင်(၄၀)တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အပြင် NLD ပညာရေးကွန်ရက်နှင့် ပူးပေါင်း၍"ရှေ့သို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ"အစီအစဉ်ကိုလည်း ၂၀၁၆ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင် ပြည်နယ်နှင့်တိုင်း (၇)ခုမှာရှိတဲ့နေရာ (၁၅)နေရာမှာ ကွန်ပျူတာအလုံး (၃၀၀)နဲ့အင်တာနက် အသုံးပြုနိုင်ဖို့တွေအပြင်ကွန်ပျူတာများကို Maintenance လုပ်ခြင်းများအပါအဝင် သင်တန်းဆရာတွေကိုပါ အထောက်အပံ့ပေးခဲ့ပြီးဖွင့်လှစ်သင်ကြားပေးခဲ့သော အမေ့အိမ်ပညာရေးကွန်ရက်ကျောင်းပေါင်း(၁၅)ကျောင်းတွင် ကျောင်းသားပေါင်း(၂၁၀၀)ကျော် သင်တန်းတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ မေလမှ ဇွန်လအတွင်းလုပ်ဆောင်ခဲ့သည့်နိုင်ငံတစ်ဝှမ်းကို လုပ်ငန်းခွင်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်တွင်လည်း နိုင်ငံတစ်ဝှမ်းမှ နည်းပညာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား/ကျောင်းသူ(၈၀၀)ကျော်ကို MPT ရုံးများနှင့် လုပ်ငန်းခွင်များတွင် သင်တန်းသားများအဖြစ် လက်ခံခဲ့ပြီး MPT ၏ကမ္ဘာ့အဆင့်မီ 3G၊ 4G LTE+ ကွန်ရက်၏ ဆက်သွယ်မှုများအကြောင်း၊လုပ်ငန်းခွင်အတွင်းဆက်ဆံရေးနှင့်ပတ်သက်သည့် သင်တန်းများ၊ အင်တာနက်ပရိုတိုကောလ်၊ ကွန်ရက်ထုတ်လွှင့်မှုနည်းပညာ၊ ကွန်ရက်ထိန်းသိမ်းမှု အစရှိသောခေါင်းစဉ်များနှင့် အခြားသင်တန်းခေါင်းစဉ်များကို ပို့ချသင်ကြားပေးခဲ့ပါသည်။

MPT နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြုလုပ်သည့် လူငယ်နည်းပညာစွန့်ဦးတီထွင်ပြိုင်ပွဲ Myanmar Youth Technopreneurship Program 2018 ပြိုင်ပွဲများကိုလည်း အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ပြုလုပ်ပေးခဲ့ရာ စွန့်ဦးတီထွင်လူငယ်စီးပွားရေးလုပ်ငန်းရှင် (၃)ဖွဲ့ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။။

MPT သည်ယနေ့အထိ လူမှုအကျိုးပြုလုပ်ငန်းတွေအတွက် ကဏ္ဍအစုံမှာ မြန်မာကျပ်ငွေကျပ်သန်းပေါင်း (၄,၇၀၀)ကျော်သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

MPT သည်လူမှုအကျိုးပြုလုပ်ငန်းတွေသာမကဘဲ မြန်မာနိုင်ငံတစ်ဝှမ်းမှ ဂီတပါရမီရှိသူ လူငယ်မျိုးဆက်သစ်များ၏အိပ်မက်ကို အကောင်အထည်ဖော်ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံတွင်ပထမဦးဆုံးကျင်းပသည့် သီချင်းဆိုပြိုင်ပွဲ ရုပ်သံအစီအစဉ် "The Voice Myanmar" တွင်လည်း Main Sponsor အဖြစ်ပါဝင် ပံ့ပိုးခဲ့ပါသည်။ ထို့အပြင် မြန်မာနေရှင်နယ်လိဂ်နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမျိုးဆက်သစ် လူငယ်ဘောလုံးသမားများဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန်နှင့် အားပေးကူညီထောက်ပံ့ပေးနိုင်ရန်အတွက် မြန်မာနေရှင်နယ်လိဂ်နှင့် MPT တို့သည် မဟာဗျူဟာကျမိတ်ဖက်စီမံကိန်း တစ်ခုအဖြစ် ၂၀၁၈ မှ ၂၀၂၀ခုနှစ်အထိ (၃)နှစ်ကြာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ကလေးငယ်များနှင့်လူငယ်လူရွယ်များ အကြား ကျန်းမာသောလူနေမှု ဘဝပုံစံတစ်ခုဖြစ်ပေါ်လာ ရေးအတွက် အလေးထားတိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် MPT သည် စတုတ္ထအကြိမ်မြောက် ဂျပန်-မြန်မာပွဲတော် ၂၀၁၈၊ UCSY မှဦးစီးကျင်းပပြုလုပ်သည့် The 2017 ACM-ICPC Asia Yangon Regional Programming Contest,တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများမှ စုပေါင်းပြုလုပ်သည့် Inter-Universities Impromptu Talk Show 2018 နှင့် Student Show 2018 တို့တွင်လည်းပံ့ပိုးကူညီခဲ့ပါသည်။ MPT ဖုန်းအချင်းချင်းခေါ်ဆိုရာတွင်အသက်သာဆုံးနှုန်းထားဖြစ်သော တစ်မိနစ်လျှင် (၁၀)ကျပ်သာ ကျသင့်မည့်ရွှေစကားအစီအစဉ်ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလက မိတ်ဆက်ပေးခဲ့ပြီးအခုဆိုလျှင်သုံးစွဲသူများအနေဖြင့် ရွှေစကား၊ ရယ်ပြော၊ ဆွေသဟာစသည့်အစီအစဉ်များကို မိမိတို့ကြိုက်နှစ်သက်သလိုရယူအသုံးပြုနိုင်ပြီဖြစ်သည်။

MPT သည်သုံးစွဲသူများအတွက် "MPT Club" အမည်ရှိ ဆန်းသစ်တီထွင်ထားသည့် အစီအစဉ်သစ်ကို ၂၀၁၈ခုနှစ်၊ မေလက စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် ငွေဖြည့်လက်ဆောင်များ၊ ဒေတာ များဖြင့်လဲလှယ်နိုင်မည့်အပြင် မိတ်ဖက်ဆိုင်များတွင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများဖြင့်လည်း လဲလှယ်နိုင်မည်ဖြစ်သည်။

ယခင်ကစီးပွားရေးလုပ်ငန်းများအတွက်သာ ပေးအပ်ခဲ့ပြီးယခုမူ ရိုးရိုးသုံးစွဲသူများအတွက် အထူးစီစဉ်ထားသောဈေးနှုန်းသင့်တင့်ပြီး ယုံကြည်အားထားရသည့်မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှု Fiber-to-the-Home (FTTH) ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အသုံးပြုရရှိနေပြီဖြစ်ပြီး အခြားသောဒေသများသို့ ၎င်း၏FTTH အင်တာနက်စနစ်ကိုချဲ့ထွင်နိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် LTE+ ကွန်ရက်ဖြန့်ကျက်ခြင်းကို ၂၀၁၈ ခုနှစ် အကုန်တွင် မြို့ပေါင်း (၂၈၀) တွင် ဖြန့်ကျက်သွားရန် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အော်တိုတယ်လီဖုန်းလိုင်းများကိုပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့်ခေတ်မီဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် ခေတ်မီအိတ်ချိန်း စက်များဖြင့် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပြီး ဂဏန်း(၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်း နံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

MPT သည်နိုင်ငံအဝှမ်းတွင် အမှတ်တံဆိပ်ပါရှိသောအရောင်းဆိုင်အရေအတွက် (၂၀၀)ကျော်နှင့် အရောင်းဆိုင်ငယ်ပေါင်းများစွာတို့ဖြင့် အများပြည်သူသို့ဆက်သွယ်ရေးဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာပြည်ကြီးကို ရှေ့သို့လှမ်းချီနိုင်ရန်အတွက် MPT မှပြောင်းလဲတိုးတက်မှုများပြုလုပ်နေပြီး အဆင့်မြင့်ဂျပန်နည်းပညာများ၊ အရည်အသွေးမြင့်ကွန်ရက်များနှင့်ဝန်ဆောင်မှုအရည်အသွေးများကို မြှင့်တင်ရင်းရှေ့ဆက်လျှောက်လှမ်းကာ MPT ၏ကောင်းမွန်သောဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် အတူပျော်ရွှင်မှုများကိုဆောင်ကြဉ်းပေးရန်အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



MPT နှင့် မြန်မာနေရှင်နယ်လိဂ် (MNL) တို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးနေပုံ



ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် MPT သုံးစွဲသူများက SMS ဖြင့်ပေးပို့လှူဒါန်းသည့် အလှူငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား (နေပြည်တော်)


၂၀၁၈ MPT လူငယ်ဘောလုံးပွဲတော်နှင့် MPT အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပနေပုံ (စစ်ကိုင်းတိုင်း)

# လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



**ဦးမင်းလွင်**
**ညွှန်ကြားရေးမှူးချုပ်**

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ (၁)နှစ်တာကာလအတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့်အောက်ပါမူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခဲ့ပါသည်။

## မူဝါဒ

မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် မြို့ပြလေကြောင်းပို့ဆောင်ရေးကဏ္ဍဖော်ဆောင်ရန် ဖြစ်ပါသည်။

## ရည်မှန်းချက်

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်သတ်မှတ်စံများအတိုင်း မြန်မာနိုင်ငံ၏ လေယာဉ်ဥပဒေ၊ နည်းပဒေလုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံး၍ လေကြောင်းဆိုင်ရာနိုင်ငံတကာဆက်ဆံရေးနှင့် ပြည်တွင်း၊ ပြည်ပလေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံချောမွေ့စွာဖြင့် လိုရာခရီးသို့ လျင်မြန်စွာ ပျံသန်းသွားလာနိုင်ရန်အတွက် ဘေးအန္တရာယ်ကင်းဝေးရေး(Safety)၊ လုံခြုံမှုရှိရေး (Security)၊ စွမ်းဆောင်ရည်ပြည့်ဝရေး (Efficiently)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental)၊ စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Development) ရည်မှန်းချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လေကြောင်းပညာသိပ္ပံအနေဖြင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ခုနှစ်၊ ဩဂုတ်လအထိကာလအတွင်း မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်တွင်းလေကြောင်းလိုင်းများ၊ လေဆိပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီ/အဖွဲ့အစည်းများမှ ဝန်ထမ်းများအားအောက်ဖော်ပြပါလေကြောင်းလိုင်းဆိုင်ရာသင်တန်း(၁၁၄)ခုကို ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းသား (၂၆၇၄) ဦးကိုသင်ကြားပို့ချလေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

**၂၀၁၇ ခုနှစ်အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်ဩဂုတ်လအထိ အပြည်ပြည်ဆိုင်ရာ ပြည်တွင်းလေဆိပ်များသို့ ပျံသန်းခဲ့သည့်နိုင်ငံတကာလေကြောင်းလိုင်းများ**

၁။ Thai Airways Int'L
၂။ Thai Smile Airways
၃။ Thai Lion Air
၄။ NOK Air
၅။ Bangkok Airways
၆။ Thai Air Asia
၇။ Silk Air
၈။ Singapore Airlines
၉။ Jet Star Asia
၁၀။ China Eastern Airlines
၁၁။ Hong Kong Dragon
၁၂။ Air China
၁၃။ China Airlines
၁၄။ China Southern Airlines
၁၅။ Malindo Air
၁၆။ VietJet
၁၇။ Vietnam Airlines
၁၈။ Air India
၁၉။ Malaysia Airlines
၂၀။ Air Asia Berhad
၂၁။ Korean Airlines
၂၂။ All Nippon Airways
၂၃။ Emirates Airlines
၂၄။ Biman Bangladesh Airlines
၂၅။ Qatar Airways

**၂၀၁၇ ခုနှစ်အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်ဩဂုတ်လအထိ နိုင်ငံတကာသို့ ဆင်းသက်ပျံသန်းလျက်ရှိသည့် မြန်မာလေကြောင်းလိုင်းများ**

၁။ Myanmar Airways International
၂။ Myanmar National Airlines
၃။ Air KBZ (မှတ်ချက်။ ၁၁-၁-၂၀၁၈ မှစ၍ပျံသန်းမှုရပ်ဆိုင်းထားပါသည်။)

**၂၀၁၇ ခုနှစ်အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်ဩဂုတ်လထိပြည်တွင်းလေကြောင်းလိုင်းများ**

၁။ Myanmar National Airlines
၂။ Myanmar Airways International
၃။ Yangon Airways
၄။ Air Mandalay
၅။ Air KBZ
၆။ Asian Wings
၇။ Golden Myanmar Airlines
၈။ FMIAir
၉။ Mann Yadanarpon Airlines

၂၀၁၇ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ခုနှစ် ဩဂုတ်လအထိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များ၏ ခရီးသည်ရရှိမှုနှင့် ပျံသန်းမှု အကြိမ် ရေများ၊

| လေဆိပ်များ | ပျံသန်းမှုကြိမ်ရေ | ခရီးသည် (အဝင်) | ခရီးသည် (အထွက်) | စုစုပေါင်း |
|---|---|---|---|---|
| ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် | ၃၀၈၆၁ | ၁၇၂၄၁၁၁ | ၁၇၂၇၀၆၈ | ၃၄၅၁၁၇၉ |
| မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် | ၃၉၄၉ | ၁၉၆၁၁၂ | ၁၈၆၇၃၈ | ၃၈၂၈၅၀ |
| နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် | ၈၁၇ | ၁၅၁၇၃ | ၁၂၈၃၅ | ၂၈၀၀၈ |
| ပြည်တွင်းလေဆိပ်များ | ၁၁၀၇၈၄ | ၂၄၈၃၈၃၈ | ၂၄၆၈၀၈၇ | ၄၉၅၁၉၂၅ |
| **စုစုပေါင်း** | **၁၄၆၄၁၁** | **၄၄၁၉၂၃၄** | **၄၃၉၄၇၂၈** | **၈၈၁၃၉၆၂** |

ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များ၏ ခရီးသည်ရရှိမှု အခြေပြဇယား




ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များ၏ ပျံသန်းမှုအကြိမ်ရေ အခြေပြဇယား
















# သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန



**ဦးစိုင်းစောလင်းထွန်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**

လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများမျှဝေပေးနိုင်ရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်မြှင့်တင်ပေးနိုင်ရန်၊ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏အတွေးအမြင်ကောင်းများ၊ အရည်အသွေးကောင်းများနှင့် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး (မန္တလေး)ကို မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ဝင်းအတွင်းတွင် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့မှစပြီး (၃)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

## မြန်မာဂြိုလ်တုစနစ် (MyanmarSat)

၁။ နိုင်ငံတော်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဂြိုလ်တုစနစ်ဖြင့် အသုံးချရန်နှင့် နေရာဒေသမရွေး အချိန်တိုအတွင်း ဆက်သွယ်မှုရရှိစေရန် မူဝါဒနှင့်အညီ မြန်မာဂြိုလ်တုစနစ် (MyanmarSat) ကို မြန်မာနိုင်ငံပိုင်ဂြိုလ်တုစနစ်အဖြစ် ဆောင်ရွက်ရန်ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံပိုင်ဂြိုလ်တုစနစ် တည်ထောင်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (၁. ၆. ၂၀၁၈) ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat Global Sales and Marketing Ltd. တို့အကြား Satellite Payload IRU Agreement for MyanmarSat- 2 စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃။ ယခင် (၂၇. ၅. ၂၀၁၆)ရက်နေ့၌ချုပ်ဆိုခဲ့သည့် MyanmarSat- 1 Satellite Venture Lease Agreement တွင် ပါဝင်သော Long Term Option အရ ၂၀၁၉ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် လွှတ်တင်မည့် Intelsat ၏ IS- 39 ဂြိုလ်တုတွင် IRU (Indefeasible Right of Use) အဖြစ် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ခြင်းဖြစ်ပါသည်။ IRU အဖြစ် ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ (၁၅၅.၇) သန်းကို (၃)လတစ်ကြိမ်ဖြင့် (၈)ကြိမ်ပေးသွင်းရပါမည်။ စာချုပ်အရ ဂြိုလ်တုချန်နယ် 864 MHz ကို သက်တမ်းကုန်သည်အထိ (၁၅)နှစ်ကြာ MyanmarSat- 2 အမည်ခံယူသုံးစွဲပိုင်ခွင့် ရှိမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံပိုင်ဂြိုလ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသနည်းပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Hokkaido University တို့ပူးပေါင်း၍ ကမ္ဘာမြေလေ့လာရေးဂြိုလ်တု (Earth Observation Satellite) ဖြစ်သည့် Micro Satellite နှစ်ခု လွှတ်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

၅။ EOS ဂြိုလ်တုနှစ်ခုလွှတ်တင်ခြင်းအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၁၆.၃)သန်းခန့် ကုန်ကျမည်ဟုခန့်မှန်းထားပါသည်။ ဂျပန်နိုင်ငံ Hokkaido University နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသနည်းပညာတက္ကသိုလ်တို့ အသေးစိတ်ဆွေးနွေးလျက်ရှိပါသည်။

၆။ အဆိုပါ EOS ဂြိုလ်တု (၂)ခုကို လွှတ်တင်နိုင်ပါက ထိုဂြိုလ် (၂)ခုသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံပိုင်ဂြိုလ်တု (National Satellite) ဖြစ်လာမည်ဖြစ်ပါသည်။

## သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်း

နေပြည်တော်၊ ရုံးအမှတ် (၂)တွင် ဖွင့်လှစ်ထားသည့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးသင်တန်းကျောင်းသည် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အိုင်စီတီနှင့် e-Government ဘာသာရပ်သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း သင်တန်းအမျိုးအစား (၁၂)မျိုးကို (၂၁)ကြိမ် သင်တန်းသား (၇၀၆)ဦး ဖွင့်လှစ်ပေးခဲ့ရာ ၎င်းသင်တန်းများတွင်ဖော်ပြပါ သင်တန်းအသစ် (၉)မျိုးကို သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ တက်ရောက်သည့်သင်တန်းသားအများစုမှာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ CIO/ DCIO/ ACIO နှင့် အိုင်တီကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဖြစ်ပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ဖွင့်လှစ်ပို့ချခဲ့သော သင်တန်းအသစ်များမှာ Government Enterprise and Campus Network၊ Data Center Design/Requirement, and Enterprise Storage Archiecture၊ Linux Foundation၊ Basic Networking၊ Linux System Administration၊ Authentication and Digital Signature၊ Networking Course Level-I၊ Web Design HTML5 & CSS3 နှင့် Web Security တို့ဖြစ်ပါသည်။

## Cyber Legal and Policy Framework ရေးဆွဲခြင်းစီမံကိန်း

မြန်မာနိုင်ငံတွင် e-Government နှင့် e-Commerce လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက်လိုအပ်သော Cyber Legal and Policy Framework အား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ရေးဆွဲသွားမည်ဖြစ်ပါသည်။ အဆိုပါ Cyber Legal and Policy Framework တွင် Cyber Security , e-Government, e-Commerce တို့နှင့်သက်ဆိုင်သောမူဝါဒများ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပြီး တင်ဒါလုပ်ငန်းဆောင်ရွက်ခဲ့ရာ Expression Of Interest (EoI) တင်သွင်းခဲ့သည့် Consultant Firm (၈)ခုရှိခဲ့ပြီး အနိုင်ရ Firm ဖြစ်သည့် TRPC Pte Ltd (Singapore) နှင့် စာချုပ်ချုပ်ဆိုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအား ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင်စတင်နိုင်မည်ဖြစ်ပြီး စီမံကိန်းကာလမှာ (၆)လကြာမြင့် မည်ဖြစ်၍ ၂၀၁၉ခုနှစ်တွင် Cyber Legal and Policy Framework မူကြမ်းအား အပြီးသတ်ရေးဆွဲသွားမည်ဖြစ်ပါသည်။

## သတင်းအချက်အလက်ဗဟိုဌာန (e-Government Integrated Data Center-eGIDC)

မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရာ၌ အစိုးရဌာနများအလိုက်သီးခြားစီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အဆင့်မှ အမျိုးသားအဆင့်သို့ဟန်ချက်ညီညီပေါင်းစပ်အဆင့်မြှင့်တင်နိုင်ပြီး နိုင်ငံသားများအားပိုမိုကောင်းမွန်သော Online ဝန်ဆောင်မှုများပေးရန်ရည်ရွယ်၍ နိုင်ငံတစ်ဝှမ်းရှိအစိုးရဌာနများအားလုံးမှ အသုံးပြုသွားနိုင်ရန် သတင်းအချက်အလက် ဗဟိုဌာနဖြစ်သော e-Government Integrated Data Center (eGIDC) တည်ဆောက်ခြင်းစီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ၊ EDCF ချေးငွေပေးအပ်ခြင်းဆိုင်ရာ မူဘောင်အစီအစဉ်ဖြင့် ယခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

eGIDC စီမံကိန်းကို အုပ်ချုပ်ရေးအချက်အချာကျသည့် နေပြည်တော်တွင် Tier 3 အဆင့်တည်ဆောက်သွားမည်ဖြစ်ပြီး သတင်းအချက်အလက်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ရန်အတွက် Backup စနစ်တွေအပြင် Disaster Recovery Center (DRC) တစ်ခုကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် တည်ဆောက်သွားမည်ဖြစ်ပါသည်။ Electricity, Generator, UPS, Heading Ventilation and Air Conditioning (HVAC), Firefighting, Network စသည့်စနစ်များကို N+1 fault talorant စနစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်သည့်အတွက် 99.982% Uptime ရရှိမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံးမှာ Downtime 1.6 hrs. ထက်မပိုသောဝန်ဆောင်မှုများကို ပေးသွားနိုင်မည်ဖြစ်ပါသည်။

အစိုးရအဖွဲ့အသီးသီး၏ Server, Switch, Storage များကို Colocation ထားရှိနိုင်ရန် e-GIDC တွင် Rack အလုံး (၅၀၀)နှင့် DRC တွင် Rack အလုံး (၁၀၀)ထားရှိသွားမည်ဖြစ်ပါသည်။ Cloud computing technologies ကိုအသုံးပြုသွားမည်ဖြစ်သည့်အတွက် နောင်အနာဂတ်တွင် Hardware အသုံးပြု မှုများကို လျော့ချသွားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မြန်နှုန်းမြင့်ကွန်ရက် (Government Service Network-GSN) ကိုလည်း နေပြည်တော်တွင်တိုးချဲ့တည်ဆောက် သွားမည်ဖြစ်သည့်အတွက် e-GIDC ကိုအစိုးရဌာနများမှ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်သွားနိုင်မည်ဖြစ်ပြီး အစိုးရ၏ဝန်ဆောင်မှုများကိုပြည်သူလူထုအဆင်ပြေချောမွေ့စွာ အသုံးပြုသွားနိုင်မည်ဖြစ်သောကြောင့် e-GIDC သည် မြန်မာနိုင်ငံ၏ e-Government တိုးတက်ရေးအတွက်လွန်စွာအရေးပါသော သတင်းအချက်အလက်ဗဟိုဌာနတစ်ခုပင် ဖြစ်ပါသည်။

## Myanmar National Portal တည်ဆောက်ခြင်းစီမံကိန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့အစည်းအသီးသီးမှလွှင့်တင်ထားသော Website များ၊ e-service များအားတစ်နေရာတည်းတွင်စုစည်း၍ ပြည်သူလူထုသို့လွယ်ကူလျင်မြန်သော၊ ကောင်းမွန်ထိရောက်သော Single Window Public Services ဝန်ဆောင်မှုများပေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် Myanmar National Portal တည်ဆောက်ခြင်းစီမံကိန်းအား ၂၀၁၇ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခဲ့ပြီး စီမံကိန်းအားစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် အစိုးရဌာနအသီးသီးမှ CIO များအားဖိတ်ကြား၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုကျင်းပပြုလုပ်၍ Portal တွင် ထည့်သွင်းဖော်ပြမည့်အစိုးရအဖွဲ့အစည်းအသီးသီး၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်အား စစ်တမ်းကောက်ယူခဲ့ပြီး Portal တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

၎င်း Portal အား ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် လွှင့်တင်သွားနိုင်ရေးရည်မှန်း၍ ဆောင်ရွက်လျက်ရှိပြီးအစိုးရဌာနများအသီးသီးမှ မိမိတို့ဌာနနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ကိုယ်တိုင်ကျွမ်းကျင်စွာလွှင့်တင်သွားနိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ၂၀၁၈ခုနှစ်၊ ဩဂုတ်လတွင်ဖွင့်လှစ်ခဲ့ပါသည်။

Myanmar National Portal တွင် အရေးပေါ်ကြေငြာချက်များ၊ နောက်ဆုံးရသတင်းများ၊ မိုးလေဝသအခြေအနေများကို အချိန်နှင့်တပြေးညီကြည့်ရှုနိုင်မည်ဖြစ်ပြီး၊ အစိုးရအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ၏ထုတ်ပြန်ကြေငြာချက်များ၊ တင်ဒါခေါ်ယူမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ဆောင်မှုများနှင့် အချက်အလက်များကိုလည်း လွယ်ကူလျင်မြန်စွာ ရှာဖွေရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဝန်ကြီးဌာနများ၏ အွန်လိုင်းဝန်ဆောင်မှုများ၊ အစိုးရဌာနများ၏လမ်းညွှန်များကိုလည်း ပြည်သူလူထုမှရိုးရှင်းလွယ်ကူစွာ ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ပြည်သူလူထု၏ပါဝင်မှုအားပိုမိုမြှင့်တင်နိုင်ရန်အတွက် Blog, Discussion, Poll and Survey အစီအစဉ်များကိုလည်း ထည့်သွင်းထားပါသဖြင့် နိုင်ငံသားများအတွက်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

Myanmar National Portal ပင်မစာမျက်နှာ








TRPC Pte Ltd (Singapore) နှင့်
Cyber Legal and Policy Framework စာချုပ်မူကြမ်းညှိနှိုင်းအစည်းအဝေးကျင်းပနေပုံ

သတင်းအချက်အလက်ဗဟိုဌာန
(eGovernment Integrated Data Center - eGIDC) အဆောက်အဦပုံစံ



# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



ဦးသောင်းကြိုင်
ညွှန်ကြားရေးမှူးချုပ်

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အလံလွှင့်ထူထားသော သင်္ဘောများ၏ရေကြောင်း အန္တရာယ်လုံခြုံမှု အလေ့အကျင့်အဆင့်အတန်းနှင့် မြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုအဆင့်အတန်းများကို အပြည်ပြည်ဆိုင်ရာအဆင့်အတန်းမီရှိစေရေး၊ ရေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များကို အမြင့်မားဆုံး အကျိုးရှိစွာ အသုံးချရေးနှင့် လူ့စွမ်းအားစီမံခန့်ခွဲခြင်းကိစ္စများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောများ၏ အန္တရာယ်ကင်းရှင်းမှု အထောက်အထားမှတ်တမ်းများအရ တိုးတက်ကောင်းမွန်လာစေရေး၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်သူများကို ကယ်ဆယ်ရေးနှင့် ရေကြောင်းသဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးစသည့် ရေကြောင်းဘက်ဆိုင်ရာမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့်ကျင့်သုံးခြင်း၊ မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာမူဝါဒများနှင့်ပတ်သက်၍ အကြံပြုတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ အဖွဲ့ဝင်နိုင်ငံတာဝန်များအား မြန်မာနိုင်ငံ၏ တာဝန်ခံဌာနအဖြစ် ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများအတွင်း ရေကြောင်းဘက်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များနှင့် ကျွမ်းကျင်မှုအထောက် အထားလက်မှတ်များထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း၊ လက်မှတ်များထုတ်ပေးခြင်းနှင့် ထုတ်ပေးထားသည့် လက်မှတ်များနှင့်ပတ်သက်၍ အတည်ပြုပြန်ကြားပေးခြင်း၊ ရေယာဉ်များအားတိုင်းတာစစ်ဆေးခြင်း၊ ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သောကိစ္စရပ်များဆောင်ရွက်ခြင်း၊ ရေကြောင်းဘက်ဆိုင်ရာမတော်တဆဖြစ် စဉ်ဖြစ်ရပ်များအား စုံစမ်းစစ်ဆေးခြင်း၊ အထက်အဖွဲ့အစည်းများသို့ အစီရင်ခံခြင်းနှင့်ရေယာဉ်များအငြင်းပွားမှုဖြစ်စဉ်ဖြစ်ရပ်များအား ညှိနှိုင်းဖြေရှင်းပေးခြင်း၊ မြန်မာနိုင်ငံ၏ ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေကြောင်းသဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များအား စီမံဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ရေကြောင်းသင်္ဘောနှင့် ဆိပ်ကမ်းများဆိုင်ရာလုံခြုံရေးကိစ္စရပ်များအား စီမံဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ Port State၊ Flag State နှင့် Coastal State ဆိုင်ရာကိစ္စရပ်များအားကြီးကြပ်ဆောင်ရွက်ခြင်း၊ ကမ်းခြေစောင့်အဖွဲ့အစည်းလုပ်ငန်း ဆိုင်ရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ Focal ဌာနအဖြစ် ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်မြန်မာသင်္ဘောသားများနှင့် ရေယာဉ်ပိုင်ရှင်များအကြားချုပ်ဆိုသည့် စာချုပ်ကိစ္စများနှင့် အလုပ်ရှင်/ အလုပ်သမားစည်းကမ်းဆိုင်ရာ ကိစ္စများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများ၏ သင်္ဘောများသို့ မှတ်ပုံတင်မြန်မာသင်္ဘောသားများသွားရောက်တာဝန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်သောကိစ္စများအား ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်မြန်မာသင်္ဘောသားများအားအသုံးပြုသည့် (SRPS) ကုမ္ပဏီများအား ကြီးကြပ်ခြင်း၊ မြန်မာသင်္ဘောသားအဖြစ်မှတ်ပုံတင်ပေးခြင်းနှင့် (SIRB) လက်မှတ်များထုတ်ပေးခြင်းကိစ္စများ ဆောင်ရွက်ခြင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များအား ရေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် ကြီးကြပ်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဥပဒေနှင့် နည်းပညာစံများဌာနခွဲ၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနခွဲ၊ ရေကြောင်းဌာနခွဲ၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊ စီမံရေးဌာနခွဲ၊ ရေကြောင်းလုပ်ငန်းဌာနခွဲ၊ သင်္ဘောသားဌာနခွဲ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အထက်မြန်မာပြည်)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်) စသည့်ဌာနခွဲများဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုအင်အားမှာ အရာထမ်း (၂၀၀)ဦး၊ အမှုထမ်း (၂၅၀၀)ဦး၊ စုစုပေါင်းခွင့်ပြုအင်အား (၂၇၀၀)ဦးရှိသည်။ လက်ရှိတွင် အရာထမ်း (၁၃၈)ဦး၊ အမှုထမ်း (၆၅၈)ဦး၊ စုစုပေါင်းခန့်အပ်အင်အား (၇၉၆)ဦးဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုများနှင့် ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ စာမေးပွဲများ စစ်ဆေးခြင်းကိစ္စရပ်များအတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) ၏ STCW Convention နှင့်အညီလိုက်နာဆောင်ရွက်ရသည်ဖြစ်ရာ (၅) နှစ်လျှင် (၁)ကြိမ် သီးခြားလွတ်လပ်သော အကဲဖြတ်အဖွဲ့ (Independent Evaluation Team) ၏ စစ်ဆေးမှုခံယူပြီး အဆိုပါအစီရင်ခံစာအား အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) သို့ပေးပို့စစ်ဆေးခံရပါသည်။ မြန်မာနိုင်ငံ၏ စတုတ္ထကြိမ်မြောက်အစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) သို့တင်ပြခဲ့ရာ (၂၅- ၅- ၂၀၁၈)ရက်နေ့တွင် IMO မှ ထုတ်ပြန်သော MSC.1/ Circ. 1164/ Rev. 19 အရ IMO က အသိအမှတ်ပြုသည့် (White List) စာရင်းတွင် မြန်မာနိုင်ငံ၏အမည်စာရင်းပါဝင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် IMO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ IMO မှ ချမှတ်ထားသည့် International Convention များအရ သတ်မှတ်ထားသည့်စံနှုန်းများအတိုင်းလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို IMO မှ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးခြင်းကို IMO Member Stste Audit Scheme (IMSAS) အရ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၄) ရက်နေ့မှ မတ်လ (၅) ရက်နေ့အထိ စစ်ဆေးခံခဲ့ပြီး ယင်းအစီရင်ခံစာအရ ပြင်ဆင်ရန်လိုအပ်ချက်များအပေါ် အချိန်မီပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား IMO သို့ပြန်လည်ပေးပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဌာနနှင့်ပတ်သက်သော အကြောင်းအရာများ၊ သင်္ဘောသားများနှင့် ပတ်သက်သော Notifications များ၊ Directive များ၊ Circulars များကို သိရှိနိုင်စေရန်လည်းကောင်း၊ ပင်လယ်ကူးသင်္ဘောများရှိမြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်များကို Internet အသုံးပြုပြီး စစ်ဆေးသိရှိနိုင်စေရန်လည်းကောင်း၊ https://dma.gov.mm Website လွှင့်တင်ထားသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားမြန်မာသင်္ဘောများ၊ ကမ်းရိုးတန်းသွား မြန်မာသင်္ဘော/ရေယာဉ်များနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၏ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး (Safety of Ship) အတွက်လည်းကောင်း၊ သင်္ဘော/ရေယာဉ်စီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေး (Safety of Life) အတွက်လည်းကောင်း၊ သင်္ဘော/ရေယာဉ်တင်ကုန်စည်များ အန္တရာယ်ကင်းရှင်းရေး (Safety of Cargo) အတွက်လည်းကောင်း၊ သင်္ဘောများကြောင့် ရေထုညစ်ညမ်းမှုမဖြစ်ပေါ်ရန် တားဆီးရေး (Prevention of Marine Pollution) အတွက်လည်းကောင်း၊ ရေကြောင်းလုံခြုံမှုရှိစေရေး (Maritime Security) အတွက်လည်းကောင်း စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပြီးမြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှု အရည်အသွေးများတိုးတက်ကောင်းမွန်လာစေရေးနှင့် ကမ္ဘာ့သင်္ဘောသားဈေးကွက်တွင် မြန်မာသင်္ဘောသားများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။


ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
Department of Marine Administration (DMA)
ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးနိုင်မှုအခြေအနေ (ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ (မှန်းခြေ) |
|---|---|---|---|---|
| ဝင်ငွေရရှိမှု | ၃၇၉၂.၇၁၆ | ၄၇၃၉.၇၀၈ | ၃၈၉၇.၄၁၉ | ၁၀၆၂.၅၀၀ |
| အသုံးစရိတ် | ၂၅၁၅.၂၁၇ | ၂၇၄၃.၀၅၉ | ၂၄၆၃.၉၃၂ | ၈၈၀.၂၆၂ |
| အမြတ်(+)/ အရှုံး (-) | (+) ၁၂၇၇.၄၉၉ | (+) ၁၉၉၆.၆၄၉ | (+) ၁၄၃၃.၄၈၇ | (+) ၁၈၂.၂၃၈ |








ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
Department of Marine Administration (DMA)
မြန်မာနိုင်ငံပိုင်ရေယာဉ်များ

နိုင်ငံခြားသွား (စီးရေ)

| ရေယာဉ်အမျိုးအစား | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|---|
| ခရီးသည်တင် | - | - | - | - | - | |
| ကုန်တင် | ၁၆ | ၁၇ | ၁၄ | ၁၄ | ၁၁ | ၉ |

ကမ်းရိုးတန်းသွား (စီးရေ)

| ရေယာဉ်အမျိုးအစား | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|---|
| ခရီးသည်တင် | ၁၈ | ၂၃ | ၂၂ | ၂၀ | ၂၀ | ၂၃ |
| ကုန်တင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ပြည်တွင်းရေကြောင်းသွား (စီးရေ)

| ရေယာဉ်အမျိုးအစား | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|---|
| ခရီးသည်တင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ကုန်တင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| မြင်းကောင်ရေ (၂၀) အောက် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| စုစုပေါင်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |


ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
Department of Marine Administration (DMA)
UN & IMO Conventions Accession by Myanmar

| UN & IMO Conventions Accession by Myanmar | Entry into force | Date of deposit of instrument | Date of enforcement in Myanmar |
|---|---|---|---|
| 1. IMO Convention 48 | 17-Mar-58 | 6-Jul-51 | 6-Jul-51 |
| 2. UNCLOS 1982. | 16-Nov-94 | 21-May-96 | 20-Jun-96 |
| 3. SOLAS Convention 74 | 25-May-80 | 11-Nov-87 | 11-Feb-88 |
| 4. SOLAS Protocol 78 | 1-May-81 | 11-Nov-87 | 11-Feb-88 |
| 5. LOAD LINES Convention 66 | 21-Jul-68 | 11-Nov-87 | 11-Feb-88 |
| 6. TONNAGE Convention 69 | 18-Jul-82 | 4-May-88 | 4-Aug-88 |
| 7. COLREG Convention 72 | 15-Jul-77 | 11-Nov-87 | 11-Nov-87 |
| 8. STCW Convention 78 | 28-Apr-84 | 4-May-88 | 4-Aug-88 |


ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
Department of Marine Administration (DMA)
UN & IMO Conventions Accession by Myanmar

| UN & IMO Conventions Accession by Myanmar | Entry into force | Date of deposit of instrument | Date of enforcement in Myanmar |
|---|---|---|---|
| 9. MARPOL 73/78 (Annex I/II) | 2-Oct-83 | 4-May-88 | 4-Aug-88 |
| 10. MARPOL 73/78 (Annex III) | 1-Jul-92 | 4-Apr-16 | 5-Jul-16 |
| 11. MARPOL 73/78 (Annex IV) | 27-Sep-03 | 4-Apr-16 | 5-Jul-16 |
| 12. MARPOL 73/78 (Annex V) | 31-Dec-88 | 4-Apr-16 | 5-Jul-16 |
| 13. SUA Convention 88 | 1-Mar-92 | 19-Sep-03 | 18-Dec-03 |
| 14. SUA Protocol 88 | 1-Mar-92 | 19-Sep-03 | 18-Dec-03 |
| 15. MLC 2006 | 20-Aug-2013 | 25-May-2016 | 25-May-2017 |
| 16. CLC 92 | 30-May-1996 | 12-Jul-2016 | 12-Jul-2017 |
| 17. OPRC 1990 | 13-May-1995 | 15-Dec-2016 | 15-Mar-2017 |
| 18. C 185 (ILO) | 9-Feb-05 | 16-Jan-2018 | 16-Jul-2018 |
| 19. Bunker 2001 | 21-Nov-08 | 19-Jan-2018 | 19-Apr-2018 |

# ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန



ဦးစိုးသိန်း
ညွှန်ကြားရေးမှူးချုပ်

၁။ နိုင်ငံတစ်နိုင်ငံတွင် သတင်းအချက်အလက်နှင့်နည်းပညာ (ICT) ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါနိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုတက်မှုကိုများစွာ အထောက်အကူပြုပါသည်။ ထိုသို့ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေး အခြေခံအဆောက်အဦများ (Infrastructure) တည်ဆောက်နိုင်ရေးသည် အရေးပါသောအချက်တစ်ချက်ဖြစ်ပါသည်။ ဆက်သွယ်ရေး အခြေခံအဆောက်အဦများ (Infrastructure) မရှိပါက ဆက်သွယ်ရေးဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ (Infrastructure) တည်ဆောက်ရာတွင် မိုဘိုင်းစခန်းများအတွက် တာဝါတိုင်များတည်ဆောက်ပေးခြင်း၊ ဆက်သွယ်မှုများရရှိစေနိုင်ရန်အတွက် ဖိုင်ဘာကေဘယ်များကို မြေပေါ်မြေအောက်တည်ဆောက် သွယ်တန်းပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်အထိ ဆက်သွယ်ရေးအော်ပရေတာ (၄) ဦးမှ မြန်မာနိုင်ငံအတွင်း တာဝါတိုင်ပေါင်း (၂၄၉၈၁) တိုင်နှင့် BTS စခန်းပေါင်း (၅၇၆၁၆) ခု တည်ဆောက်ပြီးဖြစ်ပြီး Fiber Cable ချခင်းဆောင်ရွက်မှုအနေဖြင့် ဖိုင်ဘာလမ်းကြောင်း(၆၆၅၀၉.၇၁) km ခွင့်ပြုထားပြီး (၄၃၅၉၄.၆၉) km ချခင်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် (၂၂၉၁၅.၀၂) km မှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝှမ်း မိုဘိုင်းတယ်လီဖုန်းအသုံးပြုနိုင်မှုအရေအတွက် သန်း(၅၀) ကျော်နှင့် Teledensity မှာ (၁၁၀.၄၃)% ရှိနေပြီးဖြစ်ပါသည်။

## လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ

၂။ နိုင်ငံတော်အစိုးရမှ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သည်ဟုခံယူထားသည်နှင့်အညီ ပြည်တွင်းရှိဆက်သွယ်ရေးနှင့် သတင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆက်သွယ်ရေးကွန်ရက်များတိုးချဲ့တည်ဆောက်ခြင်း၊ နည်းပညာသစ်များကိုအသုံးပြု၍ ပိုမိုအရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ICT ကဏ္ဍတွင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၌လည်း တိုးတက်ဆောင်ရွက်လျက်ပါသည်။

၃။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍအား ဥပဒေပိုင်းအရ ကြီးကြပ်ကွပ်ကဲပေးခြင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများ၊ အစည်းအဝေးများ၊ ညီလာခံများတွင် ဆက်သွယ်ရေးကဏ္ဍအတွက် နိုင်ငံကိုယ်စားပြုဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## တစ်နှစ်တာကာလအတွင်းဆောင်ရွက်ချက်များ

၄။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေး ပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ ပူးပေါင်းကြီးမှူးသည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ကျင်းပပေးခဲ့ပြီး (၁၄၃)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့တွင် (၄၆)ကြိမ်မြောက် ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ကျောင်းသား/သူ (၃)ဦးတို့အား ကမ္ဘာ့စာပို့တိုက်နေ့(World Post Day) အထိမ်းအမှတ်အခမ်းအနား၌ဆုများချီးမြှင့်ပေးခဲ့ပါသည်။

၅။ ASEAN Makerthon 2017 ပြိုင်ပွဲအား Malaysian Communications and Multimedia Commssion (MCMC) က ကြီးမှူး၍ ပထမဆုံးအကြိမ်အဖြစ် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့မှ (၁၀)နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အဆိုပါပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းညှိနှိုင်း၍ ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များသို့ ပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်ခဲ့ပြီး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားအဖွဲ့ (Extremelab) နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ (Teams UIT-ES) အဖွဲ့ (၂)ဖွဲ့တို့အား ရွေးချယ်၍ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ အာဆီယံ (၁၀)နိုင်ငံ နှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပြိုင်ပွဲဝင်စုစုပေါင်း (၇၀) ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ မြန်မာနိုင်ငံကိုယ်စားပြု သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (UIT)မှ မောင်မင်းခန့်လင်းနှင့် မောင်ပြည့်ဖြိုးပိုင်တို့ပါဝင်သော (Team UIT-ES)အဖွဲ့က 1st Runner Up ဆုရရှိခဲ့ပါသည်။

၆။ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့၌ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့မှ ဒီဇင်ဘာလ (၁)ရက်နေ့အထိ ကျင်းပခဲ့သည့် 17st ASEAN TELMIN အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဦးကျော်မျိုးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ပြီး၊ နိုဝင်ဘာလ (၂၇)ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပခဲ့သည့် 18th ASEAN TELSOM အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးစိုးသိန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။

၇။ မြန်မာနိုင်ငံ၏ 4G LTE သုံးစွဲသူအရေအတွက်မှာ ၂၀၁၈ ခုနှစ် မေလအထိ (၈.၄)သန်းခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ 4G နည်းပညာသုံးစွဲသူရာခိုင်နှုန်းမှာ (၁၇)%ခန့်ရှိပါသည်။ 1800MHz လှိုင်းနှုန်းစဉ် သတ်မှတ်ချထားခြင်းရလဒ်အဖြစ် မြန်မာနိုင်ငံ၏ သုံးစွဲသူများသည် ကမ္ဘာ့ပျမ်းမျှ 4G အမြန်နှုန်းဖြစ်သည့် 28 Mbps ထက် 11 Mbps ပိုမိုမြန်ဆန်သော အမြန်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းအော်ပရေတာများဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ မိုဘိုင်းဆက်သွယ်ရေးနံပါတ် (၇၁)သန်း၊ တယ်လီနောမြန်မာလီမိတက်သို့ မိုဘိုင်းဆက်သွယ်ရေးနံပါတ် (၄၃)သန်း၊ အူရီဒူးမြန်မာလီမိတက်သို့ မိုဘိုင်းဆက်သွယ်ရေးနံပါတ် (၄၀)သန်း၊ Telecom International Myanmar Co.,Ltd သို့ မိုဘိုင်းဆင်သွယ်ရေးနံပါတ် (၁၀)သန်းအား ခွဲဝေသတ်မှတ်ချထားပေးခဲ့ပြီးဖြစ်ပါသည်။

## ၈။ ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်မှု ကန့်ကွက်တိုင်ကြားမှုများနှင့် အော်ပရေတာများ၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ တိုင်းတာစစ်ဆေးခြင်း

(က) ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ထားရှိမှုအားကန့်ကွက်တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီလတွင် နေပြည်တော်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် မေလတွင် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များသို့လည်းကောင်း သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။

(ခ) အော်ပရေတာများ၏ လိုင်စင်ကတိကဝတ်အရ ဆက်သွယ်ရေးကွန်ရက်အရည်အသွေး တိုင်းတာစစ်ဆေးခြင်းများကို ၂၀၁၇ခုနှစ် နိုဝင်ဘာလအတွင်း၌ ရခိုင်ပြည်နယ် (ကျောက်ဖြူ)၊ ၂၀၁၈ ခုနှစ် မတ်လမှ မေလအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်များရှိ စုစုပေါင်းမြို့ (၄၀)တို့တွင် Driving Test တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

(ဂ) နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့တို့ရှိ တောင်ပေါ်ဒေသကျေးရွာအချို့တွင် ဆက်သွယ်ရေးကွန်ရက်မရရှိသေးပါကြောင်း လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားမှုနှင့် စပ်လျဉ်း၍ ၂၀၁၈ခုနှစ်၊ ဇွန်လတွင် စစ်ဆေးရေးဌာနမှ မြေပြင်ကွင်းဆင်း၍ Driving Test တိုင်းတာစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Asia Developing Bank (ADB) ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မည့် ရန်ကုန်-ပုသိမ်လမ်းနှင့် ပဲခူး-သန်လျင်လမ်း၏ လမ်းနယ်နိမိတ်အတွင်း မလွတ်ကင်းသည့်ဆက်သွယ်ရေးကြိုး၊ တာဝါတိုင်များနှင့် ပတ်သက်၍ ၂၀၁၈ခုနှစ်၊ ဇွန်လအတွင်း၌ စစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာဝန်ကြီးဌာနတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(င) International Gate Way (IGW) နှင့် စပ်လျဉ်း၍ ကုမ္ပဏီများ၏ဆောင်ရွက်ထားရှိမှုများအား ဝန် ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ် မတ်လ၊ ၂၀၁၈ ခုနှစ် ဇွန်လများတွင် သွားရောက်စစ်ဆေးခဲ့ပါသည်။

၉။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာနသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရေဒီယိုလှိုင်းနှုန်းအသုံးပြုခွင့်ရရှိသော ဆက်သွယ်ရေးအော်ပရေတာများ၊ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လှိုင်းနှုန်းစဉ်ကြေးပေးသွင်း၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများထံသို့ သတ်မှတ်ပေးထားသော လှိုင်းနှုန်းခွင်များအတိုင်း စနစ်တကျသုံးစွဲခြင်းရှိ/မရှိ တိုင်းတာစောင့်ကြည့်ခြင်း၊ ဆက်သွယ်ရေးအော်ပရေတာများမှ လှိုင်းနှုန်းနှောင့်ယှက်မှုကြောင့် ဆက်သွယ်မှုကွန်ရက်ကျဆင်းကြောင်း တိုင်တန်းလာပါက ဌာနပိုင်တိုင်းတာရေး မော်တော်ယာဉ်များဖြင့် ဖြစ်ပွားရာနေရာသို့ အမြန်ဆုံးသွားရောက်တိုင်းတာခြင်း၊ တရားမဝင်အသုံးပြုနေသော (Repeater) များ ရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီဖြုတ်သိမ်းအရေးယူခြင်း၊ ပြည်သူတို့၏ ဆက်သွယ်မှုကွန်ရက်စနစ် ကောင်းမွန်စေရေးကို အလေးထားဂရုပြုဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ရေဒီယိုလှိုင်းနှုန်းခွင်များ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်စေရန် ရန်ကုန်မြို့တွင် Fixed Monitoring Station (FMS) (၃)ခု၊ မန္တလေးမြို့တွင် Fixed Monitoring Station (FMS) (၃)ခုနှင့် နေပြည်တော်တွင် Monitoring Control Center (MCC) တို့ကို တည်ဆောက်ထားရှိပြီး ဖြစ်ပါသည်။ ၎င်းအပြင်တရားမဝင်လှိုင်းနှုန်းအသုံးပြုမှုများ ရှာဖွေဖော်ထုတ်စစ်ဆေးနိုင်စေရန် ဌာနပိုင်တိုင်းတာရေးမော်တော်ယာဉ်၊ Transportable နှင့် Spectrum Analyzer များ အသုံးပြုကာ အစီအစဉ်များချမှတ်၍ လှိုင်းနှုန်းခွင်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ နိုင်ငံတော်အစိုးရမှ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သည်ဟုခံယူထားသည်နှင့်အညီ ပြည်တွင်းရှိဆက်သွယ်ရေးနှင့် သတင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆက်သွယ်ရေးကွန်ရက်များတိုးချဲ့တည်ဆောက်ခြင်း၊ နည်းပညာသစ်များကိုအသုံးပြု၍ ပိုမိုအရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ICT ကဏ္ဍတွင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၌လည်း တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များထုတ်ပေးထားမှုအခြေအနေ

| စဉ် | လိုင်စင်အမျိုးအစား | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | Network Facilities Services Licence (Individual)<br>ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) | ၅ | ၈ | ၁၃ |
| ၂။ | Network Facilities Services Licence (Class)<br>ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်) | ၁၀ | ၁ | ၁၁ |
| ၃။ | Network Service Licence<br>ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် | ၃ | - | ၃ |
| ၄။ | Application Service Licence<br>အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် | ၅ | - | ၅ |
| | စုစုပေါင်း | ၂၃ | ၉ | ၃၂ |

# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန


ဦးထွန်းလွင်ဦး
ညွှန်ကြားရေးမှူးချုပ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဦးထွန်းလွင်ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်အထိ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူးအဖြစ်လည်းတာဝန်ထမ်းဆောင်လျက်ရှိသည်။

ဌာနအနေဖြင့် NWRC ၏ Focal Department အဖြစ် တာဝန်ယူထားသည့်အပြင် မဲခေါင်မြစ် အထက်ပိုင်း (၄) နိုင်ငံကုန်သွယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ အဖွဲ့ခေါင်းဆောင် (Chief Member) အဖြစ် တာဝန်ထမ်းဆောင်နေသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်ကြီး (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ အရေးကြီးဆုံးဖြစ်သည့် ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ ရေတိုက်စားကမ်းပြိုမှုကာကွယ်ခြင်း၊ မြို့များစိုးရိမ်ရေအမှတ် သတ်မှတ်ရာတွင် ပေါင်းစပ်ဆောင်ရွက်ခြင်း စသည့်တာဝန်များကို ဦးစားပေးဆောင်ရွက်နေသည်။ ထိုလုပ်ငန်းတာဝန်များသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်နေသည်။

ရေလမ်းကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ရေကြောင်းပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို အထောက်အကူပြုနိုင်သည့်အပြင် မြစ်တစင်း၏ ရေသိုလှောင်စီးဆင်းနိုင်သောပမာဏ များပြားလာပြီး လွင်ပြင်ဒေသများသို့ လျှံမိးသွားမည့် ရေများကိုလျော့နည်းစေမည် ဖြစ်သည်။ ထို့အတူ ကမ်းပါးများကို ရေတိုက်စားခံရပြီဆိုလျှင် တိုက်စားခံရသည့် မြေအနည်အနှစ်များသည် မြစ်ချောင်းများသို့ ရောက်သွားပြီး မြစ်ကြမ်းပြင်မြင့်တက်စေသကဲ့သို့ မြစ်၏ဖြတ်ပိုင်းဧရိယာကိုလျော့နည်းပြောင်းလဲစေသည်။ ယခုကဲ့သို့ ပြောင်းလဲမှုများဖြစ်လာခြင်းနှင့်အတူ မြစ်၏ ရေထုထည် စီးဆင်းမှုပမာဏကို ထိန်းသိမ်းနိုင်မှုစွမ်းရည်လျော့နည်းသွားပြီး မြစ်ကြောင်း၏ဘေးဘယ်ညာတလျှောက် ရေကြီးရေလျှံမှုများ၊ ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်လာနိုင်သည်။ ရေလမ်းကောင်းမွန်စေခြင်း၊ ကမ်းပြိုကာကွယ်ခြင်းများသည် ရေကြီးရေလျှံမှုကာကွယ်ခြင်း၏ တစိတ်တပိုင်းဖြစ်သည်။

ဦးစီးဌာနအနေဖြင့်၂၀၁၆- ၂၀၁၇ ဘဏ္ဍာ ရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း (၁၈၆)ခု၊ ရေလမ်းကောင်းမွန်စေရေးလုပ်ငန်း (၈)ခု ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း (၂၂၇)ခု ရေလမ်းကောင်းမွန်စေရေးလုပ်ငန်း (၂၉)ခုကို ကာကွယ်ထိန်းသိမ်းနိုင်ခဲ့သည်။ ၂၀၁၆ခုနှစ်၊ ဧပြီလမှ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ (၂) နှစ်နှင့် (၄)လအတွင်း (၄၉၈) နေရာတွင် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဧရာဝတီနှင့် ချင်းတွင်းမြစ်များသာမက နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ၊ Feasihility Sduty (FS) လေ့လာမှုများကိုလည်း အရေးကြီးသည့် ဦးစားပေးအစီအစဉ်အလိုက် နိုင်ငံတော်၏စီမံကိန်းများအဖြစ် လျာထားဆောင်ရွက်နေသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ကို အဓိကဆက်သွယ်သည့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ကိုရီးယားနိုင်ငံချေးငွေ ဒေါ်လာ ၆၁.၃ သန်းဖြင့် (၀) မိုင်ရှိ ဝဲဖြစ်နိုင်သည့်ကြမ်းပြင်တိုက်စားမှုကို ကာကွယ်ခြင်း၊ တူးမြောင်းကမ်းပါးတိုက်စားမှုများ ကာကွယ်ခြင်းနှင့် တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုစီမံကိန်းတွင်ရေကြီးရေလျှံကာကွယ်ရေးအစီအမံများ ပါဝင်သည်။

နယ်သာလန်နိုင်ငံ၊ ဩစတေးလျ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘယ်ဂျီယံနိုင်ငံစသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြင့်လည်း ပူးပေါင်းဆောင်ရွက်နေမှုများလုပ်ဆောင်လျက်ရှိသည်။

ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ ကာကွယ်တားဆီးခြင်းနှင့် လျှော့ချခြင်းစသည့် အကြောင်းအရာများနှင့် ပတ်သက်၍တင်ပြရလျှင်–

ယခုအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေကြီးရေလျှံမှုများကို ပြည်သူများ ကြုံတွေ့ခံစားနေကြရသည်ဖြစ်သည့်အတွက် ကာကွယ်ရေးနှင့် လျော့ကျစေရေး အစီအမံများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေသည်။

ရေကြီးရေလျှံမှုကိုကာကွယ်ရန်အဓိကဆောင်ရွက်ပေးရမည့်အချက် (၆)ချက်ရှိသည့်အနက် မြစ်၏ရေထုထည်လက်ခံစီးဆင်းနိုင်မှုကို မြှင့်တင်ပေးခြင်း၊ ရေကြီးသည့်နေရာအား ကာကွယ်ခြင်း၊ မြစ်ကြမ်းပြင်နှင့် ကမ်းပါးပြိုကျပျက်စီးမှုမှ ကာကွယ်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်သည်။

ရေကြီးရေလျှံမှု အစီအစဉ်များကိုဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်း၊ လမ်းတံတားစီမံကိန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းသည့် Integrated Management ပုံစံမျိုးဖြင့် ဆောင်ရွက်သင့်သည်။

ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် Survey ပြုလုပ်ခြင်း၊ ခေတ်မီနည်းစနစ်များဖြစ်သည့် Hydrology Model Hydraulic Model များနှင့် Flood Interval မှန်းဆခြင်း၊ ကာကွယ်မည့်ပုံသဏ္ဍာန်အား ဆန်းစစ်ခြင်းတို့ပါဝင်သော ပင်မရေရှည်အစီအမံများ ချမှတ်သင့်သည်။

ကောလင်းမြို့ ဥက္ကာကျေးရွာ၊ ချောင်းနားရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအနီးတွင် ဖြတ်သန်းစီးဆင်းနေသည့် ဒေါင်းမြူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်းများဖယ်ရှားခြင်း အလျား ၆.၅ မိုင်၊ ကောလင်းမြို့တွင်း ချောင်းနှင့် ရေနုတ်မြောင်းဆယ်ယူခြင်း ၂၃ မိုင်နှင့် ဒေါင်းမြူးချောင်းအတွင်း ကမ်းပြိုကာကွယ်ရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၇- ၂၀၁၈ နှင့် ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ၆လအတွင်း ဆောင်ရွက်ခဲ့မှုများကြောင့် ကောလင်းမြို့နှင့် မြို့အောက်ဖက်ရှိ ကျေးရွာများတွင်ရေကြီးရေလျှံဖြစ်ပေါ်မှုလျော့နည်းသွားကြောင်းတွေ့ရသည်။

ဌာနအနေဖြင့်ရှေ့ဆက်၍ ၂၀၁၉- ၂၀၂၀ တွင်ဒေါင်းမြူးချောင်းရေများ မူးမြစ်အထိ စီးဆင်းမှုကောင်းစေရန် သဲနုန်းတူးဖော်ခြင်း ၁၅၆၂၀ မီတာ၊ ၂၀၂၀- ၂၀၂၁ တွင်ဆီဆုံကုန်းကမ်းပြိုကာကွယ်ရေး ၆၀၀ ပေ၊ မြောက်လည်ကျေးရွာတွင် ၁၀၀၀ ပေဆောင်ရွက်သွားရန် အစီအစဉ်ရှိသည်။

ဘီလင်းမြစ်သည် အကွေ့အကောက်များပြီး ပင်လယ်ဘက်သို့ ရေထွက်နှေးခြင်းကြောင့် ရေထွက်အားကောင်းရန်အတွက် ရွှေလေ့ကျေးရွာမှ ညောင်ပလင်ကိုဖြတ်ပြီး အလျား (၃)မိုင်ခန့်ရှိသည့် တူးမြောင်းဖောက်လုပ်သင့်သည်။ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ဘားအံမြို့ ရေကြီးရေလျှံရသည့် အကြောင်းရင်းများမှာ မိုးရွာသွန်းမှုများ၍ ဒီရေရောက်ရှိမှုနှင့်တိုက်ဆိုင်ကာ၊ မြစ်ကြမ်းပြင်မြင့်တက်ပြီး ရေလယ်ကျွန်းကြီးထွားလာပြီး အထက်ပိုင်းမှ ရေများသည်မြစ်ဝကို ချက်ချင်းရောက်လာခြင်းကြောင့်ဖြစ်သည်။

ဘားအံမြို့အထက်ပိုင်း သိုက်တောကျေးရွာနှင့် ရေပေါ်သောင်ကျွန်းကြားရေလမ်း၊ ဖားန္တဲ့ကျွန်းနှင့် အေအောင်ကျွန်းကြားရေလမ်း၊ အုန်းမှုတ်ကျွန်းနှင့် ရွာသစ်ကျွန်းကြားရေလမ်းနှင့် ဘာအံမြို့၏ အောက်ဘက်တရုတ်လှကျွန်းနှင့် ကော့ဂွန်းကျွန်းကြားရေလမ်းများတွင် ရေစီးရေလာကောင်းမွန်စေရန်နှင့် မြစ်ကြောင်းဖြောင့်တန်းစေရန်အတွက် ဌာနအနေဖြင့် သောင်တူးလုပ်ငန်းများ ဆောင်ရွက်သွားရန်ရှိသည်။

ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resource Management- IWRM) အရေးကြီးသည်။ Monitoring, Forecasting and Early Warning System တို့ကို အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။ Wet Land, Flood Plain နှင့် အခြားသဘာဝရေကန်တို့ကို ထိန်းသိမ်းရန် လိုအပ်သည်။ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံခန့်ခွဲ ဆောင်ရွက်ရန် လိုအပ်သည်။ မြစ်ဝှမ်းဒေသများအတွက် ရေရှည်အစီအမံ Basin Master Plan ရေးဆွဲရန် လိုအပ်လျက်ရှိသည်။

မြစ်များသည် စွန့်ပစ်ပစ္စည်းများ အမှိုက်သရိုက်များပစ်ရမည့်နေရာ မဟုတ်။ မြစ်၏ရေစီးရေလာကောင်းမွန်ရေးကိုထိန်းသိမ်းခြင်း၊ မြစ်ရေ၏အရည်အသွေးကို ထိန်းသိမ်းခြင်းဖြင့်ရေအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရာရောက်ပြီးမျိုးဆက်သစ်များအတွက် သန့်ရှင်းသောရေရရှိရန် အားလုံးမှဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မန္တလေးတိုင်းဒေသကြီး၊ ဖရဲကျွန်းကျေးရွာ ကမ်းထိန်းလုပ်ငန်း



လက်ဆောင်ယူကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း



လေးမျက်နှာမြို့ ၊ ထူပါရုံဘုရား ကမ်းထိန်းလုပ်ငန်း မှတ်တမ်းဓါတ်ပုံများ



ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ ကမ်းထိန်းလုပ်ငန်း



# ကုန်းလမ်းပို့ဆောင်ရေး

ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှနည်းပညာများရယူ၍ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကိုအာဆီယံအဆင့်မီအောင် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးသည် အဆင့်မြင့်ယာဉ်များဖြင့် အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်အရန်ပစ္စည်းများမွမ်းမံထုတ်လုပ်ခြင်း၊ အဆင့်မြင့်ယာဉ်များအားပြုပြင်နိုင်သည့်ယာဉ်ပြင်သင်တန်းများ၊ ယာဉ်မောင်းသင်တန်းများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် ပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြည်တွင်း၊ပြည်ပလုပ်ငန်းရှင်များနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစသည့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးတွင် ဌာန(၉)ခုဖြင့် ဖွဲ့စည်းထားပြီး ကုန်စည်ပို့ဆောင်ရေးဌာနခွဲများကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ ရွှေဘို၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ ဟသ်ာတ၊ မော်လမြိုင်၊ တောင်ကြီးမြို့များတွင်လည်းကောင်း၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့ကြီးများတွင်လည်းကောင်း၊ အခြေစိုက်အလုပ်ရုံများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများတွင် လည်းကောင်း ဖွင့်လှစ်၍လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးဌာနမှ ခရီးသည်ပို့ဆောင်ခြင်းလုပ်ငန်းများအားစီးလုံးငှားနှင့် စက်ရုံကြို/ပို့ လုပ်ငန်းများဆောင်ရွက်ခြင်းအဝေးပြေးခရီးသည်ပို့ဆောင်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းနိုင်ငံတော်မှ အခါအားလျော်စွာ ကျင်းပသောအခမ်းအနားများတွင် သယ်ယူပို့ဆောင်ပေးခြင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် ကြိုပို့လုပ်ငန်းဆောင်ရွက်ခြင်းများဆောင်ရွက်လျက်ရှိသည်။

ကုန်လမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနမှ ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများအား စီမံကိန်းလုပ်ငန်းများ သယ်ယူပို့ဆောင်ပေးခြင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများတွင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဝန်ကြီးဌာနများမှ အခါအားလျော်စွာ လိုအပ်ချက်များရှိပါက သယ်ယူပို့ဆောင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ဦးစန်းမြင့်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး

ကုန်းလမ်းပို့ဆောင်ရေးရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အခြေခံယာဉ်မောင်းသင်တန်းကျောင်း(၂၂)ကျောင်းနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းကျောင်း(၂)ခုဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းများမှ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိယာဉ်မောင်းသင်တန်းသား (၁၀၆၄၈၀)ဦး၊ ဆိုင်ကယ်မောင်းနှင်မှုသင်တန်းသား (၂၉၃၅၇)ဦး လေ့ကျင့်သင်ကြားပေးခဲ့သည်။ အခါအားလျော်စွာ အခြေစိုက်အလုပ်ရုံများတွင်အင်ဂျင်ပြင်ဆင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်ကြီးများ အသင်းတို့ပူးပေါင်း၍အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်းအား အင်ဂျင်နီယာဌာန (ပုဗ္ဗသီရိ)သင်တန်းကျောင်းတွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်မှစ၍ ဖွင့်လှစ်ခဲ့ရာ ၂၀၁၈ခုနှစ်၊ ဩဂုတ်လအထိ သင်တန်း (၂၈)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၁၃၃၈) ဦးလေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) တို့ပူးပေါင်း၍ခရီးသည် ပို့ဆောင်ရေးဌာနခွဲအမှတ်(၅) (မြောက်ဥက္ကလာပ)တွင် YBS အထူးခရီးသည်တင်ယာဉ်ကြီးမောင်းသင်တန်းအမှတ်စဉ်(၁) အား၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၁၇ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၈ခုနှစ်ဇူလိုင်လ ၁၇ရက်အထိသင်တန်း(၉)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၁၀၂၉) ဦးအားလေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)တို့ ပူးပေါင်းဆောင်ရွက်နေသော Sustainable Freight Transport and Logistics in the Mekong Region စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံကုန်စည်သယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ရှင်သန်ရေးအတွက်ကုန်တင်ယာဉ်မောင်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လောင်စာဆီအကျိုးရှိစွာ မောင်းနှင်နိုင်ရန် "Eco& Defensive Driving" သင်တန်း၏ Training for Trainer (TOT) ဆရာဖြစ်သင်တန်းကို နေပြည်တော်တွင် ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၂၄ ရက်မှ ၂၀၁၇ခုနှစ်ဇန်နဝါရီလ ၂၆ရက်အထိပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းသားများအနက် ထူးချွန်သူ (၆)ဦးကိုသင်တန်းပြန်လည်ပို့ချနိုင်ရန် ရွေးချယ်ခဲ့ပြီးသင်တန်းများဖွင့်လှစ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ်၊ မေလမှ ၂၀၁၈ခုနှစ်၊ ဩဂုတ်လအထိ စုစုပေါင်း သင်တန်း(၈)ကြိမ်ဖွင့်လှစ်ကာ သင်တန်းသား(၁၅၄)ဦးတို့အား သင်ကြားပို့ချပေးနိုင်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးမှ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ Joint Venture (JV) လုပ်ငန်း (၅)ခု၊ BOT လုပ်ငန်း (၂၁)ခုတို့ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တွင်းခရီးသည်ပို့ဆောင်ခြင်းလုပ်ငန်းနှင့် အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ စီးလုံးငှားယာဉ်ငှားရမ်းခြင်းလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ကုန်ပစ္စည်းသိုလှောင်ရုံလုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာများငှားရမ်းခြင်းလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ရက် (တနင်္လာနေ့) နေ့လည် ၂နာရီခွဲအချိန်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅)၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Changchun Automobile Institute၊ China FawGroup Import and Export Co.,Ltd တို့သည်မော်တော်ယာဉ်အလုပ်ရုံများနှင့် မော်တော်ယာဉ်ထုတ်လုပ်မှု အဆင့်မြင့်နည်းပညာများကို လေ့လာသင်ယူနိုင်ရန်နှင့် မိမိဌာနတွင်ပြန်လည်အသုံးချနိုင်ရန်ရည်ရွယ်၍ နားလည်မှုစာချွန်လွှာ MOU လက်မှတ်ရေးထိုးပွဲအခမ်းအနားအား ကျင်းပပြုလုပ်ခဲ့သည်။














# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန



ဒေါက်တာ ကျော်မိုးဦး
ညွှန်ကြားရေးမှူးချုပ်

ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် သဘာဝဘေး အန္တရာယ်ရာသီဥတုစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစီမံကိန်း (၂၀၁၃-၂၀၁၈) အရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်း၍ မိုးလေဝသရေဒါတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၄ခုနှစ်၊ မတ်လတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ ကျောက်ဖြူမြို့ (မင်းပြင်ရွာ)၊ မိုးလေဝသရေဒါကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့ (ကမ္ဘာအေး)၊ မိုးလေဝသရေဒါကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်နေ့တွင်လည်းကောင်း၊ မန္တလေးမြို့ (တံတားဦး) မိုးလေဝသရေဒါကို ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင်လည်းကောင်း လွှဲပြောင်းလက်ခံရရှိခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့်မြန်မာနိုင်ငံ၏ မိုးလေဝသခန့်မှန်းချက်နှင့် သဘာဝဘေးအတွက် ကြိုတင်သတိပေးစနစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းအရ မြန်မာနိုင်ငံရှိ မိုးလေဝသစခန်း (၂၀)တွင် အလိုအလျောက် မြေပြင်မိုးလေဝသတိုင်းတာရေးကိရိယာများ တပ်ဆင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်ဆင်ပြီးစီးခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်းအစီအစဉ်ဖြင့် သဘာဝဘေးကျရောက်လွယ်သည့် ပြည်နယ်တိုင်းဒေသကြီး (၆)ခုရှိ မိုးလေဝသစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာနစခန်းများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစခန်းများတွင် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ (၈၈)ခုကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်ဆင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဒေသတွင်းသဘာဝဘေးဘက်စုံသတိပေးရေးဗဟိုဌာန (RIMES) တို့ပူးပေါင်း၍ ဆောင်ရွက်နေသောတောင်သူလယ်သမားများအတွက် ရည်ရွယ်၍ ထုတ်ပြန်ပေးနေသည့် SESAME Mobile Application နှင့် Computer - based System တို့တွင် စိုက်ပျိုးရေးမိုးလေဝသ သတင်းများ ခန့်မှန်းချက်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့ ရန်ကုန် (ကမ္ဘာအေး) မိုးလေဝသစခန်းတွင် လေအရည်အသွေး စောင့်ကြည့်လေ့လာရန်အတွက် $PM_{2.5}$ Monitoring Technical Transfer Project (PMTT Project) လုပ်ငန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ၊ အာရှဒေသ လေထုညစ်ညမ်းမှုသုတေသနဗဟိုဌာနမှ ပညာရှင်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ဖြင့် သဘာဝဘေး အန္တရာယ်အဖြစ်များသော ပြည်နယ်နှင့် တိုင်းဒေသကြီး (၆)ခုတွင် အလိုအလျောက်မြစ်ရေတိုင်းတာသော ကိရိယာ (၁၀)ခုအား သာပေါင်းမြို့၊ ဖောင်းတူမြို့၊ ညောင်တုန်းမြို့၊ မင်းပြားမြို့၊ တောင်ကုတ်မြို့၊ သံတွဲမြို့၊ ကလေး (ကျောက်ပြတ်)၊ ဗားရဲ၊ ပွင့်ဖြူမြို့၊ ပင်လည်ဘူးမြို့များတွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ မတ်လအတွင်း တပ်ဆင်နိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ငွေကြေးအထောက်အပံ့နှင့် ဒေသတွင်းသဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးဗဟိုဌာန (Regional Integrated Multi-Hazards Early Warning System-RIMES ၏နည်းပညာအထောက်အပံ့တို့ဖြင့် ဆောင်ရွက်ခဲ့သည့် Development and Implementation of User Relevant End-to-End Flood Forecast Generation for Myanmar Project (2014-2017) အရ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တစ်လျောက်ရှိ ဇလဗေဒတိုင်းတာရေးစခန်း (၁၃)စခန်းအား ရိုးရိုးမြစ်ရေတိုင်းတာရေးစခန်းမှ အလိုအလျောက် မြစ်ရေတိုင်းတာရေးစခန်းများအဖြစ်သို့လည်းကောင်း၊ စခန်း(၂)စခန်းအား အလိုအလျောက် မိုးလေဝသတိုင်းတာရေး စခန်းများအဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီး၊ အဆိုပါ ခန့်မှန်းရေးနည်းပညာဖြစ်သော HEC-HMS Model ကိုအသုံးပြု၍ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တစ်လျောက်ရှိ စခန်း (၁၃)စခန်းအတွက် မြစ်ရေခန့်မှန်းချက်များအား (၁)ရက်မှ (၃)ရက်အထိ ကြိုတင်တွက်ထုတ်နိုင်ခဲ့ပြီး အဆိုပါနည်းပညာအား ခန့်မှန်းရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ခဲ့သဖြင့် ခန့်မှန်းရေးလုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အကျိုးရှိခဲ့ပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သည့် Launching of India-Supported DMH Long-Lead Flood REarly Warning System and Earthquake Monitoring System အား ၂၀၁၈ ခုနှစ်၊ မေလ (၄) ရက်နေ့တွင် နေပြည်တော်၊ Hotel ACE တွင်ကျင်းပပြုလုပ်ခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် သုတေသနလုပ်ငန်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံငလျင်ကော်မတီ၊ စင်ကာပူနိုင်ငံ၊ နန်ယန်းနည်းပညာတက္ကသိုလ်ရှိ Earth Observatory of Singapore (EOS) တို့ပူးပေါင်း၍ စစ်ကိုင်းပြတ်ရွေ့၏ ပျဉ်းမနား- သာစည်အပိုင်းကို Airborne LiDAR လေ့လာမှုများကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှစ၍ မတ်လ (၆)ရက်နေ့အထိ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့၊ ဒေသတွင်းဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (Regional Integrated Multi-Hazard Early Warning System - RIMES) နှင့်ပူးပေါင်းပြီး ကန့်ဘလူ၊ တောင်ငူ၊ ဂွ၊ ထားဝယ်နှင့် သီပေါမြို့များတွင် မြေငလျင်တိုင်းစက် (၅)လုံးကို (၂၇.၄.၂၀၁၈) ရက်နေ့မှ (၃.၅.၂၀၁၈) ရက်နေ့အထိ သွားရောက်တပ်ဆင်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ၏ မြေငလျင်ဘေးအန္တရာယ် လျော့ပါးရေးနှင့် မြေငလျင်ဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမေရိကန်နိုင်ငံ၊ အမေရိကန် ဘူမိဗေဒလေ့လာရေးဌာန (United States of Geological Survey- USGS)၊ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (United States Agency for International Development -USAID) တို့နှင့်ပူးပေါင်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့မှ (၁၃)ရက်နေ့အထိ နေပြည်တော်၊ Hilton Hotel တွင်အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဆောင်းရာသီကာလအတွက် မုတ်သုံဖိုရမ်များအား (၂၉-၁၀-၂၀၁၇) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့တွင်လည်းကောင်း၊ (၁-၁၁-၂၀၁၇) ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်တွင်လည်းကောင်း၊ (၆-၁၁-၂၀၁၇) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ (၈-၁၁-၂၀၁၇)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး Central Hotel တွင်လည်းကောင်း၊ (၁၀-၁၁-၂၀၁၇) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့မှ (၁၄)ရက်နေ့တွင် ဒုတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးအဆင့် လျင်ဆိုင်ရာဖိုရမ်ကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့ရာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ပြခန်းများခင်းကျင်းပြသခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့တွင် တရုတ်မြန်မာအမျိုးသားပူးတွဲဓာတ်ခွဲခန်းတည်ထောင်ခြင်း အစီအစဉ်အရ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (ရန်ကုန်)နှင့် Beijing Institute of Radio Measurement (BRIM) တို့ဆက်လက်လုပ်ဆောင်မည့် X band phased array waether radar project ပူးပေါင်းသုတေသနဆောင်ရွက်မှုအား ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၁) ရက်နေ့တွင် JICAအစီအစဉ်ဖြင့် Okinawa International Cooperation Youths Program အဖွဲ့မှ ရန်ကုန်ရေဒါအားလေ့လာရေးလာရောက်ခဲ့ကြပါသည်။








စစ်ကိုင်းပြတ်ရွေ့၏ ပျဉ်းမနား-သာစည်အပိုင်းကို လေယာဉ်ဖြင့် Airborne LiDAR တိုင်းတာမှုပြုလုပ်သည့်ပုံ




ကိုရီးယားနိုင်ငံအစိုးရ၏ အကူအညီဖြင့် အခန်း (၂၀)တွင် အလိုအလျောက်မြေပြင် မိုးလေဝသကိရိယာများ တပ်ဆင်ထားရှိမှုအခြေအနေများ



အလိုအလျောက်မြစ်ရေတိုင်းတာရေးကိရိယာ ပွင့်ဖြူမြို့ (မန်းချောင်း)



အလိုအလျောက်မြစ်ရေတိုင်းတာရေးကိရိယာ သံတွဲမြို့ (သံတွဲချောင်း)



အလိုအလျောက်မြစ်ရေတိုင်းတာရေးကိရိယာ တောင်ကုတ်မြို့ (တောင်ကုတ်ချောင်း)

**၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ မိုးလေဝသဌာနခွဲ (နေပြည်တော်)မှ ထုတ်ပြန်ပေးခဲ့သည့် ခန့်မှန်းချက်များ၊ သတိပေးချက်နှင့် သတင်းထုတ်ပြန်မှုအရေအတွက်များ**

| စဉ် | အကြောင်းအရာ | အကြိမ်ပေါင်း |
|---|---|---|
| ၁ | နေ့စဉ်မိုးလေဝသခန့်မှန်းချက် (မြန်မာ/အင်္ဂလိပ်) | ၃၃၅ |
| ၂ | (၁၀)ရက်ပတ်မိုးလေဝသခန့်မှန်းချက် | ၃၃ |
| ၃ | လပတ်မိုးလေဝသခန့်မှန်းချက် | ၁၁ |
| ၄ | မိုးဦး/မိုးလယ်/မိုးနှောင်းခန့်မှန်းချက် | ၃ |
| ၅ | ဆောင်းရာသီအတွက် ယေဘုယျခန့်မှန်းချက် | ၁ |
| ၆ | အနောက်တောင်မုတ်သုံလေဝင်ရောက်မှု/ဆုတ်ခွာမှု အခြေအနေ | ၄ |
| ၇ | လာနီညာအခြေအနေ/အယ်နီညိုအခြေအနေ | ၉/- |
| ၈ | ပင်လယ်ပြင်ခရီးမိုးလေဝသခန့်မှန်းချက် | ၄၅၅ |
| ၉ | ဘင်္ဂလားပင်လယ်အော်သတင်းလွှာ | ၃၃၅ |
| ၁၀ | ရုပ်မြင်သံကြားမိုးလေဝသတင်း | ၃၃၅ |
| ၁၁ | FM ရေဒီယိုများအတွက် မိုးလေဝသခန့်မှန်းချက် | ၃၃၅ |
| ၁၂ | အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များအတွက် မိုးလေဝသခန့်မှန်းချက် | ၄၉ |
| ၁၃ | ထူးခြားမိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်လာနိုင်သည့် အခြေအနေထုတ်ပြန်ချက် | ၇ |
| ၁၄ | ထူးခြားမိုးလေဝသဖြစ်စဉ် | ၄၂ |
| ၁၅ | ဘင်္ဂလားပင်လယ်အော်အခြေအနေ (လေဖိအားနည်းရပ်ဝန်း) | ၁၆၄ |
| ၁၆ | မုန်တိုင်းသတင်းထုတ်ပြန်ချက် | ၃၃ |
| ၁၇ | မုန်တိုင်းသတိပေးချက် | ၁၉ |
| ၁၈ | အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း | ၂ |
| ၁၉ | မုန်တိုင်းနှင့် ပတ်သက်၍ နောက်ဆုံးမိုးလေဝသတင်း | ၁ |
| ၂၀ | မိုးဦးကာလလေပြင်းတိုက်ခတ်မည့် သတိပေးချက် | ၄ |
| ၂၁ | မုတ်သုံအဝင်ကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ကြိုတင်သတိပေး နှိုးဆော်ချက် | ၂ |
| ၂၂ | အချိန်အခါမဟုတ် မိုးရွာမည့်သတိပေးချက် | ၆ |
| ၂၃ | မိုးကြီးမည့်သတိပေးချက် | ၁ |
| ၂၄ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | ၁ |
| ၂၅ | အနိမ့်ဆုံးအပူချိန်စံချိန်သစ် | ၁၂ |
| ၂၆ | မိုးရေချိန်စံချိန်သစ် | ၁၇ |

# မြန်မာ့မီးရထား



**ဦးသူရိန်ဝင်း**
ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့မီးရထားသည် ပို့ဆောင်ရေးကဏ္ဍ၏အစိတ်အပိုင်းတစ်ခုအဖြစ် အရေးပါသည့်ဌာနတစ်ခုဖြစ်ပြီး ရထားပြေးဆွဲခြင်းလုပ်ငန်းများကို အခုခေတ်ပိုမိုကောင်းမွန်အောင်ပြုလုပ်ပြီးခရီးသည်များများ၊ ကုန်များများသယ်ယူပို့ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာ့မီးရထားကိုပြည်သူများယုံကြည်အားကိုးရသည့်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖြစ်လာရန်မြန်မာ့မီးရထားတာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။

မြန်မာ့မီးရထားသည် လက်ရှိအခြေအနေတွင်ဌာနကြီး(၁၁) ခုနှင့်စက်ရုံ(၃)ရုံ၊ တိုင်း(၁၁)တိုင်းရှိပြီးအရာထမ်း(၄၅၇)ဦး၊ အမှုထမ်း(၃၂၅၅၀)ဦးစုစုပေါင်း (၃၃၀၀၇) ဦးဖြင့်ဖွဲ့စည်းထားသည်။ လက်ရှိဌာန၏ခန့်ထားအင်အားမှာအရာထမ်း(၃၅၅)ဦး၊ အမှုထမ်း(၁၈၅၇၀)ဦး၊ စုစုပေါင်း (၁၈၉၂၅)ဦးရှိသဖြင့် ဖွဲ့စည်းပုံ၏(၅၇.၃၃)ရာခိုင်နှုန်းဖြင့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်လျှက်ရှိသည်။

## ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ခြင်းလုပ်ငန်းများ

ရန်ကုန်ဘူတာကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ရွာသာကြီးနှင့်မြစ်ငယ်တို့၌ ကုန်းတွင်းဆိပ်များ(Dry Port) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ရန်ကုန်မြို့မိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်ရှိ မြန်မာ့မီးရထားရုံးချုပ်အဆောက်အဦအား ရှေးမှုမပျက်ပြုပြင်ပြီး (5) Star အဆင့်ဟိုတယ်ပြုလုပ်ရန်အတွက် MIHL ကုမ္ပဏီအား BOT စနစ်ဖြင့်ဌားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ပဲခူးတိုင်းဖြူးမြို့နယ်ရှိ (၀.၆၈၂)ကေ၌ ခေတ်မီစီးပွားရေး(၄)ထပ်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ ကွန်တိန်နာရထားပြေးဆွဲခြင်းလုပ်ငန်း၊ ရန်ကုန်-မြို့ဟောင်းလမ်းပိုင်းနှင့် မြို့ဟောင်းမြစ်ကြီးနားလမ်းပိုင်းတွင် ဆီလုံးရထားပြေးဆွဲရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိသည်။

## တံတားသစ်များတည်ဆောက်ခြင်းလုပ်ငန်းများ

တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်းပိုင်းတွင်သက်တမ်းနှစ်(၁၀၀)ကျော်ခန့်ရှိ တံတားကြီး(၈)စင်းရှိရာတောင်ပုံဘူတာနှင့် ပလိုင်ကီးဘူတာအကြားမိုင်တိုင်အမှတ်(၂၅၆/၁၈-၂၁) တွင်တည်ရှိသည့်တံတားအမှတ်(၁၇၃) ပေ၆၀၀ရှိသောသံယ်န်းကျွန်းတံတားဖျက်သိမ်း၍ ကွန်ကရစ်သံဘောင်အမျိုးအစားဖြင့်ပြန်လည်တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီးကျန်သက်တမ်းလွန်တံတားများကိုလည်း ရန်ပုံငွေတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၈ခုနှစ်ဇူလိုင်လ (၉) ရက်နေ့မှ (၂၉)ရက်နေ့အထိရေကြီးရေလျှံ၍ သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားစွာဖြစ်ပွားခဲ့သည့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိနှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာအကြားမိုင်တိုင်အမှတ်(၁၂၀/၅-၆)ကြားတံတားအမှတ် (၇၄)သည်ရေတိုက်စားပျက်စီးခဲ့ရာ ခရီးသွားပြည်သူများသွားလာမှုအဆင်ပြေစေရန် ယာယီဘေလီတံတားထိုး၍ရထားဖြတ်သန်းနေပြီး တံတားအသစ်တည်ဆောက်သွားမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသည့်အခြားသောတံတားများကိုလည်း ဆက်လက်ပြုပြင်သွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အမှတ် (၃၇)အဆန်၊ (၃၈)အစုန် ရထားများအားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်- ပြည်၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်းတို့တွင် ပုဂ္ဂလိကကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်စီစဉ်လျှက်ရှိသည်။

သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအားကြည့်ရှုလေ့လာနိုင်ရေးအတွက် ခရီးသည်(၂၀) ဦး စီးနင်းနိုင်သည့်သံလမ်းပြေးယာဉ်လုပ်ငန်း၊ အလုံပိတ်ကုန်တွဲများအား ပြည်တွင်းရှိပုဂ္ဂလိကလုပ်ငန်းများမှ တည်ဆောက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပုဂ္ဂလိကမှစက်ခေါင်းနှင့်ကုန်တွဲများ ဝယ်ယူတင်သွင်းခြင်းလုပ်ငန်း ကုန်ရထားပြေးဆွဲခြင်းကို မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်လျှက်ရှိသည်။ ထို့ပြင်သံလမ်း(၉)ချောင်းဆက်ခြင်းနှင့် ရထားလမ်းပါကင်ရိုက်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် (၁၉)ပေအရှည်ရှိသံလမ်း (၉)ချောင်းဆက်အားတဆက်စပ်တည်းဆက်ရန် သံလမ်းခင်း လုပ်ငန်းကို ပဲခူး-မော်လမြိုင်-ရေး လမ်းပိုင်းတို့တွင်လည်းကောင်း၊ သံလမ်း(၉)ချောင်းဆက်ခြင်းလုပ်ငန်းကို မန္တလေး-မြစ်ကြီးနားတို့တွင်လည်းကောင်းတင်ဒါအောင်မြင်သည့်ကုမ္ပဏီဖြင့်အသီးသီးဆောင်ရွက်လျှက်ရှိသည်။

ရထားစီးခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက်မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း၌မန္တလေး-ကောလင်းခရီးစဉ်နှင့် မိုးညှင်း-မြစ်ကြီးနားခရီးစဉ်၊ ခင်ဦး-မန္တလေးခရီးစဉ်၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ ရန်ကုန်-ဥက္ကံခရီးစဉ်နှင့် ရန်ကုန်-ပဲခူး-ရန်ကုန် ခရီးစဉ်များအား RBE ရထားတွဲဆိုင်းဖြင့် ပြေးဆွဲပေးခဲ့ရာခရီးသည်များနှစ်သက်စွာစီးနင်းနေကြပြီးပြည်သူများ၏ လိုအပ်ချက်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

## ပြည်တွင်း/ပြည်ပချေးငွေအကူအညီရယူပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် စက်ခေါင်းတွဲများဝယ်ယူဖြည့်တင်းခြင်း

တရုတ်နိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံ(နေပြည်တော်)နှင့် တွဲတည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)တို့တွင် ဆောင်ရွက်ခြင်းစီမံကိန်း၊ ဂျပန်နိုင်ငံချေးငွေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ ဂျပန်နိုင်ငံချေးငွေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းရှိ (၄/၆) ချောင်းဆက်သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ပါကင်ရိုက်ခြင်း၊ ဘူတာရုံနှင့်ပလက်ဖောင်းများမြှင့်တင်ခြင်း လူကူးခုံးကျော်များအသစ်တည်ဆောက်ခြင်းစသည့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ရန်ကုန်-ပြည်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ADB ချေးငွေဖြင့်ဆောင်ရွက်နိုင်ရန်အတွက် ကနဦးလေ့လာမှုဆောင်ရွက်လျှက်ရှိသည်။

ပဲခူး-မော်လမြိုင်-ရေး ရထား လမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ အိန္ဒိယနိုင်ငံချေးငွေဖြင့်စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနတို့အတွက် စက်ပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် စက်ခေါင်းများဝယ်ယူခြင်းစီမံကိန်း၊ ကိုရီးယားချေးငွေ(EDCF) ဖြင့်လူစီးတွဲသစ် (၁၀၀)တွဲဝယ်ယူခြင်းစီမံကိန်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အထက်ဖော်ပြပါစီမံကိန်းများဖြစ်သည် နေပြည်တော်စက်ခေါင်းသစ်စက်ရုံမှာ (၉၈.၀၅)% ပြီးစီးနေပြီဖြစ်ပြီးတွဲသစ်တည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)မှာ (၉၈.၆၃)% ပြီးစီးနေပြီဖြစ်သည်။ တရုတ်နိုင်ငံမှစက်ခေါင်းသစ်(၂၂)ခေါင်းအနက် စက်ခေါင်း(၁၂)ခေါင်းမှာလမ်းပိုင်းအသီးသီးတွင်အသုံးပြုလျက်ရှိပြီးကျန်ရှိသည့် စက်ခေါင်း(၁၀)ခေါင်းအားနေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံမှ တည်ဆောက်လျက်ရှိရာစက်တင်ဘာလကုန်တွင် စက်ခေါင်းသစ်(၁)ခေါင်းပြီးစီးမှာဖြစ်ပြီး ကျန်စက်ခေါင်းများကိုလည်းလစဉ်(၁)ခေါင်းနှုန်းတပ်ဆင်ထုတ်လုပ်သွားမှာဖြစ်သည်။ လူစီးတွဲသစ်(၆၀)တွဲအနက်လူ စီးတွဲ(၃၉)တွဲမှာရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန် -ပြည်လမ်းပိုင်းတွင် အသုံးပြုလျက်ရှိပြီးကျန်ရှိသည့် လူစီးတွဲ(၂၁)တွဲအားလူစီးတွဲသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(မြစ်ငယ်)၌တပ်ဆင်ထုတ်လုပ်လျက်ရှိရာ အောက်တိုဘာလအကုန်တွင် တွဲများအားလုံးရရှိပြီး လမ်းပိုင်းများတွင် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ထို့အပြင်စက်ခေါင်း(၁၈)ခေါင်းဝယ်ယူရေးအတွက်စာချုပ်ချုပ်ဆိုခဲ့ရာ ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလအတွင်းအားလုံးရောက်ရှိပြီးရောက်ရှိလာသည့်စက်ခေါင်းများအား ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများတွင်လူစီးရထားနှင့် ကုန်ရထားများ၌အသုံးပြုပြေးဆွဲလျှက်ရှိသည်။ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းရှိဂျိုးထောင်-မဲဇာလမ်းပိုင်းနှင့် မော်ဟန်-ကာဒူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအနေဖြင့် ကိုရီးယားနိုင်ငံချေးငွေဖြင့် ဖြစ်နိုင်ချေလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

## မြန်မာ့မီးရထား၏ အနာဂတ်မျှော်လင့်ချက်

ရန်ကုန်မြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်လိုက်လျောညီထွေဖြစ်မည့် ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးစနစ် UMRT(Urban Mass Rapid Transit) ကိုမဖြစ်မနေထူထောင်အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ ၎င်းတွင် အရှည် ၂၆.၅ကီလိုမီတာရှည်လျားသည့် ဒလမှရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တောင်မြောက်အတိုင်းသွားမည့် UMRT-1 ရထားလမ်းကြောင်းနှင့် အရှည် ၂၅.၁၇ ကီလိုမီတာခန့် ရှည်လျားသည့်လှိုင်သာယာမှအုတ်ကျင်း၊ ဒဂုံမြို့သစ်၊ တိုးကြောင်ကလေးဘူတာအထိ အရှေ့အနောက်သွယ်တန်းဖောက်လုပ်မည့် UMRT-2 ရထားလမ်းကြောင်းများ ပါဝင်သည်။ လမ်းကြောင်းအခြေအနေနှင့် မြေမျက်နှာသွင်ပြင်ပေါ်မူတည်၍မြေအောက်၊ မြေပေါ်၊ ကောင်းကင်ရထားလမ်းစသည်ဖြင့်ဆက်စပ်ဖောက်လုပ်သွားမည်ဖြစ်သည်။ တင်ပြပါလမ်းကြောင်းသည် ရန်ကုန်မြို့တော်၏ ပို့ဆောင်ရေးလိုအပ်ချက်ကိုထိရောက်စွာဖြည့်ဆည်းပေးနိုင်မည့်အပြင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းပေးနိုင်ခြင်း၊ အချိန်မှန်ကန်မြန်ဆန်ခြင်း၊ လုံခြုံစိတ်ချရခြင်းတို့ကြောင့်ပြည်သူ့လိုအပ်ချက်နှင့် လည်းထပ်တူကျမည့် စီမံကိန်းတစ်ခုလည်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဂျပန်အစိုးရကတင်ပြပါလမ်းကြောင်း ၂ခုစလုံးအား ODA ချေးငွေပေးရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်ခြေလေ့လာမှုလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိသည်။



(၉) ချောင်းဆက်သံလမ်း လဲလှယ်ခြင်းနှင့် စက်ဖြင့်ပါကင်ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု



လူစီးတွဲသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (မြစ်ငယ်) ၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် တွဲသစ်




စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် မြင်းကောင်ရေ (၂၀၀၀ အား) စက်ခေါင်းသစ်




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ကျောက်များစုပုံထားရှိမှု



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာအကြားရှိ တံတားအမှတ် (၇၄) ရေတိုက်စားပျက်စီးခဲ့ရာ ခရီးသွားပြည်သူများသွားလာရေးအဆင်ပြေစေရန် ယာယီဘေလီတံတားဆောင်ရွက်ပြီးစီးမှု

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



ဦးနီအောင်
ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျစည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရန်၊ ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပနိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## ရန်ကုန်ဆိပ်ကမ်း

ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏ အဓိကပင်မဆိပ်ကမ်းတစ်ခုဖြစ်ပြီး နိုင်ငံ၏နိုင်ငံတကာရေကြောင်းကုန်သွယ်မှု၏ ၉၀% ခန့်ကို ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းအား အတွင်းဆိပ်ကမ်းနှင့် သီလဝါဒေသဟူ၍ (၂)နေရာကွဲပြားခြားနားစွာတည်ရှိပါသည်။

ရန်ကုန်အတွင်းဆိပ်ကမ်းတွင် နိုင်ငံတကာသင်္ဘောကြီးများရပ်နားနိုင်သည့် ဆိပ်ကမ်းတံတား (၂၆) စင်းရှိပြီးသီလဝါဒေသတွင် (၁၂) စင်း၊ စုစုပေါင်း (၃၈)စင်းရှိပါသည်။ ထို့အပြင် သီလဝါဒေသတွင် ဆိပ်ကမ်းတံတားအသစ်များကို ဆက်လက်တည်ဆောက်လျက်ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ်ဆိပ်ကမ်းတံတားများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းရှိ ကုန်သေတ္တာကိုင်တွယ်ခဲ့သည့် ပမာဏမှာ(၁.၀၄၃) သန်း TEU ဖြစ်ပြီး၊ အဆိုပါ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ဆိပ်ကမ်းနှင့် ပြည်ပဆိပ်ကမ်းများမှ ကိုင်တွယ်ခဲ့သည့်အထွေထွေကုန်ပစ္စည်းပမာဏမှာ စုစုပေါင်း မက်ထရစ်တန် (၉.၀၇၄)သန်းဖြစ်ပါသည်။

နိုင်ငံတော်မှနိုင်ငံခြားသို့ ဆန်စပါးတင်ပို့မှုအတွက် ဆူးလေဆိပ်ကမ်းတံတားမှ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်ရေလမ်းကြောင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် အကြီးမားဆုံးဝင်ရောက်နိုင်သည့် ရေယာဉ်မှာ LOA (၁၆၇) မီတာအရှည်ရှိ ဆန်တင်သင်္ဘောများသာဖြစ်သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏စနစ်တကျအနီးကပ်ကြီးကြပ်မှုဖြင့် LOA (၁၉၀)မီတာအရှည် ဆန်တင်သင်္ဘော (၃၀)စင်း ဝင်ရောက်နိုင်ခဲ့ရာ ဆန်တန်ချိန်အားဖြင့် (၁.၇၄)သန်းကျော်ကို ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ရေကြောင်းပြအဆောက်အအုံ (Fixed Pilot Station) တည်ဆောက်ခြင်း

ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀)ခန့်အကွာတွင် လက်ရှိတွင်ရေကြောင်းပြရေယာဉ် (Pilot Vessel) (၂) စီးအား အလှည့်ကျကျောက်ချရေကြောင်းပြစခန်း (Pilot Station) အဖြစ် အသုံးပြုလျက်ရှိသည့်နေရာတွင် ရေကြောင်းပြမှူးကြီးများနှင့် တာဝန်ထမ်းဆောင်သူဝန်ထမ်းများ ရေကြောင်းလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတံတားတစ်စင်းနှင့် (၃)ထပ် သံကူကွန်ကရစ်အဆောက်အအုံ (အလျား ၃၃.၂ မီတာ× အနံ ၃၀.၄ မီတာ) တစ်ခုပါဝင်သော ရေကြောင်းပြအဆောက်အအုံ (Fixed Pilot Station) အား အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် လုပ်ငန်းတစ်ခုလုံး၏ ၆၀% ခန့် ပြီးစီးနေပြီဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လုပ်ငန်းတစ်ခုလုံးပြီးစီးရန် လျာထားပါသည်။



## ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းတည်ဆောက်ခြင်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတားကို ဆိပ်ကြီးခနောင်တိုဒေသကမ်းပါးရေတိုက်စားမှုကိုကာကွယ်ရန်နှင့် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် နုန်းပို့ချမှုမဖြစ်စေဘဲ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်/ထွက် ဆိုက်ကပ်နိုင်မည့် လိုအပ်သောရေအနက်ရရှိရေးအတွက် အပိုင်းလိုက်ပြုပြင်မွမ်းမံလျက်ရှိပါသည်။ အဓိကပြိုကျပျက်စီးနေသော မြစ်ကြောင်းထိန်းတံတား အလျား ၁၄၀၀ ပေခန့် နေရာ(လက်ရှိအချိန်ပျက်စီးမှုအလျား) ကို Steel Sheet Pile များအသုံးပြု၍ Anchor Type ဖြင့် မြစ်ကြောင်းထိန်းတံတား တည်ဆောက်သွားရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်မှစတင်၍ ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အပိုင်းလိုက်မွမ်းမံအားဖြည့်တည်ဆောက်ခဲ့ပါသည်။

သီလဝါဆိပ်ကမ်းမြေကွက်အမှတ် (၂၅၊ ၂၆)တွင် ဂျပန်နိုင်ငံ ODA Loan ဖြင့် ကုန်သေတ္တာနှင့်အထွေထွေကုန်စည်ဆိပ်ကမ်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါစီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၈၅% ခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါသည်။ စီမံကိန်းပြီးစီးပါက အထွေထွေကုန်စည်နှင့်ကုန်သေတ္တာများ၊ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ Export, Import Container and Cargo များကို နိုင်နင်းစွာကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## မီးပြတိုက်များ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းတာဝန်များတွင် ရေယာဉ်များ ရေကြောင်းအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း လိုအပ်သောမီးပြတိုက်များ စီစဉ်ဆောင်ရွက်ပေးရသည့် တာဝန်တစ်ရပ်လည်းပါရှိပါသည်။

မြန်မာနိုင်ငံရှိ မီးပြတိုက်များအနက် မေယုမီးပြတိုက်သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မြစ်ငါးသွယ်ဆုံစီးရာ မေယုကျွန်း (Oyster Island) ပေါ်တွင်တည်ရှိပြီး ၁၈၈၅ ခုနှစ်က တည်ဆောက်ခဲ့သည့် မီးပြတိုက်တစ်ခုဖြစ်ပါသည်။ မေယုမီးပြတည်ရှိရာ မေယုကျွန်းသည် မြန်မာနိုင်ငံ၏အခြေခံမျဉ်းရေးဆွဲရာတွင် မြောက်ဘက်ဆုံးပွိုင့်အဖြစ်သတ်မှတ်ထားသဖြင့် အရေးကြီးသည့်ကျွန်းတစ်ကျွန်းဖြစ်သည့်အတွက် မေယုကျွန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကမ်းထိန်းလှိုင်းကာတံတားဆောင်ရွက်ခြင်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ (၂)နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## ဝန်ထမ်းအိမ်ရာများတည်ဆောက်နိုင်မှု

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဝန်ထမ်းများအားနေရေးထိုင်ရေးနှင့် သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်မြို့ရှိဌာနပိုင်မြေများပေါ်တွင် ဝန်ထမ်းအိမ်ယာများကိုနှစ်စဉ် တိုးမြှင့်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း စက်ဆန်းအိမ်ရာဝန်းတွင် (၈)ခန်းတွဲ (၆)ထပ်အဆောက်အဦ (၂)လုံး၊ ဗိုလ်တထောင် မီးပြင်း အမှတ် (၂၄၅)တွင် (၈)ခန်းတွဲ (၅)ထပ် အဆောက်အဦ (၁)လုံးနှင့် (၄)ခန်းတွဲ (၃)ထပ်အဆောက်အဦ (၁)လုံး ထပ်မံတည်ဆောက်ပြီးစီးသဖြင့် ဝန်ထမ်းများကိုနေရာချထားပေးနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နှစ်စဉ်တည်ဆောက်ခဲ့ရာ ယခုနှစ်အထိ ဝန်ထမ်းအိမ်ရာအဆောက်အဦ (၁၃)လုံး တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ဝန်ထမ်းမိသားစုစုစုပေါင်း (၃၈၃) အိမ်ထောင်စုအား ထပ်မံနေရာချထားပေးနိုင်ခဲ့ပါသည်။ အဆိုပါ ဝန်ထမ်းအိမ်ရာစီမံကိန်းအား Housing Master Plan အရ ဆောင်ရွက်ခဲ့ပြီးလက်ရှိအခြေအနေတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဝန်ထမ်းအိမ်ရာလျှောက်ထားသည့် အရာထမ်း/ အမှုထမ်းများအနက် အရာထမ်းစုစုပေါင်း (၁၇၀)ခန့်အား နေရာချထားပေးနိုင်ခဲ့ပြီး ရန်ကုန်မြို့ရှိ အိမ်ခန်းလျှောက်ထားသည့်အမှုထမ်းဝန်ထမ်းမိသားစုပေါင်း (၁၄၀၀)ရှိသည့်အနက် (၁၀၅၀) အား နေရာချထားပေးနိုင်ခဲ့၍ ကျန်ရှိသော ဝန်ထမ်းမိသားစုများအားလည်း နေရာချထားပေးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာတည်ဆောက်မှုအား Master Plan နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နောက်ထပ်ဝန်ထမ်းအိမ်ရာ (၃၀၀)ခန့်အတွက် နောင် (၅)နှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အရာထမ်း၊ အမှုထမ်းမိသားစုအားလုံး အိမ်ခန်းနေရာချထားပေးနိုင်ရန် စီမံသွားမည်ဖြစ်ပါသည်။

## Port EDI စနစ်အကောင်အထည်ဖော်ခြင်း

"ဆိပ်ကမ်းလုပ်ငန်း ခေတ်မီဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များ စီမံခန့်ခွဲရေးစီမံကိန်း (The Project for Port EDI for Port Modernization)"အရ ဂျပန်နိုင်ငံအစိုးရနှင့် Japan International Cooperation Agency (JICA) တို့၏ အကူအညီဖြင့် ဆိပ်ကမ်းလုပ်ငန်းစဉ်များအား ကွန်ပျူတာကွန်ရက်စနစ်အသုံးပြုဆောင်ရွက်နိုင်မည့် Port Electronic Data Interchange (Port EDI) System ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ၂၀၁၅ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလတွင် System Go-live စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

Port EDI စနစ်ကိုအသုံးပြုခြင်းဖြင့် ခေတ်နှင့်အညီ နိုင်ငံတကာစံချိန်မီ Computerized Electronic ဝန်ဆောင်မှုဖြင့် စီမံခန့်ခွဲမှုစနစ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းလုပ်ငန်းများ လျှော့ချကာဆိပ်ကမ်းလုပ်ငန်းစဉ်များကို လွယ်ကူလျင်မြန်တိကျစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

## ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများအတွက်သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ခုနှစ်၊ ဩဂုတ်လအထိ ဝန်ထမ်းများအား အခါကြီးရက်ကြီးများဖြစ်သော သတင်းကျွတ်လပြည့်နေ့တွင် ၈၅,၃၈၀,၀၀၀ ကျပ်၊ တန်းဆောင်မုန်းလပြည့်နေ့တွင် ၅၈,၀၀၀,၀၀၀ ကျပ်၊ နှစ်သစ်ကူးကာလ (အထူး) ၅၉,၂၈၀,၀၀၀ ကျပ်၊ ပြည်ထောင်စုနေ့တွင် ၂၉,၃၉၅,၀၀၀ ကျပ်၊ သင်္ကြန်ကာလ (အထူး) ၁၄၅,၇၅၀,၀၀၀ ကျပ်၊ ဝါဆိုလပြည့်နေ့တွင် ၄၂,၉၉၇,၅၀၀ ကျပ် စုစုပေါင်း ၄၂၀,၈၀၂,၅၀၀ ကျပ်ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းသား/သမီးများအတွက် ကျောက်အပ်နံ့ချိန်ထောက်ပံ့ခြင်း ၄၃,၆၁၂,၅၀၀ ကျပ်၊ ဂုဏ်ထူးရကျောင်းသား/ ကျောင်းသူများအား ချီးမြှင့်ခြင်း တစ်ဘာသာလျှင် တစ်သိန်းနှုန်းဖြင့် ၆,၈၀၀,၀၀၀ ကျပ်၊ မူလတန်း/ အလယ်တန်း/ အထက်တန်း ပညာသင်ထောက်ပံ့ခြင်း ၉,၉၉၄,၀၀၀ ကျပ်၊ တက္ကသိုလ် ပညာသင်စရိတ်ထောက်ပံ့ခြင်း ၉,၁၇၀,၀၀၀ ကျပ်၊ လစာနှုန်း ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ ကျပ် တန်းဝင်မန်နေဂျာအဆင့်နှင့် အောက်ဝန်ထမ်းသား/သမီးများအတွက် ပညာသင်ဆုထောက်ပံ့ပေးခြင်း ၅,၈၅၀,၀၀၀ ကျပ်၊ စုစုပေါင်း ၇၅,၄၂၆,၅၀၀ ကျပ်၊ ဖောင်ကြီးသင်တန်းတက်သူထောက်ပံ့ပေးခြင်း ၁,၀၅၀,၀၀၀ ကျပ်၊ ဝန် ထမ်းများနေ့လည်စာထမင်းစားသုံးခြင်းအတွက် သက်သာထောက်ပံ့ငွေ ၁၀,၇၁၇,၆၀၀ ကျပ်တို့ကို ထောက် ပံ့ပေးနိုင်ခဲ့ပြီး စုစုပေါင်း ထောက်ပံ့ပေးခဲ့သည့် ငွေပမာဏ မှာ ၅၀၇,၉၉၆,၆၀၀ ကျပ်ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးအား တစ်နှစ်လျှင် ပျမ်းမျှ ၁၆၀၀၀၀ ကျပ်ထောက်ပံ့နိုင်ခဲ့ပါသည်။

ထို့အပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းဟောင်းကြီးများဖြစ်သည့် (၈၅) နှစ်နှင့်အထက် အဖိုး/အဖွားများအား ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်မှ စတင်၍ ထောက်ပံ့ပေးနိုင်ခဲ့ပြီး တစ်ဦးလျှင် ခုနစ်သောင်းကျပ်နှုန်းဖြင့် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါသည်။

၎င်းအပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများအား ဌာနပိုင်ဝန်ထမ်းအိမ်ရာများနှင့် ၎င်းတို့နေထိုင်ရာမြို့နယ်များမှ တာဝန်ထမ်းဆောင်မည့် ရုံးနေရာများသို့သွားလာရေးအဆင်ပြေစေရန်အတွက် ဝန်ထမ်းဖယ်ရီကြိုပို့ခရီးစဉ်များအဖြစ် ရုံးဝန်ထမ်းများအတွက် (၉) လိုင်း (မြောက်ဒဂုံ၊ တောင်ဒဂုံ၊ သန်လျင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ယုဇန၊ အင်းစိန်)အားလည်းကောင်း၊ လုံခြုံရေးဝန်ထမ်းများအတွက် (၃)လိုင်း(တောင်ဒဂုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပအားလည်းကောင်း၊ သန့်ရှင်းရေးဝန်ထမ်းများအတွက် အင်းစိန်၊ ရွှေပြည်သာ ကြိုပို့ခရီးစဉ်ယာဉ်လိုင်းအားစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အကောင်းဆုံးအထောက်အပံ့ပြု

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နိုင်ငံစီးပွားရေးတိုးတက်မှုကို အကောင်းဆုံးအထောက်အပံ့ပြုဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



ဦးဇော်မင်းဦး
ညွှန်ကြားရေးမှူးချုပ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်မှန်းချက်တာဝန်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety)ဖြစ်ပါသည်။ ရည်မှန်းချက်အောင်မြင်စေရေးအတွက် လုပ်ငန်းတာဝန်ကြီး (၄) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်၂၀-၁၇ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ခုနှစ် ဇူလိုင်လအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲများကို (၃၀၈၅)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး လူဦးရေ (၃၉၀၀၂၅)ဦး တက်ရောက်ခဲ့သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းအား (၃၅၄၇)ကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးတက်ရောက်သူဦးရေမှာ (၁၆၄၈၅၀)ဦးရှိသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ပြည်တွင်းသင်တန်းသို့ (၅၀)ဦး ပြည်ပသင်တန်းသို့ (၅)ဦးစေလွှတ်ပေးနိုင်ခဲ့ပြီး ပြည်ပဆွေးနွေးပွဲသို့ (၂၉)ဦးတက်ရောက်နိုင်ခဲ့သည်။

တင်ပြပါကာလအတွင်းတွင် Body Coach ပြောင်းဖောက်စွပ် ယာဉ်များနှင့်ပတ်သက်၍ စိစစ်တွေ့ရှိရသော မော်တော်ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရမှတ်ပုံတင်ဖျက်သိမ်းခြင်းကို ချက်ခြင်းဆောင်ရွက်ခဲ့သည်။ အများပြည်သူများနားလည်စေရန်အတွက် Body Coach ဆိုသည်မှာ လူနှင့်ကုန်ပစ္စည်းများတင်ဆောင်ရန် တစ်ဆက်တည်းမော်တော်ယာဉ်၏ ကိုယ်ထည်ကိုဆိုလိုသည်။ ယင်းတွင် ဖြုတ်တပ်နိုင်သော Bonnet, Bumper, တံခါး၊ ထိုင်ခုံ၊ ပါးခြမ်း၊ လေကာမှန်စသည့် အစိတ်အပိုင်းများတပ်ဆင်ပါရှိသည်။ Body Coach ပြောင်းဆိုသည်မှာမူလမှတ်ပုံတင်ထားသောမှတ်တမ်းဝင် Body အား အခြား Body တစ်ခုခုဖြင့် အစားထိုးပြောင်းလဲထားခြင်း/ မှတ်တမ်းဝင်ယာဉ်၏ Chassis No. အား အခြားမှတ်ပုံတင်မဲ့ယာဉ်၏ Body တွင်ဖောက်ထည့်၍ ဖြတ်ဆက်ထားခြင်းဖြစ်သည်။ Body Coach ပြောင်းလဲခြင်းတွင် သီးခြားဖရိမ်မပါရှိသည့် (Saloon, Micro Bus, Hatch Back,.....) ယာဉ်များအနေဖြင့် မူလဖရိမ်အမှတ် (သို့မဟုတ်)Chassis No. ပါ Member တန်းအားအခြားယာဉ်တွင်ဖောက်ထည့်ဖြတ်ဆက်ခြင်း၊ Member တန်းပြန်လည်တွဲဆက်၍ပြောင်းလဲခြင်းဖြစ်ပြီး သီးခြားဖရိမ်ပါရှိသည့် (Pick Up, Station Wagon, Mini Bus, Bus,.....) ယာဉ်များတွင်မူလဖရိမ်အမှတ်အားအခြားယာဉ်တွင် ဖောက်ထည့်ဖြတ်ဆက်ပြောင်းလဲခြင်း (သို့မဟုတ်)မူလဖရိမ်ပေါ်တွင် အခြားBo-dy Coach အား ပြောင်းလဲတပ်ဆင်ခြင်းဖြစ်သည်။ ထို့ပြင် မှတ်တမ်းဝင်ယာဉ်၏ Chassis No. ပါသောယာဉ်၏ ဦးခေါင်းပိုင်းနှင့် အခြားမှတ်ပုံတင်မဲ့ပုံစံတူ ယာဉ်တစ်စီး၏ ကိုယ်ထည်/နောက်ပိုင်းတို့ဖြတ်၍ ဆက်ထားခြင်းကိုလည်း စစ်ဆေးတွေ့ရှိရပြီး ၎င်းသည်အစိတ်အပိုင်းမမှန်မကန် (Body Coach) ပြောင်းဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်ရုံးများရှိ စစ်ဆေးတွေ့ရှိရသော Body Coach ယာဉ်များ (၂၁၃)စီးကို မှတ်ပုံတင်ဖျက်သိမ်း၍ ရဲစခန်းသို့အပ်နှံထားပြီးဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ အတွင်းတွင် ထပ်မံစစ်ဆေးတွေ့ရှိရသော Body Coach ယာဉ် (၂၉)စီးကို မှတ်ပုံတင်ဖျက်သိမ်းမိန့်ထုတ်ပြန်ခဲ့ပြီး ရဲစခန်းသို့အပ်နှံပြီးဖြစ်သည်။ ဌာနဆိုင်ရာBody Coach ဖောက်စွပ်ယာဉ်များကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမတွင်ပြုလုပ်သော ဝန်ကြီးဌာနများမှတာဝန်ရှိသူများပါဝင်သည့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ချက်အရ မှတ်ပုံတင်ဖျက်သိမ်း၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ပြန် လည်အပ်နှံစေခဲ့သည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ၂၀၁၈ခုနှစ် ဇွန်လ (၂၉)ရက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။အဆိုပါအစည်းအဝေးတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဌ၊ ဒုတိယသမ္မတ (၂)ဦးဟင်နရီဗန်ထီးယူမှ ယာဉ်တိုက်ခိုက်မှုတွေနဲ့ ပျက်ဆီးဆုံးရှုံးမှုတွေ လျှော့နည်းကျဆင်းစေရန်၊ ယာဉ်တိုက်ခိုက်မှုကြောင့်သေဆုံးမှု လျှော့နည်းကျဆင်းစေရန်အလေးထားဆောင်ရွက်ရန် အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးဇော်မင်းဦးမှ စီမံခန့်ခွဲရေးဆပ်ကော်မတီအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ တင်ပြဆွေးနွေးခဲ့ပြီးအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဌများ၊ တိုင်းဒေသကြီး/ ပြည်နယ် ယာဉ်အန္တရာယ်ကင်းရှင်းရေး ကော်မတီ ဥက္ကဌများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဌ၊ ဒုတိယ သမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု ပူးပေါင်းလက်တွဲပြီး စည်းရုံးပညာပေးကြမှ ရလဒ်ကောင်းများကို ပိုင်ဆိုင်မှသာ Road Safety ဆိုင်ရာတစ်ကမ္ဘာလုံးမျှော်မှန်းချက်ဖြစ်တဲ့ Towards Zero Together ဆိုတဲ့ Version ကို အမှန်တကယ် ရောက်ရှိလာနိုင်မှာဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောခဲ့သည်။

လူမှုကွန်ရက်စာမျက်နှာတွင် ယာဉ်မောင်းလိုင်စင်အတုများ ဆောင်ရွက်နိုင်ကြောင်းသိရှိရသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)က တိုင်းဒေသကြီးဦးစီးမှူးအဖွဲ့သည် hao hao<kuangjiahao 91@gmail.com Wai Yan အမည်ဖြင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ရာ၌ ပြည်တွင်း/ပြည်ပ နိုင်ငံခြားသားမခွဲခြားဘဲအခကြေးငွေယူ၍ ယာဉ်မောင်းစာမေးပွဲဖြေဆိုရမှုမရှိခြင်း၊ လူကိုယ်တိုင်လာရောက်မှုမရှိခြင်းနှင့် လက်တွေ့ယာဉ်မောင်းရန်မလိုအပ်ဘဲ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်ကြောင်း စီးပွားရေးကြော်ငြာနှင့်ပတ်သက်၍ စိစစ်ပြီးအဆိုပါ Account ပိုင်ရှင်အား သဃ်န်းကျွန်းမြို့မရဲစခန်းတွင် အမှုဖွင့်တရားစွဲခဲ့သည်။ တိုင်းဒေသကြီးဦးစီးမှူးဦးဆောင်၍ သတင်းပေး/ သတင်းယူအသွင်ယူစနစ်ဖြင့် လိုင်စင်အပ်နှံပြီးအတုပြုလုပ်သည့် ပင်မအခြေစိုက်နေရာအား စုံစမ်းဖမ်းဆီးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးအနေဖြင့် နောက်ထပ်အတုပြုလုပ်သော အဖွဲ့တစ်ဖွဲ့အားသတင်းရရှိသဖြင့် ထပ်မံအသွင်ယူလိုင်စင်အပ်နှံစေခဲ့ပြီး ၂၀၁၈ခုနှစ် ဇွန်လ (၁)ရက်တွင် ဦးကျော်လင်းထွန်း (ခ)တရုတ်အားတောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းတွင်ပေးအပ်စေခဲ့သည်။ ၂၀၁၈ခုနှစ် ဇွန်လ (၂)ရက်နေ့တွင် ဦးသောင်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူးပါအဖွဲ့နှင့် သဃ်န်းကျွန်းမြို့မရဲစခန်း၊ နယ်ထိန်းတာဝန်ခံရဲအုပ် ဝင်းလွင်ထွန်းနှင့်တပ်ဖွဲ့ဝင်များသည် သက်သေအဖြစ်ရပ်ကွက်ရာအိမ်မှူးလိုက်ပါလျက် ညနေ (၄)ခွဲနာရီ၌ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ မဟာရန်ကုန်လက်ဖက်ရည်ဆိုင်တွင် စောင့်ဆိုင်း၍ သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယာဉ်မောင်းလိုင်စင်အတုလုပ်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သောကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (ရန်ကုန်တိုင်း)မှ ဦးလျှန်ကျော့မန်း ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့အား ဝန်ကြီးရုံး၊ နေပြည်တော်၌ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ဂုဏ်ပြုခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သော မော်တော်ယာဉ်စစ်ဆေးသည့် Multi Stage Test La-ne (၄)ခုအား တွဲဖက်ပြည်နယ်ရုံး (လားရှိုး)၊ ခရိုင်ရုံး(မိတ္ထီလာ)၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)နှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)တို့တွင် အသီးသီးခွဲဝေတပ်ဆင်ပြီးဖြစ်သည်။ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်အတွက် ဝယ်ယူရရှိပြီးဖြစ်သော မော်တော်ယာဉ်စစ်ဆေးမည့် Multi Stage Test Lane (၈)ခုနှင့် မော်တော်ဆိုင်ကယ်စစ်ဆေးမည့် Motorcyle Test Lane (၁၂)ခုအားလည်း သက်ဆိုင်ရာရုံးအသီးသီးတွင်ခွဲဝေ၍ တပ်ဆင်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ယခုအခါမြို့ကြီး (၁၁)မြို့တွင် မော်တော်ဆိုင်ကယ်စစ်ဆေးသော Multi Stage Test Lane (၁၈)ခုနှင့် မြို့ကြီး (၈)မြို့တွင် မော်တော်ဆိုင်ကယ်စစ်ဆေး သော Multi Stage Test Lane (၁၆)ခုအား တပ်ဆင်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (RTAD)နှင့် JICA , JV Team တို့ပူးပေါင်း၍ တိုင်းဒေသကြီးရုံး (ရန်ကုန်)၊ မြင်သာတွင် ယာဉ်စစ်ဆေးရေးကိရိယာများ တပ်ဆင်ထားသော Veh-icle Inspection Test Lane (၂)ခုဖြင့် ယာဉ်များကိုစစ်ဆေးပြီး "Verification Survey with The Private Sector For iDsseminating Japanese Technolog-ies"၊ "ဂျပန်နည်းပညာဖြန့်ဝေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့်အတူ လေ့လာစစ်တမ်းကောက်ယူခြင်း" အတွက် Su-rvey ပြုလုပ်လျက်ရှိသည်။ Survey ကာလအား သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ (၂) နှစ်သတ်မှတ်ထားပြီး မော်တော်ယာဉ်စီးရေ (၇၀၀၀) အား စက်ကိရိယာများဖြင့်စစ်ဆေး၍ အချက်အလက်များကောက်ယူနေသည်။ Survey လုပ်ငန်းပြီးစီးပါက JICA, JV Team မှ Final Report ပြုစုတင်ပြမည်ဖြစ်ပြီး Test Lane (2) Units အား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ Survey ဆောင်ရွက်ရာမှရရှိလာသည့် အချက်အလက်များကိုအခြေခံ၍ လက်ရှိမြန်မာနိုင်ငံတွင် အသုံးပြုနေသည့် ယာဉ်များ၏ ကြံ့ခိုင်မှုအခြေအနေအရ Vehicle Safety Standard ဆိုင်ရာစံနှုန်းတစ်ခုအဖြစ် သတ်မှတ်နိုင်ရန်ရည်ရွယ်ထားသည်။ ထို့အပြင် ဌာနမှ အရာထမ်း (၄)ဦးအား ဂျပန်နိုင်ငံ သို့ဖိတ်ခေါ်၍ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ဌာနများသို့သွားရောက်လေ့လာစေခြင်းဖြင့် ဂျပန်နိုင်ငံ၏ကျယ်ပြန့်သည့် ယာဉ်စစ်ဆေးရေးနည်းပညာ၊ အတွေ့အကြုံများရရှိလာပြီး မိမိတို့ဌာန၏ယာဉ်စစ်ဆေးရေးလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေခဲ့ပြီး ရေရှည်တွင်လည်းယာဉ်များကို စက်ကိရိယာအသုံးပြုစစ်ဆေးပေးခြင်းကြောင့် ယာဉ်ပိုင်ရှင်ပြည်သူများအနေဖြင့် ဦးစီးဌာန၏ ယာဉ်စစ်ဆေးရေးလုပ်ငန်းများအပေါ် ယုံကြည်မှုပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် ၂၀၁၇ ခုနှစ် အောက်တိုဘာလ (၁)ရက်၊ မော်တော်ယာဉ်သက်တမ်းတိုးရန် ၂၀၁၇ခုနှစ် ဒီဇင်ဘာလ (၂၇)ရက်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ရန် ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နှင့်မော်တော်ယာဉ်မှတ်ပုံတင် မှန်ကန်ခြင်းရှိ/မရှိယာဉ် စစ်ဆေးဆောင်ရွက်ရန် ၂၀၁၈ခုနှစ် ဩဂုတ်လ (၂၀)ရက်များမှစတင်၍ Online Booking စနစ်ကို ဆောင်ရွက်ထားရှိသည်။

သို့သော် Online Booking ရယူရန်အခက်အခဲရှိသူများ နှစ်လဲသက် တမ်းတိုးဆောင်ရွက်ရာတွင်အဆင်ပြေစေရေးအတွက် လတစ်လ၏ နောက်ဆုံးရုံးဖွင့်ရက်(၂)ရက်ကို Online Booking ရက်ချိန်းမပေးဘဲမူလအတိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

မော်တော်ယာဉ်မှတ်ပုံတင် မှန်ကန်ခြင်းရှိ/မရှိ ယာဉ်စစ်ဆေးခြင်းကို နေ့စဉ်ရုံးဖွင့်ရက်များအတွင်းနှစ် လဲသက်တမ်းတိုး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ပြီးချိန် နေ့လည် (၂)နာရီ နောက်ပိုင်း လစဉ်လဆန်း (၁)ရက်မှ (၂၅)ရက်အတွင်း ရုံးဖွင့်ရက်(၁)ရက်လျှင် တိုင်းဒေသကြီး ရုံးခွဲ (ရွာသာကြီး) (၂၅)စီး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)(၃၅)စီး၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) (၅၀)စီး၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)(၂၅)စီးနှင့် ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)(၃၀)စီး ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို သင်တန်းဆင်းလက်မှတ်မရှိသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသ ကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဖွင့်လှစ်ပြီးသော သင်တန်းတက်ရောက်ပြီးပါက "ခ" ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသွားပြီး၊ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား (၄၀၀)ဦးအထိ နံနက်ပိုင်းနှင့်ညနေပိုင်း (၂)ကြိမ်ခွဲ၍ လက်ခံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။






# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး



ဦးဇော်ဝင်း
ဦးဆောင်ညွှန်ကြားရေးမှူး

## သမိုင်းကြောင်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မူလအဖွဲ့အစည်းမှာ ၁၈၆၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Irrawaddy Flotilla Co., Ltd မှအခြေတည်ဆင်းသက်လာခဲ့ပြီး ၁၉၄၈ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် "ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့" အမည်ဖြင့်လည်းကောင်း၊ ၁၉၇၂ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် "ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း" အမည်ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် "ပြည်တွင်းရေကြောင်းပို့ဆောင်ရေး" အမည်ဖြင့်လည်းကောင်း ခေတ်အဆက်ဆက်ပြောင်းလဲဖွဲ့စည်းခဲ့ရာ နှစ်ပေါင်း (၁၅၀)ကျော်သက်တမ်းရှိခဲ့ပြီ ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း (၁၄၆)ဦး၊ အမှုထမ်း (၂၂၃၃)ဦး၊ စုစုပေါင်း (၂၃၇၉)ဦး ရှိပြီး၊ စက်ရှိရေယာဉ် (၁၅၁)စီး၊ စက်မဲ့တွဲယာဉ် (၇၆)စီးနှင့် ဆိပ်ခံတွဲ (၃၁)စီး၊ စုစုပေါင်း (၂၅၈)စီးရှိပါသည်။ ပို့ဆောင်ရေးနယ်မြေအလိုက် ခရီးသည်ကုန်နှင့်ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (၆)ခုဖြင့် ဖွဲ့စည်းထားရှိပြီး ဌာနပိုင်ရေယာဉ်များဖြင့် ကူးတို့လမ်းများအပါအဝင်ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးခရီးလမ်းများပြေးဆွဲပေးခြင်းနှင့် ကုန်စည်သီးသန့်ပို့ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင်ဌာနပိုင်ရေယာဉ်/တွဲယာဉ်များ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဌာနပိုင်သင်္ဘောကျင်း(၆)ကျင်းရှိပြီး၊ အဆိုပါ သင်္ဘောကျင်းများတွင် ဌာနပိုင်ရေယာဉ်/တွဲယာဉ်များသာမက ပုဂ္ဂလိကပိုင်ရေယာဉ်/တွဲယာဉ်များကိုလည်း သတ်မှတ်ထားသည့်နှုန်းထားများဖြင့် အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံတကာအထောက်အပံ့နှင့် ဆောင်ရွက်သည့်လုပ်ငန်းများ

ဂျပန်နိုင်ငံအစိုးရ၏ The Economic and Social Development Programme အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသ ရေလမ်းခရီး၌အသုံးပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံတွင်အသုံးပြုဆဲခရီးသည်တင်အမြန်ရေယာဉ် (၂)စီးနှင့် ဂျပန်နိုင်ငံတွင်အသစ်တည်ဆောက်မည့် ခရီးသည်တင်အမြန်ရေယာဉ် (၁)စီး၊ စုစုပေါင်း ရေယာဉ် (၃)စီး ပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါရေယာဉ်(၃)စီးအနက် ပထမတစ်စီးဖြစ်သည့် "ကစ္ဆပနဒီ-၁" ခရီးသည်တင်အမြန်ယာဉ်အား (၁၅. ၃.၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယတစ်စီးဖြစ်သည့် "ကစ္ဆပနဒီ-၂" ခရီးသည်တင်အမြန်ယာဉ်အား (၂၅. ၇. ၂၀၁၇) ရက်နေ့တွင်လည်းကောင်း လက်ခံရရှိခဲ့ပြီး ခရီးလမ်းများတွင် ပြေးဆွဲလျက်ရှိပါသည်။ ကျန်ရှိသည့် ခရီးသည်တင်အမြန်ရေယာဉ်တစ်စီးဖြစ်သည့် "ကစ္ဆပနဒီ-၃"ရေယာဉ်အား ဂျပန်နိုင်ငံတွင် အသစ်တည်ဆောက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလခန့် တွင် မြန်မာနိုင်ငံသို့ရောက်ရှိမည်ဖြစ်ပါသည်။

## ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

**ခရီးသည်ပို့ဆောင်ရေးကဏ္ဍ။** လက်ရှိအခြေအနေတွင် ပြေးဆွဲနေသော ရေယာဉ်များသည် ခရီးသည်/ ကုန်စည်ပူးတွဲတင်ဆောင်သည့် Passenger-Cum-Cargo ရေယာဉ်များဖြစ်ကြသည့်အပြင် ရေယာဉ်အများစုသည်သက်တမ်းလွန် ရေယာဉ်များဖြစ်ကြသည်။ နောင်တွင်ခရီးသည်သီးသန့် ကုန်စည်သီးသန့်တင်ဆောင်ပြေးဆွဲရန်အတွက် ခေတ်စနစ်နှစ်လိုက်လျောညီထွေမှုရှိသော ခရီးသည်သီးသန့်အမြန်ရေယာဉ်များ၊ ကုန်စည်သီးသန့်တင် ရေယာဉ်များကို နှစ်စဉ်စီမံချက်များချမှတ်၍ ပြောင်းလဲအစားထိုးပြေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ရေလမ်းခရီးကို သာအားထား၍ ခရီးသွားလာနေရသော ဒေသများတွင် လုံခြုံစိတ်ချရသော ခရီးသည်တင်အမြန်ရေယာဉ်များအစားထိုးပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်နှင့်ပြည်သူများအတွက် လိုအပ်ချက်ရှိလာပါကလည်းအထူးစီစဉ်ဆောင်ရွက်ပေးခဲ့သည်များလည်းရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြစ်ကူးတံတားကြီးသည် ၂၀၁၈ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ (၀၁း ၄၅)နာရီတွင် မြောင်းမြမြစ်အတွင်းသို့ ပြုတ်ကျသွားသဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် မြောင်းမြ-ကွယ်လွယ်ကူးတို့လမ်းတွင် ဌာနပိုင်ဇက်ရေယာဉ်(၃)စီး("ဇက်-၁၀၇"၊ "ရေနယား-၁"၊ "ရေနယား-၂") လူ စီးနှစ်ထပ်ရေယာဉ် ("တောသူမယ်"၊ စောမာလာ") ရေယာဉ်တို့ဖြင့် (၅.၄.၂၀၁၈) ရက်မှစ၍ ခရီးသည်များ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်၊ စက်ဘီးစသည်တို့ကို နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိပါသည်။ ၎င်းအပြင်လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် လပွတ္တာလုပ်ကျေးရွာမှာ သက္ကယ်သောင်မြစ်ကို ဖြတ်၍ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ရေပေါ်ကြီးကျေးရွာနေပြည်သူများ၏ လိုအပ်ချက်အရ (၁၆. ၆. ၂၀၁၈)ရက်နေ့မှစပြီး၊ လပွတ္တာလုပ်-ရေပေါ်ကြီးကူးတို့လမ်းကို "ဇက်-၁၁၀" ရေယာဉ်ဖြင့် ပြေးဆွဲပေးလျက်ရှိပါသည်။ ထို့အတူ ယာဉ်ကြောပိတ်ဆို့မှုဖြေလျော့နိုင်ရန်အတွက်မြောင်းမြမြို့ကို ဖြတ်သန်းရန်မလိုဘဲ လပွတ္တာမှ ပုသိမ်မြို့သို့တိုက်ရိုက်သွားလာနိုင်မည့် "ပမ္မဝတီ"မြစ်ကူး လပွတ္တာ(ညောင်ချောင်းကလေး)-ငပုတော (ခြံကွင်း)ကူးတို့လမ်းကို"ရေနယား-၂"ဇက်ရေယာဉ်ဖြင့် (၂၈-၄-၂၀၁၈)မှစတင်ပြီး၊ ခရီးသည်နှင့် မော်တော်ယာဉ်များကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့်အခမဲ့ ပို့ဆောင်ပေးလျက်ရှိပါသည်။



ဂျပန်နိုင်ငံ၌ အသစ်တည်ဆောက်လျက်ရှိသော "ကစ္ဆပနဒီ -၃ " ရေယာဉ်အား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း (၃. ၈. ၂၀၁၈) ရက်နေ့တွင် တွေ့ရစဉ်



မြောင်းမြမြို့၊ ၇ လမ်းသင်္ဘောဆိပ် ကွယ်လွယ်ပြည်တော်သာကူးတို့ဆိပ်သို့ ခရီးသည်၊ ကုန်စည်များ "ဇက် - ၁၀၇" ရေယာဉ်ဖြင့်ပြေးဆွဲပေးနေပုံ

**ကုန်စည်ပို့ဆောင်ရေးကဏ္ဍ။** ခရီးသည်နှင့်ကုန်စည်ပူးတွဲတင်ဆောင်သည့် ရေယာဉ်များအား ကုန်စည်သီးသန့်တင်ဆောင်သော ရေယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲခြင်းဖြင့်လည်းကောင်း၊ အသစ်တည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ ဆောင်ရွက်လျက်ရှိပါသည်။ ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုမရှိသည့် ကုန်တန်ချိန်အနည်းငယ်သာ သယ်ဆောင်နိုင်သည့် လက်ရှိသုံးစွဲနေသော ကုန်တင်ရေယာဉ်များအား ဖျက်သိမ်း၍ ကုန်တန်ချိန်(၁၅၀၀)နှင့်အထက်တင်ဆောင်နိုင်သောတွဲယာဉ်များဖြင့် အစားထိုးပြောင်းလဲသွားမည်ဖြစ်ပါသည်။ အနာဂါတ်ကာလတွင် ကုန်စည်ပို့ဆောင်ရေးစံနစ်အား Containerization အဖြစ် ပြောင်းလဲဆောင်ရွက်ရန် စီမံထားရှိပါသည်။

**သင်္ဘောကျင်းကဏ္ဍ။** ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင်ဌာနပိုင် သင်္ဘောကျင်း (၆)ကျင်းရှိပြီး၊ အဆိုပါသင်္ဘောကျင်းများမှာ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိတော့သည့်အတွက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဌာနဝင်ငွေတိုးတက်ရရှိရေးအတွက် သင်္ဘောကျင်းများတွင် ပုဂ္ဂလိကရေယာဉ်တည်ဆောက်ရေးလုပ်ငန်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ရေယာဉ်ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ရေယာဉ်သစ်တည်ဆောက်ရောင်းချခြင်းလုပ်ငန်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြောင်းလဲလာသော စီးပွားရေးဈေးကွက်အခြေအနေများအရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သင်္ဘောကျင်းများတွင် ဌာနပိုင်ရေယာဉ်များ မွမ်းမံပြင်ဆင်သောအခြေအနေမှ ဌာနပိုင်ရေယာဉ်များကို မိမိသင်္ဘောကျင်းများ၌ပင် တည်ဆောက်ထုတ်လုပ်ခြင်း၊ အခြားဌာနဆိုင်ရာနှင့် ပုဂ္ဂလိကမှအပ်နှံလာသောရေယာဉ်များကိုလည်း လက်ခံတည်ဆောက်ခြင်း၊ အထွေထွေသံထည်လုပ်ငန်းဆိုင်ရာလုပ်ငန်းများကိုလည်း လက်ခံထုတ်လုပ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသောဈေးကွက်နှင့်အညီ (Dockyard) အဖြစ်မှ (Shipyard) အဖြစ်သို့ပြောင်းလဲရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် (Infrastructure, Technology, Skill) အားလုံးကို အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ရာတွင် ရေယာဉ်သစ်များတည်ဆောက်နိုင်ရေးအတွက် ရေယာဉ်သစ်တည်ဆောက်မှုလုပ်ငန်းစဉ် (Ship Building Process) နှင့်အညီရေယာဉ်သစ်တည်ဆောက်နိုင်မည့်ဆိပ်ခံ၊ အလုပ်ရုံ လွှန်းကျင်းလွှန်းလမ်းနှင့် စက်ကရိယာတပ်ဆင်မှုများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တည်ဆောက်မည့်ရေယာဉ်အမျိုးအစား၊ အရွယ်အစားကို မူတည်၍လည်းအဆင့်မြှင့်တင်မှုတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံအစိုးရထံမှ (18.00 Million Dollar Grant Aid) ရရှိရေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဧရာဝတီမြစ်ကြောင်းမှ ကုန်စည်သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ခေတ်မီပြည်တွင်းဆိပ်ကမ်းများ တည်ဆောက်ရန်ပထမဦးဆုံးဆောင်ရွက်ရမည့်ဆိပ်ကမ်းရှေ့ပြေး လုပ်ငန်းတစ်ခုအနေဖြင့် ဂျပန်အစိုးရထံမှ Grant Aid အထောက်အပံ့အဖြစ်ဆောင်ရွက်မည့် မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**ပုံသေပိုင်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းကဏ္ဍ။** ပုံသေပိုင်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ဌာနပိုင်မြေနေရာများနှင့် အဆောက်အဦးများအား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ ခေတ်မီ Shopping Mall များ၊ ဟိုတယ်၊ မိုတယ်များအစရှိသည့် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်အသုံးချ၍ ဌာနဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားရေးတွက်ခြေမကိုက်သည့်ဌာနရှိသက်တမ်းလွန် ရေယာဉ်များကိုလည်း လေလံတင်ထုခွဲရောင်းချခြင်းဖြင့်လည်းကောင်း၊ အပျော်စီးခရီးသွားသင်္ဘောများအဖြစ် ပြုပြင်ပြောင်းလဲ၍သော်လည်းကောင်း ရေပေါ်ဟိုတယ်များအဖြစ်လည်းကောင်း ပြောင်းလဲ၍ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ခြင်းဖြင့် ဌာနဝင်ငွေရရှိရေးအတွက် စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

# မြန်မာအမျိုးသားလေကြောင်း

မြန်မာအမျိုးသားလေကြောင်း၏ သမိုင်းကြောင်းက ရှည်လျားခဲ့ပြီ ဖြစ်သလိုသိမီရာခေတ်အလျောက် အခေါ်အဝေါ်များလည်း ကွဲပြားကြမည်ဖြစ်ပါသည်။(UBA-Union of Burma Airways)၊(BAC-Burma Airways Corporation)၊ မြန်မာ့လေကြောင်း (Myanma Airways) စသဖြင့်ခေါ်တွင်ခဲ့ပြီး ယခုအခါမြန်မာအမျိုးသားလေကြောင်း (MNA-Myanmar National Airlines) ဟူသောအမည်သစ်၊ အသွင်သစ်ဖြင့်ပျံသန်းပြေးဆွဲလျှက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်း၏ သမိုင်းအချိုးအကွေ့မှာ ၂၀၁၃ ခုနှစ်တွင်စတင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ Economic Reform Strategy အရနိုင်ငံတော်ပိုင်လေကြောင်းအားကော်ပိုရေးရှင်းအသွင် ပြုပြင်ပြောင်းလဲရန်စတင်ခဲ့သောကြောင့်ဖြစ်ပါသည်။

ငွေးဘဏ္ဍာရေးနှစ်မှစ၍ ထိုစဉ်ကမြန်မာ့လေကြောင်းအားနိုင်ငံတော်မှဘတ်ဂျက် ချမပေးတော့ဘဲမိမိဝင်ငွေဖြင့်သာ မိမိရပ်တည်ရှင်သန်စေခဲ့ပါသည်။ လက်ရှိမြေပေါ်မြေအောက်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံတော်မှရင်းနှီးမတည်မှုအဖြစ်ထားရှိကာ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

ထိုစဉ်က ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏စီမံချက်ကို စတင်အကောင်အထည်ဖော်ဆောင်သည့် ပထမဆုံးသော ဝန်ကြီးဌာနဖြစ်ခဲ့သလို မြန်မာ့လေကြောင်းသည်လည်း ဝန်ကြီးဌာနအောက်ရှိစီးပွားရေးအဖွဲ့အစည်းလေးခုအနက် အဦးဆုံးစတင်အကောင်အထည်ဖော်ဆောင်သည့်အဖွဲ့အစည်းဖြစ်ခဲ့ပါသည်။

စတင် အကောင်အထည်ဖော်ကြိုးပမ်းခဲ့သည့် ကာလများကို ပြန်လည်မျှော်တွေးကြည့်မိလျှင် အလွန်ကြီးမားသောစိန်ခေါ်မှုတစ်ခု(Big Challenging) ကိုရင်ဆိုင်ကျော်လွှားခဲ့ရပါလားဟု ကျေနပ်ဝမ်းမြောက်မှုပီတိကိုခံစားရမည်ဖြစ်ပါသည်။ လုပ်ဆောင်ရန်၊ ဖြေရှင်းဆောင်ရွက်ရန်ကိစ္စများလွန်စွာ များပြားလှသလိုနှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဟာကွက်လစ်ကွက်မရှိဒေါင့်စေ့ရေး၊ ညှိနှိုင်းဖြည့်ဆည်းရေးများကို တညီတညွတ်တက်ညီလက်ညီဆောင်ရွက်ခဲ့ကြရပါသည်။ အစည်းအဝေးများအကြိမ်ကြိမ် အထပ်ထပ်ထိုင်ကြဆွေးနွေးကြရသည်။

ရှေ့ဆက်သွားမည့်ခရီးအတွက်မူချရသည်။ လမ်းစဉ်ချရသည်။ ယုတ်စွအဆုံး စိတ်သစ်လူသစ်နံမည်သစ်ဖြင့် အသစ်တဖန် မွေးဖွားရေးအတွက် နံမည်ရွေးရာမှာပင် ခေါင်းချင်းရိုက်ကြရသည်။ ငြင်းရ ခုန်ရသည်။ နိုင်ငံတကာမျက်နှာစာမှ ကာလအတန်ကြာပျောက်ကွယ်ခဲ့သည့်မို့ မြန်မာဆိုတာကို ပြန်လည်အမှတ်ရစေချင်သည်။ ဝင့်ကြွားချင်သည်။ အမှတ်တံဆိပ် (Brand) တစ်ခုအဖြစ်ထင်ရှားပေါ်လွင်ချင်သည်။ ရေရှည်တည်တံ့အောင်မြင်ချင်သည်။

ထိုထိုသော"ချင်"များအတွက် တဖက်တွင်တတ်သိပညာရှင်များထံ အကြံဉာဏ်ရယူလျှက် ဥပဒေ၊ နည်းဥပဒေရေးဆွဲခြင်း၊ အတည်ပြုပြဌာန်းနိုင်ရေး ဆင့်ကဲတင်ပြဆောင်ရွက်ခြင်း၊ ကုမ္ပဏီဖွဲ့စည်းပုံအသစ်ကိုမိမိတို့သွားမည့်လမ်းကြောင်းနှင့် ကိုက်ညီအောင်ပြင်ဆင်ရေးဆွဲခြင်းတို့ ဆောင်ရွက်ရပါသည်။ အခြားတစ်ဖက်တွင်နိုင်ငံတကာသို့ ထိုးဖောက်ရန်ဟူသောရွေးချယ်မှုအသစ်အတွက်လိုအပ်သော အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များ(Upgrading Process)ကိုဆောင်ရွက်ရပါသည်။ စကားအားဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်ဟု လွယ်လင့်တကူသုံးသော်လည်း အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရာတွင် ခက်ခဲပင်ပန်းလွန်းခဲ့ပါသည်။ နိုင်ငံတကာပျံသန်းပြေးဆွဲရာတွင်မူ လက်ရှိပျံသန်းနေသောလေယာဉ်များမှာ ခရီးဝေးမပျံနိုင်ခြင်း၊ အိုဟောင်းခြင်းများကြောင့် ပထမအဆင့်အနေဖြင့် ဒေသတွင်းပျံသန်းပြေးဆွဲနိုင်မည့် လေယာဉ်အမျိုးအစားကိုဖြည့်တင်းခြင်းပြုလုပ်ရပါသည်။

ပြည်တွင်းအတွက်ကိုလည်း အိုဟောင်းသောလေယာဉ်များနေရာတွင် သစ်လွင်ကောင်းမွန်သော လေယာဉ်များဖြင့်အစားထိုးရပါသည်။ ပြည်ပပြေးဆွဲရေးအတွက်ပျံသန်းမှုအဆင့်အတန်း၊ ပြင်ဆင်ထိန်းသိမ်းမှု အဆင့်အတန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အဆင့်မီစေရန် ဖြည့်ဆည်းရပါသည်။ မိမိလက်ရှိအဆင့်အတန်းနှင့်နိုင်ငံတကာအဆင့်အတန်းကြား ကွာဟမှုစိစစ်ခြင်း (Gap Analysis)၊ ကွာဟမှုအရ သတ်မှတ်ချက်နှင့်အညီလက်စွဲစာစောင်များ(Manuals)၊ စာရွက်စာတမ်းများ (Documents and Forms) အသစ်ပြန်လည်ပြုစုခြင်း၊ အသစ်ပြုစုပြီးစာစောင် စာရွက်စာတမ်းများနှင့်အညီလုပ်ငန်းလုပ်ဆောင်ခြင်း (Implementation)များဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိဝန်ထမ်းအားလုံးကို သတ်မှတ်ထားသောသင်တန်းများပေးခြင်း၊ လေ့ကျင့်ခြင်းများလုပ်ဆောင်ရပါသည်။ တနည်းပြောရလျှင် လေယာဉ်၊ စက်ပစ္စည်းများကဲ့သို့ပင် လူများကိုလည်းအဆင့်မြှင့်တင်ပေးခြင်း ဖြစ်ပါသည်။



ဦးသန်းထွန်း
အမှုဆောင်အရာရှိချုပ်










ထို့အတူ ယခင်ကလူအားဖြင့် စာရင်းသွင်းခြင်း၊ တွက်ချက်ခြင်း (Manual) ဆောင်ရွက်ရာမှ ကွန်ပျူတာစံနစ် (Software) ဖြင့်ဆောင်ရွက်နိုင်ရန် System ထူထောင်ခြင်း၊ အသုံးပြုနည်းကို သင်တန်းများပေးခြင်းတို့ လုပ်ဆောင်ရပါသည်။ ဤသို့ဖြင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်းကို အင်တာနက်မှတစ်ဆင့် ဝယ်ယူရောင်းချနိုင်အောင်ဆောင်ရွက်ရပါသည်။ ထို့နောက်မိမိလေယာဉ်ပျံသန်းပြေးဆွဲမည့်နိုင်ငံ/မြို့သို့ လေယာဉ်ဆင်းသက်ခွင့်ရရှိရေး၊ ၎င်းမြို့တွင်ရုံးဖွင့်လှစ်ရေး၊ လေကြောင်းအားကြော်ငြာရေး၊ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များခန့်ထားရေးစသဖြင့် အမည်များသလောက်လက်ဝင်သောလုပ်ငန်းများထောင့်စုံအောင် လုပ်ဆောင်ဖြည့်ဆည်းရပါသည်။ အရာရာကိုလုပ်ငန်းသေးသည်၊ ကြီးသည်ဟု မခွဲခြားတန်းတူ အလေးထားလုပ်ဆောင်ရပါသည်။ လေကြောင်းပျံသန်းပြေးဆွဲခြင်းလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်နှင့်အညီ လေကြောင်း၏ပုံရိပ်ကောင်းမွန်ရေးသည် အထူးအရေးကြီးလှပါသည်။

သို့ဖြစ်ရကား လေယာဉ်တင်အစားအသောက်များကို မြန်မာ့အကြိုက်၊ နိုင်ငံတကာအကြိုက်ကိုက်ညီရအောင် ရွေးချယ်ရ၊ တုန့်ပြန်သံများအရ ပြင်ဆင်တင်ဆောင်ရစသည်များလည်း လုပ်ရသည်။ ညှိခံပြုစုမည့်လေယာဉ်မောင်၊ လေယာဉ်မယ်များ၏ ဝတ်စုံရွေးချယ်ပေးခြင်းမှအစ ခရီးသည်များကို ဖော်ရွေလှိုက်လှဲစွာ လက်ကမ်းကြိုဆိုမှုပြုရေးအတွက်အခါမလပ်သတိပေးခြင်းစသည် များလည်းလုပ်ရသည်။ လေကြောင်းလိုင်း၏ဆောင်ပုဒ်ဖြစ်သော အန္တရာယ်ကင်းရှင်းရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ လေကြောင်းပုံရိပ်ကောင်းမွန်ရေး (Safety,Service, Image) နှင့်အညီ ကိုက်ညီအောင်ဖော်ဆောင်နိုင်ရန်မှာအချိန်အား၊ လူအား၊ ငွေအားများစွာရင်းနှီးပုံဖော်ကြရခြင်းဖြစ်ပါသည်။

အထူးအားဖြင့် ပြောလိုသည်မှာပုံရိပ်တစ်ခုကို ထုဆစ်ရာတွင်တစ်ဦးမကျန် ကုမ္ပဏီ၏ဝန်ထမ်းအားလုံး တက်ညီလက်ညီပါဝင်ဆောင်ရွက်ခြင်းဖြင့်သာ ပြီးမြောက်ပြည့်စုံနိုင်ကြောင်းဖြစ်ပါသည်။ ထုဆစ်ခြင်းဖြစ်သည့်အတွက်လိုးရ ဖြတ်ရ ပုတ်ရခြင်းသဘောများလည်းရှိမည်ဖြစ်ရာ ထိခိုက်နာကျင်မှုအချို့အဝက်ရှိမည်မှာ သေချာသော်လည်း ရုပ်လုံးပီပြင်ရေး၊ လှပပြည့်စုံရေးအတွက်မလွဲမသွေဆောင်ရွက်ရပါသည်။ လှပသောအသင်ဝင်ရှင်သန်သော ပုံရိပ်တစ်ခုဖြစ်ပေါ် ရေးထုဆစ်ရာတွင်အခက်ဆုံးအပိုင်းမှာလူသားအရင်းအမြစ် (Human Resource) ခေါ်မမြင်ရသော အရင်းအနှီး (Intangible Assets) မြှုပ်နှံရေးလုပ်ဆောင်ခြင်း ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်အရေးကြီးဆုံးနှင့် လုပ်ဆောင်ရန်အခက်ခဲဆုံးဖြစ်သော ယခင်အတွေးအခေါ် အယူအဆဟောင်းများကို ပြောင်းလဲရန် (Mindset Change) လုပ်ဆောင်ရသောကြောင့်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် တစ်ဦးချင်းအရည်အချင်းအရည်အသွေးတိုးတက်အောင် ဆောင်ရွက်ရပါသည်။ ထို့အတူ"မင်းတို့ငါတို့သွေးတွေဟာအေသွေး၊ ဘီသွေး၊ အိုသွေးတွေမဟုတ်၊ MNA သွေးတွေ" ဟု မြန်မာအမျိုးသားလေကြောင်းအမှုဆောင်အရာရှိချုပ်ပြောလေ့ရှိသလို ကုမ္ပဏီ၏အကျိုးစီးပွားသည် မိမိအကျိုးစီးပွားအဖြစ် သဘောထားကာ မိမိစိတ်စေတနာကြိုးပမ်းအားထုတ်မှုအာလုံး ကုမ္ပဏီအတွက်မြှုပ်နှံထားရမည်ဟူသော စိတ်ဓါတ်မျိုးဝင်ရောက်ရန်ဆောင်ရွက်ရသောကြောင့် ဖြစ်ပါသည်။

ငါးနှစ်သားပြည့်မြောက်ခဲ့ပြီဖြစ်သော အသွင်သစ်ဖြင့်တဖန်မွေးဖွားလာခဲ့သည့် မြန်မာအမျိုးသားလေကြောင်းကိုဆိုခဲ့သလို အချိန်အား၊ လူအား၊ ငွေအင်အားများဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လှပသောပုံရိပ်တစ်ခုအဖြစ်ထုဆစ်ခဲ့ပြီဖြစ်ပါသည်။ လှမလှ ချောမချောဆိုသည်ကို အဆုံးအဖြတ်ခံရန် လူကြီးမင်းတို့ထံမှောက်အရောက်ပို့လိုက်ပြီဖြစ်ပါသည်။

# မြန်မာ့သင်္ဘောကျင်းလုပ်ငန်း



**ဦးခင်ဇော်**
ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမှတ်သည့်မူဝါဒရည်မှန်းချက်လုပ်ငန်းစဉ်များနှင့်အညီ ရေယာဉ်တည်ဆောက်ရေးနှင့်ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ Classification အဖွဲ့အစည်းများ၏စစ်ဆေးမှုကိုခံယူပြီး ဆောင်ရွက်ရသောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၁၉၇၀ ခုနှစ်မှစတင်ပြီးနိုင်ငံပိုင် သင်္ဘောကျင်းတစ်ခုအဖြစ်စတင်ဖွဲ့စည်းထူထောင်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

၁၉၇၆ ခုနှစ်မှစတင်ပြီး စီးပွားရေးဆန်ဆန်စတင်ဆောင်ရွက်ခဲ့ပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများအားပြည်တွင်းပြည်ပရေယာဉ်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၉၇၀ မှ ၂၀၁၈ ဘဏ္ဍာရေးနှစ်ဩဂုတ်လအထိရေယာဉ်သစ် (၅၂၈)စီးတည်ဆောက်ပေးခဲ့ပြီး ရေယာဉ် (၁၅၉၆)စီး ပြင်ဆင်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ ရေယာဉ်(၁၅)စီးအားတန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်းတွင် လွှန်းတင်ပြီးပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ လုပ်ငန်းအပ်နှံသော 400 Ton Working Barge (၃)စီးတို့ကိုလည်းတည်ဆောက်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဦးတည်ဆောင်ရွက်လျက်ရှိသည်နှင့် အညီရေယာဉ်ပိုင်ရှင်များမှ ရေယာဉ်ပေးပို့နိုင်မည့်အခြေအနေအပေါ် မူတည်၍ရေယာဉ်ပိုင်ရှင်များနှင့် ညှိ



MV. Dawei ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



ရာမည ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



ဆလက-၀၁၀ ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



MV ရွှေပိုင်ဖြိုးရေ ယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



RV Road To Mandalay ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



RV ပေါ်တွဲ ၂၀၁၄ ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



RV ပေါ်တွဲ ၂၀၁၂ ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



MY. Drenec ရေယာဉ်အား လွှန်းတင်ပြင်ဆင်နေပုံ



400 Ton Working Barge (၃)စီးအား တည်ဆောက်ပြီးစီး၍ ရေလုံကန်အတွင်း ရောက်ရှိနေပုံ

မူလက လှော်လမ်းသုံးလွှန်းကျင်းသာရှိခဲ့ပြီး တန်ချိန် ၂၀၀၀အထိသာ ရေယာဉ်များတည်ဆောက်ပြင်ဆင်နိုင်ရာမှ ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတည်ဆောက်ပြီးစီးခဲ့သည့် အချိန်မှစ၍ရန်ကုန်မြစ်အတွင်းဝင်ရောက်နိုင်သည့် ရေယာဉ်ကြီးများအားလွှန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ပါသည်။

၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍နိုင်ငံတော်ဘဏ္ဍာရံပုံငွေပြင်ပမှ ရပ်တည်ဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry JSC နှင့် အကျိုးတူပူးပေါင်း၍ Myanma Shipyarsd -Dong A Joint Venture Company Limited ထူထောင်နိုင်ရေးအတွက် ဖက်စပ်သဘောတူစာချုပ်ကို ၃၁-၁-၂၀၁၅ ရက်နေ့တွင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ပြီးနောက် ၁-၁၀-၂၀၁၅ ရက်နေ့မှစတင်ပြီး Myanma Shipyards-Dong A Joint Venture Company Limited မှ လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ Steel Structure ထုတ်လုပ်ရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ AMECC Mechanical Construction JSC မှပါဝင်ထည့်ဝင်ရင်းနှီးမြှုပ်နှံခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြဆောင်ရွက်ခဲ့ပြီး ဖက်စပ်ကုမ္ပဏီအမည်အားလည်း Myanma Shipyards-AMECC Joint Venture Company Limited ဟုပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

ဖက်စပ်ကုမ္ပဏီအနေဖြင့်လည်း ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ မြစ်ကူးတံတားတည်ဆောက်ရေး လုပ်ငန်းများ၊ ရထားတံတားတည်ဆောက်ရေး လုပ်ငန်းများအားလုပ်ငန်းရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအား စီးပွားရေးဆန်ဆန်ဖြင့်နိုင်ငံတော်ဘဏ္ဍာရံပုံငွေပြင်ပမှ ရပ်တည်သည့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆက်လက်ရပ်တည်ပြီးကော်ပိုရေးရှင်းဥပဒေ ထွက်ရှိလာသည့်အခါ ကော်ပိုရေးရှင်းအသွင်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်စစ်ဆေးရေးအဖွဲ့အစည်းများ၏ ကျေနပ်လက်ခံမှုရရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

နှိုင်းကာ ပြင်ဆင်ရေးလုပ်ငန်းများရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင်ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းအနေဖြင့်လည်းအလျားပေ ၂၀၀အထိ ရေယာဉ်များတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်သည့်နေရာတွင် ရေယာဉ်များတည်ဆောက်နိုင်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ဖက်စပ်ကုမ္ပဏီထူထောင်၍ ရေယာဉ်တည်ဆောက်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နေသည့်အပြင်နိုင်ငံတော်ဘဏ္ဍာရံပုံငွေပြင်ပမှ မိမိဘာသာရပ်တည် ဆောင်ရွက်နေပြီဖြစ်သဖြင့် လျာထားသည့်ရှေ့လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ် ဝိုင်းတော်သားများ



**ဦးနီအောင်**
(စီမံခန့်ခွဲရေးအရာရှိ)

ငွေစာရင်းအရာရှိ




စာတည်း(ပို့ဆောင်ရေး)



သတင်းထောက်ချုပ်






သတင်းနှင့် သရုပ်ဖော်

အပေါင်းလက္ခဏာ ဆောင်သော ဌာန၊ ဝန်ထမ်း၊
ပြည်သူတို့အကြား နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှု
တည်ဆောက်နိုင်သော စာပေစင်မြင့်တစ်ခု
ဖြစ်စေချင်ပါသည်။ ကြိုးစားကြပါစို့။

ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး)

အုပ်ချုပ်ရေးအရာရှိ



**မောင်ကြိုင်နာ**
(စာတည်းမှူးချုပ်)





စာစီစာရိုက်နှင့် ရုံးအဖွဲ့

ဒီဇိုင်း




လက်ထောက်ဒီဇိုင်း






# ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် စာမူများရေးသားပေးပို့ခဲ့ကြသော စာပေပညာရှင်များ

( ၂၀၁၇ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၈ခုနှစ် ဩဂုတ်လအထိ )


သန့်စင်မောင်


ဝင်းမြင့် (IQwin)


မိုးပန်းမွှန်


ယုဒါ


ဇော်ငြိမ်းဦး (MPA)


ကျော်လွင်ဦး (မိုး/လေ)


အေးလွင် (MPA)


ဒေါက်တာ မျိုးငြိမ်းအေး


နှင်းဆီတို


ဒွေးဒွေးသန်း


ဦးလတ်


မေသက်ပိုင်

**ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။**




telenor
တစ်ပတ်သုံး
၄၀၀ကျပ်
၅၀မိနစ်
စိတ်ကြိုက်ပြော
ရယူရန် *979*2*1# ကိုခေါ်ဆိုပါ
တယ်လီနော အချင်းချင်း


myanmar national airlines
Journey of a lifetime
HOTLINE +95 1 378603
CHARTER +95 1 379472
Call Center
(+95) 01-377840, 01-377841, 01-377842, 01-377843,
01-378604, 01-378606, 01-378608, 01-378607, 01-373828
Travel Centre
104, Kanna Road, Kyauktada Township, Yangon, Myanmar
www.flymna.com
/MyanmarNationalAirlines


www.maiair.com
MAI
သက်တောင့်သက်သာရှိပြီး ခမ်းနားမှုများနှင့်
အထူးပိုမိုကောင်းမွန်သော MAI Business Class
Enjoy the luxurious and comfortable
setting of our Business Class...
A MEMBER OF KBZ GROUP


yangon airways
you're safe with us
Fly Direct To Mandalay
YANGON MANDALAY
07:30 - 08:55
MANDALAY YANGON
15:30 - 16:55
Daily Flight
Start From
53,000 MMK
78 USD
www.yangonair.com


MIP
မြန်မာစက်မှုဆိပ်ကမ်း
MYANMAR INDUSTRIAL PORT
CONTAINER TERMINAL & INLAND CONTAINER DEPOT
NO. 7/2 B, STRAND ROAD, AHLONE TOWNSHIP, YANGON, MYANMAR.
PH : 221416, 221418, 224539, 227091,229880. FAX : 221204, E-mail : mip@mipt.com.mm
CFS-BONDED WAREHOUSE & OFFICE


mytel
EMPOWER
Amazing Future Ahead
4G LTE
09690000966
Or dial 966


ASIA WORLD PORT TERMINAL
Connecting Sea Transport to Inland
ASIA WORLD PORT TERMINAL
Kwin Chaung Street, Alone Township,Yangon, Myanmar
Tel: +95-1-210601, 210747,211561, 212915, 212913, 221847 ( Ext:104 )


MANN
YADANARPON AIRLINES
Enjoy Royal Service!
www.airmyp.com
Find us on Facebook MannYadanarPonAirlines
MasterCard VISA MPU
Yangon Office
No.3, Thalarwaddy Street, 7th Mile, Mayangone Township.
Phone : (+95-1) 656969, Fax : (+95-1) 656998, Email : reservation@airmyp.com
Mandalay Office
No.9, 78th Street, Between 33rd & 34th Street, Chan Aye Thar Zan Township.
Tel : (+95-2) 67099, Fax : (+95-2) 67039